mgyoe.com

SAMPLE BOOK

မစိုးမြေ

# ဝတ္ထုတိုသဘောတရား
# ဝတ္ထုတိုဖန်တီးရေးသားမှုအတတ်ပညာ

2019.GRAPHIC DESIGN : KYAW MINN MOUNG

mgyoe.com

mgyoe.com SAMPLE BOOK

# မစိုးမြေ

## ဝတ္ထုတိုသဘောတရား

## ဝတ္ထုတိုဖန်တီးရေးသားမှုအတတ်ပညာ

ISBN 978-99986-52-29-3
K0517
9 789998 652293 >

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပထမအကြိမ် - စက်တင်ဘာလ၊ ၂၀၁၇ ခုနှစ်၊ စိုးမိုးလွင်မိသားစုစာပေ။

ဒုတိယအကြိမ် - အောက်တိုဘာလ၊ ၂၀၁၉ ခုနှစ်၊ ကံ့ကော်ဝတ်ရည်စာပေ။

တတိယအကြိမ် - မေလ၊ ၂၀၂၄ ခုနှစ်၊ ကံ့ကော်ဝတ်ရည်စာပေ။

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်းပုံနှိပ်တိုက် (၀၀၄၃၅)
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ် - ဦးမြင့်ခိုင်၊ ထွန်းသစ္စာ ပုံနှိပ်တိုက်(၀၀၀၃၈)
အမှတ် ၁၉-စီ၊ ၅၅ လမ်း(အလယ်)၊ ပုဇွန်တောင်မြို့နယ်။

မျက်နှာဖုံးပန်းချီ - ကျော်မင်းမောင်

တန်ဖိုး - ၁၅၀၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

မမိုးမြေ

# ဝတ္ထုတိုသဘောတရား
# ဝတ္ထုတိုဖန်တီးရေးသားမှုအတတ်ပညာ



mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

ဝတ္ထုတိုလေ့လာသူများအတွက် အားကိုးအားထား ကိုးကားစရာအဖြစ် ...

# မောင်ခင်မင်(ဓနုဖြူ)၏

# အမှာစာ

(ပထမအကြိမ်ပုံနှိပ်ခြင်းမှ)

## (၁)

ဝတ္ထုတို၊ ဝတ္ထုရှည်များကို ဝတ္ထုရေးဆရာများက ရေးဖွဲ့သည်။ ဝတ္ထုရေးဆရာများ ရေးဖွဲ့ထားသည့် ဝတ္ထုတို၊ ဝတ္ထုရှည်များကို စာပေပညာရှင်များက သုတေသနပြု၍ သုတေသနစာတမ်းများ၊ ကျမ်းများ ပြုစုသည်။ တက္ကသိုလ် မြန်မာစာဆရာများက ဝတ္ထုတို၊ ဝတ္ထုရှည်များနှင့် စာပေပညာရှင်များ ပြုစုထားသော ဝတ္ထုဆိုင်ရာ စာတမ်းများ၊ ကျမ်းများကို အကိုးအကားပြုလျက် တပည့်များအား သင်ကြားပို့ချပေးသည်။

ဝတ္ထုရေးဆရာ၊ စာပေသုတေသနပညာရှင်နှင့် တက္ကသိုလ်မြန်မာစာဆရာဟူသော ပုဂ္ဂိုလ်သုံးမျိုး၏ အလုပ်များသည် ဤသို့ ဤပုံ ဆက်စပ်မှု ရှိနေသည်။

ထိုပုဂ္ဂိုလ်သုံးမျိုးစလုံး၏ အဖွဲ့တွဲသန္တာန်သုံးမျိုး တစ်သားတည်းပေါင်းဖွဲ့နေသည့် ပညာရှင်အရေအတွက်မှာ များများစားစား မရှိပါ၊ ရှားပါးပါသည်၊ လက်ချိုး ရေတွက်၍ ရပါသည်။

ထိုသို့ လက်ချိုးရေတွက်၍ ရသော ပညာရှင်များတွင် ပါဝင်သူတစ်ဦးမှာ ကျွန်တော်၏ လုပ်ဖော်ကိုင်ဖက် မိတ်ရင်းဆွေရင်းဖြစ်သော 'မမိုးမြေ' ကလောင်အမည်ရှင် ပါမောက္ခ ဒေါက်တာဒေါ်ခင်သန်းဦး ဖြစ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK



မမိုးမြေနှင့် ကျွန်တော် သိကျွမ်း ခင်မင်ရသည်မှာ ၁၉၆၅ ခုနှစ်က ဆိုတော့ နှစ်ငါးဆယ်ကျော်ပါပြီ။ တက္ကသိုလ် မြန်မာစာ ဆရာ၊ ဆရာမများအဖြစ် ရှေ့ဆင့်နောက်ဆင့် အလုပ်ဝင်ကြပြီး လုပ်ဖော်ကိုင်ဖက်များ ဖြစ်လာကြသည်။ မမိုးမြေသည် ထိုစဉ်ကပင် အခြား ကလောင်နာမည်တစ်ခုဖြင့် တိုင်းရင်းမေဂျာနယ် စသည့် စာစောင်များတွင် ဝတ္ထုတိုများ ရေးနေပါပြီ။ နောက်တော့ 'မမိုးမြေ' ဆိုသော ကလောင်နာမည်ကို သတ်သတ်မှတ်မှတ်ယူပြီး ဝတ္ထုတို၊ ဝတ္ထုရှည်တွေ ဆက်ရေးသည်။ စာဖတ်ပရိသတ် အသိအမှတ်ပြုခံရသော ကလောင်နာမည်ပိုင်ရှင်အဖြစ် အောင်မြင်မှုရလာသည်။ တက္ကသိုလ်၊ ကောလိပ်များတွင် လှည့်လည် အမှုထမ်းရင်း လုပ်သက်ရင့်လာသည်နှင့်အမျှ ကလောင်သက်လည်း ရင့်လာသည်။ ၁၉၈၀ ကျော်ကာလက 'သစ္စာ'အမည်ဖြင့် မဂ္ဂဇင်းတစ်စောင် သူ ထုတ်တော့ ကျွန်တော့်ကို လစဉ် စာမူတောင်းသည့်အတွက် 'လူ့ပြည်မှာ အနေရဲစေဖို့' ပုံသေခေါင်းစဉ်ဖြင့် ရသစာတမ်းများ၊ ဆောင်းပါးများ ကျွန်တော် ရေးဖြစ်သည်။ ပုသိမ်တက္ကသိုလ်၊ မြန်မာစာဌာနမှာ ပါမောက္ခ၊ ဌာနမှူးအဖြစ် သူ အတော်ကြာကြာ အမှုထမ်းရစဉ် တပည့်များကို စာတော်အောင် လေ့ကျင့်ပေးသလို အနုပညာဗီဇရှိသော လူငယ်များ၏ ဝါသနာကို ပျိုးထောင်ပေးသည်။ ဇာတ်ဆရာလုပ်၍ စင်တင်ပွဲများ လုပ်ပေးသည်။ သီချင်းများ ကိုယ်တိုင် ရေးစပ်သည်။ သူ့တပည့်တွေက သူ့ကို မိခင်လို၊ အစ်မကြီးလို ချစ်ခင်လေးစားကြသည်။ ကျွန်တော် ရန်ကုန်တက္ကသိုလ်မှာ တာဝန် ယူရစဉ် ဝါရင့်ဆရာကြီး၊ ဆရာမကြီးများ သုတေသနပြု၍ ပါရဂူဘွဲ့ယူနိုင်သည့် အစီအစဉ် ပေါ်လာသည့်အတွက် သူ့ကို ပါရဂူသင်တန်းသူကြီးလုပ်ဖို့ တိုက်တွန်းတော့ သူ စိတ်ဝင်စားပြီး ကြိုးကြိုးစားစား သုတေသနပြု၍ ကျမ်းတင်သွင်းသည့်အတွက် ပါရဂူဘွဲ့ကို အောင်အောင်မြင်မြင် ဆွတ်ခူးနိုင်ခဲ့သည်။

သုတေသနနယ်ပယ်ဘက်သို့ အာရုံတိမ်းညွတ်ထားပြီး ဖြစ်သည့်အလျောက်စာပေ သုတေသနကျမ်းများ ပြုစုသည်။ ဝတ္ထုရှည်၊ ကဗျာ၊ ရသစာတမ်းဆိုင်ရာ သဘောတရား အတတ်ပညာကို သုတေသနပြုသည့် မမိုးမြေ၏ ကျမ်းများ တစ်အုပ်ပြီး တစ်အုပ် ပေါ်ထွက်လာသည်။ မြန်မာစာပေလေ့လာသူများအတွက် များစွာအထောက်အကူပြုသော ကျမ်းများဖြစ်သည်။ သူ အငြိမ်းစားယူပြီးတော့ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန ပါမောက္ခ ဌာနမှူး ဒေါက်တာအောင်မြင့်ဦး၏ မေတ္တာရပ်ခံ ဖိတ်ခေါ်ချက်အရ ပါရဂူအကြိုသင်တန်းများမှာ ဝတ္ထုဘာသာရပ် ပို့ချပေးသည်။ စာပေတည်းဖြတ်နှင့် ဖန်တီးမှု အတတ်ပညာ သင်တန်းမှာလည်း ဝတ္ထုဘာသာရပ်ကိုပင် ပို့ချပေးသည်။ ပါရဂူကျမ်းများ ကြီးကြပ်စိစစ်သည့် အလုပ်များကို ဆောင်ရွက်ပေးသည်။ မြန်မာနိုင်ငံ၊ ဝိဇ္ဇာနှင့်သိပ္ပံ ပညာရှင်အဖွဲ့တွင် အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် သူ့ကိုခန့်အပ်တာဝန်ပေးသည့် အတွက် ထိုတာဝန်ကိုလည်း ဆောင်ရွက်ရသည်။ အမျိုးသားစာပေဆု ရွေးချယ်ရေးအဖွဲ့မှာလည်း နှစ်အတော်ကြာကပင် ပါဝင် ဆောင်ရွက်ပေးလျက် ရှိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

စာပေဆိုင်ရာကျမ်းများ ရေးသား ပြုစုသကဲ့သို့ ဝတ္ထုတို၊ ဝတ္ထုရှည်များလည်း ရေးဖွဲ့နေဆဲ ဖြစ်သည်။သူ့ဇာတ်လမ်းကလေးများကို ရုပ်မြင်သံကြားအစီအစဉ်၊ ဘဝကြေးမုံ ဇာတ်လမ်းစုံလို ကဏ္ဍများမှာ ကြည့်ရသည်။

ယခု ‘ဝတ္ထုတို သဘောတရား၊ ဝတ္ထုတို ဖန်တီးရေးသားမှု အတတ်ပညာ’ အမည်ဖြင့် စာပေဆိုင်ရာ ကျမ်းတစ်စောင် ပေါ်ထွက်လာပြန်ပါပြီ။

## (၃)

ယခုဆိုလျှင် မြန်မာဝတ္ထုတို ပေါ်ပေါက်သည်မှာ နှစ်တစ်ရာကျော်ကျော် ရှိပါပြီ။ ထိုကာလ အတွင်း မြန်မာဝတ္ထုတိုများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာသည်။ ‘ဝတ္ထုတိုရွှေခေတ်’ ဟု ရည်ညွှန်းသည့် ကာလများလည်း ရှိသည်။ ဝတ္ထုတိုများ ပေါ်ထွန်းသကဲ့သို့ ဝတ္ထုတိုရေးဖွဲ့မှု အတတ်ပညာ နည်းနာများကို စူးစမ်းဖော်ထုတ်သည့် စာများလည်း အတော်အသင့် ပေါ်ပေါက်ခဲ့ပါသည်။

‘ခေတ်စမ်းပုံပြင်’ ခေါ် ‘ခေတ်စမ်းဝတ္ထုတိုများ’ ပေါ်ပေါက်ပြီးနောက် ‘ဣန္ဒနီ’ ကလောင်အမည်ရှင် ဦးဘသောင်းတင်က ‘ခေတ်စမ်းမြန်မာစကားပြေ အကဲခတ်နည်း’ ခေါင်းစဉ်ဖြင့် ဂန္ထလောကမဂ္ဂဇင်းတွင် ခေတ်စမ်းပုံပြင်များကို ဝေဖန်သည်၊ သုံးသပ်သည်။ ကိုလိုနီခေတ် စာနယ်ဇင်းများတွင်လည်း ဝတ္ထုတိုများကို ဝေဖန်သည့် စာများ တွေ့ရသည်။ လွတ်လပ်ရေးရပြီးနောက် ထင်ရှားသော စာအုပ်တစ်အုပ်မှာ ဆရာသာဓု၏ ‘သာဓုရေးနည်း’ ဝတ္ထုတိုများ ဖြစ်သည်။ မိမိရေးသည့် ဝတ္ထုအချို့ကို ဖော်ပြပြီး မည်သို့ ရေးကြောင်း တစ်ပုဒ် ချင်းကို အသေးစိတ် ရှင်းပြထားသည်မှာ စိတ်ဝင်စားစရာ ကောင်းသည်။ ဆရာတက်တိုးက ‘ကမ္ဘာကျော်ဝတ္ထုများနှင့် တက်တိုး၏ ရှင်းပြချက်’ ဟူသော ခေါင်းစဉ်ဖြင့် ကမ္ဘာကျော်ဝတ္ထု တိုအချို့ကို မြန်မာဘာသာပြန်ပြီး တစ်ပုဒ်ချင်းကို ဝေဖန်သုံးသပ်သည်။ ခင်နှင်းယု၏ ‘ကြေးမုံရိပ်သွင်’ ဝတ္ထုတိုပေါင်းချုပ် နိဒါန်းအဖြစ် အင်္ဂလိပ်စာပါမောက္ခ ဦးမျိုးမင်း ရေးသော ဝတ္ထုတိုသဘောတရား အတတ်ပညာအကြောင်းမှာလည်း လေ့လာသူများအတွက် များစွာ အကျိုးရှိပါသည်။ ဆရာမောင်ထင်၊ ဆရာကျော်အောင်၊ ဆရာအောင်သင်း စသည့် စာရေး ဆရာများကလည်း ဝတ္ထုတိုသဘောတရားအကြောင်းများ အလျဉ်းသင့်သလို ရေးကြ ပါသည်။ စာပေဗိမာန်က ကျင်းပသော ‘ဝတ္ထုတိုစာတမ်းဖတ်ပွဲ’ မှ စာတမ်းများမှာမူ ဝတ္ထုတို သမိုင်း၊ ဝတ္ထုတိုသဘောတရား စသည်တို့ကို ကိုယ်တိုင် ဝတ္ထုရေးနေသော ပညာရှင် စာရေး ဆရာများက ရေးသားထားသည့်အတွက် အကိုးအကားပြုရသော စာတမ်းများ ဖြစ်ပါသည်။ သတိမူမိသမျှ ခြေရာခံကြည့်ခြင်း ဖြစ်ပါသည်။

ယခု မမိုးမြေ၏ ‘ဝတ္ထုတို သဘောတရား၊ ဝတ္ထုတို ဖန်တီးရေးသားမှု အတတ်ပညာ’ တွင် ထင်ထင်ရှားရှား တွေ့ရသည့် အချက်မှာ မမိုးမြေသည် ဝတ္ထုတို သဘောတရားဆိုင်ရာ

mgyoe.com

mgyoe.com SAMPLE BOOK

အကိုးအကား ကျမ်းများကို လည်းကောင်း၊ လေ့လာသုံးသပ်ထားသည့် ဝတ္ထုတိုများကို လည်းကောင်း မျက်မှောက်ကာလအထိ အမီလိုက်၍ လေ့လာဖတ်ရှု ကိုးကားထားခြင်း ဖြစ်သည်။ ယခင် ပေါ်ထွက်ခဲ့သော စာအုပ်၊ စာတမ်းများမှသည် မျက်မှောက်ကာလ၊ မဝေး လွန်းသော နှစ်များတွင် ပေါ်ထွက်သော စာအုပ်၊ စာတမ်းများအထိ အကိုးအထောက်များကို အခြေခံ၍ ပြုစုထားခြင်း ဖြစ်သည့် အတွက် လေ့လာသူများ အသိအမြင်ပွားစရာ ဖြစ်သည် နှင့်အမျှ ဆက်လက် လေ့လာရမည့် လမ်းကြောင်းကို ထင်ထင်လင်းလင်း သတိပြုမိစရာ ဖြစ်ပါသည်။ စင်စစ်အားဖြင့် စာပေသဘောတရားနည်းနာများကို အင်္ဂလိပ်ဘာသာဖြင့် ရေးထားသည့် စာအုပ်၊ စာတမ်း အများအပြား ရှိသော်လည်း မြန်မာဘာသာဖြင့် ရေးထား သည့် စာအုပ်စာတမ်း ဟူ၍ များများစားစား မရှိသေးပါ။ မမိုးမြေသည် ရှေ့တွင် ဖော်ပြခဲ့ သည့် အတိုင်း 'တက္ကသိုလ် မြန်မာစာဆရာ' သက်သက်မျှသာ မဟုတ်ဘဲ ဝတ္ထုတိုများကို ဝါသနာအလျောက် မွေ့မွေ့လျော်လျော် ဖန်တီးရေးဖွဲ့သော 'ဝတ္ထုရေးဆရာ' ဘဝ၊ မြန်မာ စာပေကို သုတေသနပြု၍ ကျမ်းများ၊ စာအုပ်များ ပြုစုသော 'စာပေသုတေသနပညာရှင်' ဘဝတို့ကို နှစ်နှစ်သက်သက် ခံယူကာ မြန်မာစာပေလေ့လာမှုအတွက် အထောက်အကူပြု သော ဤကျမ်းအပါအဝင် ကျမ်းများကို ရေးသားပြုစုသည့် အတွက် များစွာ ဝမ်းသာကြည်နူး ရပါသည်။ ဆက်လက် ပြုစုနိုင်ပါစေဟုလည်း ဆန္ဒပြုပါသည်။

မောင်ခင်မင်(ဓနုဖြူ)
၁-၈-၂၀၁၇

mgyoe.com

mgyoe.com SAMPLE BOOK

# လမ်းညွှန်တန်ဆောင်

(ပထမအကြိမ်ပုံနှိပ်ခြင်းမှ)

စာရေးသူ ဆရာမကြီး ဒေါက်တာခင်သန်းဦး(မမိုးမြေ)သည် ဝတ္ထုစာပေ၌ မွေ့လျော်သည်။ ဝတ္ထုတို၊ ရှည် မြောက်မြားစွာနှင့် ရင်းနှီးကျွမ်းဝင်သည်။ တာဝန်အရ တက္ကသိုလ် ဘွဲ့ကြို ဘွဲ့လွန်သင်တန်းများ သင်ကြားရသောအခါ ဝတ္ထုအတတ်ပညာတွင် ပို၍ အသေးစိတ် လေ့လာသည်။ လေ့လာမှုကို နိုင်ငံတကာစာပေဖြင့် ခိုင်မာစေသည်။

ဝတ္ထုစာပေနှင့် အထိအတွေ့များသော ဆရာမသည် ပရိသတ်အတွက်၊ တပည့်များအတွက် ပညာမျှဝေလိုသောအခါ ဝတ္ထုပညာနှင့် ပတ်သက်သော စာတစ်အုပ်ပြီး တစ်အုပ် ဖော်ထုတ်လာသည်။ ဝတ္ထုသဘောတရား၊ ဝတ္ထုအတတ်ပညာကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေလာနိုင်သည်။

ဆရာမသည် 'ဝတ္ထုရှည်သဘောတရား၊ ဝတ္ထုရှည်အတတ်ပညာ' စာအုပ်ကို ၂၀၀၉ ခုနှစ်က ပထမအကြိမ်အဖြစ် ဖြန့်ချီနိုင်ခဲ့သည်။ နောက်ထပ်လည်း ဒုတိယအကြိမ် ပုံနှိပ်ရအောင် လူကြိုက်များသော စာအုပ် ဖြစ်သည်။ ဝတ္ထုပညာပိုင်းအတွက် ဂုဏ်ယူဖွယ် ဖြစ်သည်။

ယခု တစ်ဖန် ဝတ္ထုတိုအကြောင်း ရေးသား ထုတ်ဝေလိုက်ပြန်သည်။ 'ဝတ္ထုတို သဘောတရား၊ ဝတ္ထုတို ဖန်တီးရေးသားမှု အတတ်ပညာ' ခေါင်းစဉ်တပ်ထားသည်။ တက္ကသိုလ် အသိုင်းအဝိုင်းသာမက တက္ကသိုလ်ပြင်ပ စာပေသမားများအတွက်ပါ ရည်ရွယ် ကြောင်း ထင်ရှားသည်။ ဝတ္ထုတို ဖန်တီးလိုသူ ဝါသနာရှင်များအတွက် အလေးထားရသည့် စာအုပ် ဖြစ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဆရာမသည် ဦးစွာ ရသစာပေသဘော၊ ဝတ္ထုတိုသဘော၊ ဖန်တီးမှု အတတ်ပညာသဘော၊ ဝတ္ထုတိုသမိုင်းများကို မိတ်ဆက် ရှင်းပြသည်။ ပြီးမှ ဝတ္ထုအတွက် အရေးပါသည့် ရည်ရွယ်ချက်၊ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလ၊ ဒေသနောက်ခံ၊ ရေးဟန်သဘောများကို ရှင်းပြသည်။ ခေါင်းစဉ်တိုင်းအတွက် ဖန်တီးရေးသားမှု အတတ်ပညာပိုင်းကို ပေါ်လွင်အောင် ဖော်ကျူးထားသည်။

ထိုသို့ ဖော်ကျူးရာတွင် မြန်မာဝတ္ထုတို အမြောက်အမြားကို သာဓကဆောင် ထုတ်နုတ် ရှင်းပြထားသဖြင့် ကိုယ်တိုင် မဖတ်ဖူးသေးသော ဝတ္ထုတော်တော်များများ၏ သဘောကို သိလာရသည်။ ကျေးဇူးကြီးလှပါသည်။

ခြေခြေမြစ်မြစ် ရှိစေရန် အထောက်အထားများလည်း ဝေဝေဆာဆာ ဖော်ပြထားသည်။ ခေတ်မီဆန်းသစ်စေရန် အင်တာနက် အကိုးအကားများကိုလည်း မူရင်းအတိုင်း ထုတ်နုတ် ပြန်ဆို ဖော်ပြထားသဖြင့် သုတေသီတို့အတွက် အကျိုးများလှသည်။ ဝတ္ထုတို ဘာသာရပ်ကို ပိုင်နိုင်စွာ သိလာစေရုံမျှမက ကိုယ်တိုင် ဖန်တီး ရေးဖွဲ့လိုသူများအတွက်လည်း နည်းပေးလမ်းညွှန် အဖြစ် အသုံးတည့်ပါသည်။

အထူးသဖြင့် ဤစာအုပ်သည် ဝတ္ထုပညာရပ် လေ့လာဆည်းပူးနေသူများအတွက် ချုပြီးခပ်ပြီး အဆင်သင့်သုံးဆောင်နိုင်သကဲ့သို့ ဆက်လက် သုတေသနလုပ်လို သူများအတွက်လည်း လမ်းညွှန်တန်ဆောင် ဖြစ်သည်ဟု ဆိုချင်ပါသတည်း။

ပါမောက္ခဒေါက်တာအောင်ဇော်
၁–၈–၂၀၁၇

mgyoe.com

mgyoe.com SAMPLE BOOK

# စာရေးသူ၏ အမှာစာ

## (ပထမအကြိမ်ပုံနှိပ်ခြင်းမှ)

'ဝတ္ထုတိုသဘောတရား၊ ဝတ္ထုတိုဖန်တီးရေးသားမှု အတတ်ပညာ' စာအုပ်သည် ပါရဂူကျမ်း မဟုတ်ပါ။ ၂၀၀၉ ခုနှစ်တွင် ထုတ်ဝေခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ထပ်မံ ထုတ်ဝေခဲ့သည့် 'ဝတ္ထုရှည်သဘောတရား၊ ဝတ္ထုရှည်အတတ်ပညာ' စာအုပ်မှာမူ ကျွန်မ၏ ပါရဂူဘွဲ့အတွက် တင်သွင်းခဲ့သော ကျမ်းကို ပြန်လည် ပြုပြင် ရေးသားထားသော စာအုပ် ဖြစ်ပါသည်။ 'ဝတ္ထုရှည်သဘောတရား၊ ဝတ္ထုရှည်အတတ်ပညာ' စာအုပ်ကို ထုတ်ဝေပြီးစဉ်ကပင် ဝတ္ထုတို သဘောတရား စာအုပ်ကို ရေးရန် ရည်ရွယ်ချက် ရှိခဲ့ပါသည်။

'ဝတ္ထုတို သဘောတရား၊ ဝတ္ထုတို ဖန်တီးရေးသားမှုအတတ်ပညာ' စာအုပ်ကို တက္ကသိုလ်များ၌ ဝတ္ထုသင်ကြားနေကြသော ဆရာ၊ ဆရာမများ၊ အတန်းအလိုက် စာတမ်း၊ ကျမ်းများကို ဝတ္ထုတိုများကို လေ့လာ၍ ပြုစု တင်သွင်းနေကြသော ဆရာ၊ ဆရာမများ၊ အတန်းအလိုက် စာတမ်း၊ ကျမ်းများကို ဝတ္ထုတိုများကို လေ့လာ၍ ပြုစု တင်သွင်းနေကြသော ကျောင်းသား၊ ကျောင်းသူများ၊ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာနတွင် ဖွင့်လှစ်ထားသည့် စာပေဖန်တီးမှုနှင့် တည်းဖြတ်မှု ဒီပလိုမာ သင်တန်းသားများ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းက နှစ်စဉ် ကြီးမှူး ဖွင့်လှစ်ပေးနေသော စာရေးနည်း သင်တန်းသားများနှင့် ဝတ္ထုရေးသားလိုသူ စာပေဝါသနာရှင်များကို ရည်ရွယ်၍ ရေးသားခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်မအနေနှင့် ၁၉၆၆ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ အနှစ် ၄၀ တိတိ တက္ကသိုလ်၌ မြန်မာစာဆရာမအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ နည်းပြဆရာမဘဝ နစဉ်ကပင် ပညာရေးတက္ကသိုလ်၌ မှာတော်ပုံဝတ္ထုကို သင်ခဲ့ပါသည်။ လက်ထောက်ကထိက ဘဝမှ

mgyoe.com

mgyoe.com SAMPLE BOOK

စ၍ ပါမောက္ခအဖြစ်မှ အငြိမ်းစားယူသည်အထိ ပါရာယန၊ ဝေသန္တရာ အပါအဝင် ရှေးဝတ္ထု၊ ခေတ်ဝတ္ထုများကို သင်ကြား ပို့ချခဲ့ပါသည်။ အငြိမ်းစားယူပြီး ဆယ်နှစ်ကျော် အတွင်း၌လည်း ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာနတွင် ပါရဂူအကြိုတန်း၌ ဝတ္ထုရှည်၊ ဝတ္ထုတိုများကို သင်နေဆဲ ဖြစ်ပါသည်။ ကိုယ်တိုင်လည်း ဝတ္ထုရှည်အပုဒ် ၇၀ ကျော် ရေးသားခဲ့ပါသည်။ ဝတ္ထုတိုများမှာမူ ယနေ့တိုင် ရေးသားနေဆဲ ဖြစ်ပါသည်။ ကျွန်မသည် စာပေသဘောတရား စာအုပ်များကို ဆက်လက် ရေးသား ထုတ်ဝေနိုင်ခြင်းမှာ အငြိမ်းစား ယူပြီးသော်လည်း စာပေ သင်ကြားခြင်းနှင့် အဆက်မပြတ်ခဲ့သောကြောင့် ဖြစ်ပါသည်။ ပါရဂူအကြိုတန်းကို သင်ကြားခြင်း၊ ပါရဂူကျမ်းပြုသူများကို ကြီးကြပ်ခြင်း တာဝန်များ ကြောင့် စာပေများကို ဆက်လက် လေ့လာဖြစ်ခဲ့ပါသည်။ ထိုသို့ ပါရဂူအကြိုတန်းတွင် သင်ကြားရန် အခွင့်အရေး ပေးခဲ့ကြသော ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန ပါမောက္ခ ဒေါက်တာခင်ဆန်းဦး(ငြိမ်း) နှင့် ပါမောက္ခ ဒေါက်တာအောင်မြင့်ဦးတို့အား ကျေးဇူးတင် ရှိပါသည်။

ကျွန်မ၏ စာအုပ်များ ထုတ်ဝေတိုင်း အမှာစာ လှိုက်လှိုက်လှဲလှဲ ရေးပေးကြသော ရောင်းရင်းမိတ်ဆွေများ ဖြစ်ကြသည့် ဆရာကြီး ပါမောက္ခဒေါက်တာခင်အေး(မောင်ခင်မင်၊ ဓနုဖြူ)နှင့် ဆရာကြီး ပါမောက္ခ ဒေါက်တာအောင်ဇော်တို့အားလည်း ကျေးဇူးတင်ရှိ ပါသည်။

စာရေးနိုင်သော်လည်း ထုတ်ဝေခြင်း၊ ဖြန့်ဝေခြင်းများကို မစွမ်းဆောင်နိုင်၍ ငြိမ်သက်နေရသည့် ဆရာမကြီး၏ ခံစားမှုကို နားလည်ပြီးလျှင် ဆရာမ၏ဆန္ဒ ပြည့်ဝ စေရန် စုဆောင်းငွေများကို ထုတ်၍ ရဲရဲကြီး အားပေးကာ ရဲရဲကြီး ထုတ်ဝေပေးခဲ့သော တပည့် ဒေါက်တာစိုးလွင်၏ ကျေးဇူးမှာ မေ့နိုင်ဖွယ် မရှိပါ။ ဒေါက်တာစိုးလွင်၏ ပါရမီ ဖြည့်ဖက် ဒေါ်ခင်မိုးကြည်ကိုလည်း ကျေးဇူးတင်ပါသည်။

ငြိမ်ငြိမ်မနေလိုသော်လည်း မစွမ်းသာ၍ ငြိမ်နေရသည့် ကျွန်မ၏ဘဝကို ရှင်သန် နိုးကြားနေအောင် ဝိုင်းဝန်း ကူညီ ဖြည့်ဆည်းပေးခဲ့ကြသော မိတ်ဆွေကောင်းများ၊ တပည့် ကောင်းများနှင့် ပတ်ဝန်းကျင်ကောင်းများကို အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် အပ်ပါသည်။

မမိုးမြေ

mgyoe.com

mgyoe.com SAMPLE BOOK

## ၁။ ရသစာပေသဘော

ဝတ္ထုတိုသည် ရသစာပေအဖွဲ့ပုံသဏ္ဍာန်တွင် ပါဝင်ပါသည်။ ဝတ္ထုတိုကို ဖန်တီးရေးဖွဲ့ရာ၌ ရသသဘောနှင့် ကင်း၍ မရပေ။ အရှေ့တိုင်း သက္ကတစာပေပညာရှင်တို့က ရသဟု ခေါ်ဝေါ်ပြီး အနောက်တိုင်း စာပေပညာရှင်တို့ကမူ အလှဟု သတ်မှတ်သည်။ အလှ၏သဘောမှာ ပညာပင် ဖြစ်သည်။ ပညာ၏ သဘောမှာ အမှန်တရား ဖြစ်သည်။

ရသစာပေနှင့်ပတ်သက်၍ ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်က–

'စာပေနှင့် အနုပညာနယ်တွင် အလှ ဟူသော စကားကို သုံးလာကြသည်မှာ မကြာသေးပါ။ ရှေးကတော့ ကောင်းသည်၊ ရသပေါ်သည်၊ ဂုဏ်မြောက်သည်၊ ဤသို့သာ သုံးကြသည်။ အနောက်တိုင်းစာပေများကို ဖတ်လာကြသော အခါ အလှ ဟူသော စကားနှင့် ကျွန်တော်တို့ ရင်းနှီးလာကြသည်'၁

ဟု ဆိုမိန့်ခဲ့ပါသည်။

ဒဂုန်တာရာကမူ–

"အနုပညာဘာသာရပ်ကို ရသဗေဒ(သို့) ခံစားမှုဗေဒ(သို့) အလှဗေဒ စသည်ဖြင့် ခေါ်ကြသည်။ ယင်းစကားလုံးတို့၏ ပင်ရင်းအဓိပ္ပာယ်အားလုံးမှာ တစ်ခုတည်းပင် ဖြစ်သည်" ၂

ဟု ဆိုခဲ့ပါသည်။

အထက်ဖော်ပြပါ ဆရာကြီးနှစ်ဦး၏ အဆိုအမိန့်များကြည့်လျှင် ရသစာပေကောင်းသည် စာဖတ်သူအား နှစ်သက်ခြင်းဆိုသည့် ရသခံစားမှုကို ပေးနိုင်ရမည်။

၁။ (ဘုန်းနိုင်)တက္ကသိုလ်၊ ၁၉၉၄၊ စာ-၁၆။
၂။ တာရာ(ဒဂုန်)၊ ၂၀၀၄၊ စာ-၁၂၁။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုသို့ ပေးနိုင်ရန်အတွက် စာရေးသူ၏ အပိုင်းမှ ခံစားမှုအလှ၊ စိတ်ကူးအလှ၊ စာပေဖွဲ့စည်းပုံအလှ၊ ရေးဟန်အလှတို့ကို ပေါ်အောင် ရေးနိုင်ရမည် ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုသော် စာဖတ်သူ၏ စိတ်၌ ကြည်နူးသာယာမှု၊ နှစ်သက်မှု စသည့် စိတ်ခံစားမှုများ ဖြစ်ပေါ်လာအောင် ပေးစွမ်းနိုင်သည့် စာပေမျိုး ဖြစ်ရမည် ဖြစ်ပါသည်။ ရသစာပေပညာရှင် တို့အနေနှင့် မည်သည့် အကြောင်းအရာကို ရေးသည် ဖြစ်စေ လောက၏ အလှစစ်၊ အလှတရားတို့ကို ရှာဖွေ၍ အနုပညာဂုဏ်မြောက်အောင် ရေးဖွဲ့နိုင်ရမည်ဟု ဆိုလိုပါသည်။ စာဖတ်သူတို့၏ စိတ်၌ ကြည်နူးနှစ်သက်ဖွယ် အလှတရားတို့ဖြင့် ပြည့်လျှံလာအောင် ဖန်တီး ရေးသားရမည်ဖြစ်ပါသည်။ စာရေးသူသည် လောက၌ ဖြစ်ပျက်နေသော အကြောင်းအရာ အဖြစ်အပျက်တို့ကို ရေးရာတွင် အရှိကိုအရှိအတိုင်း ရေးခြင်းထက် အကောင်းဘက်၊ အလှဘက်သို့ ရေးဖွဲ့လိုသော စေတနာ ရည်ရွယ်ချက် အလေးကဲကာ စိတ်ကူးအလှ၊ ပုံသဏ္ဌာန်အလှများဖြင့် ပေါင်းစပ်ခြယ်မှုန်း ရေးဖွဲ့သင့်ပါသည်။

စာပေ(သို့) အနုပညာ တစ်ရပ်ရပ်မှရရှိသော ရသခံစားမှု သည် အလွန်သိမ်မွေ့ပြီးလျှင် ခံစားမှုမှတစ်ဆင့် စာဖတ်သူ၏ အတွေးအသိဆီသို့ တိုးဝင် ရောက်ရှိလာကာ အတွေးအခေါ်ကို ရင့်ကျက်လာစေသည်၊ နှလုံးသားကို နူးညံ့သိမ်မွေ့လာစေသည်။ လောဘ၊ ဒေါသ၊ မောဟစိတ်တို့ ကင်းစင်စေပြီးလျှင် မေတ္တာတရားကို တိုးပွားလာစေပါသည်။ အတ္တစိတ်လျော့ပါးပြီး ပရဟိတစိတ်များ ပွားများလာစေပါသည်။ အမှန်တရားကို ချစ်မြတ်နိုးစိတ်များ ကိန်းအောင်း လာစေပါသည်။ ထိုနည်းဖြင့် လောကကို ရသစာပေဖြင့် အလှဆင်ခဲ့ကြသည်ဟု ဆိုရပါမည်။

ဆရာဇော်ဂျီ၏ ရသစာပေအကြောင်း ရေးဖွဲ့ခဲ့သော စာအုပ်များနှင့် ပတ်သက်၍ မောင်ခင်မင်(ဓနုဖြူ)က–

"ဆရာဇော်ဂျီ၏ စိတ်ဉာဏ်ဖြင့် ဖန်တီးထားသော စာပေကို ရသစာပေဟု အမည်ပေးပြီး စိတ်ကိစ္စဖြစ်သော အလွန် သိမ်မွေ့လှသည့် ရသသဘောကို အကျယ်တဝင့် ဖော်ထုတ်ထားကြောင်း ရသစာပေအဖွင့်နှင့် နိဒါန်းစာအုပ်က သက်သေခံနေသည်" ၁

ဟု ဆိုထားပါသည်။ ရသစာပေကို ဖန်တီးရာတွင် စာရေးသူကိုယ်တိုင်၌ စိတ်အလှ ရှိရမည်။ စိတ်ကောင်း၊ စေတနာကောင်း မွေးမြူရမည်။ ထိုစိတ်ကောင်း၊ စိတ်အလှတို့ကို အခြေခံ၍ အမှား၊ အမှန်ကို ခွဲခြားသိမြင်တတ်သော အသိတရား တိုးပွားရင့်ကျက်လာစေမည့် စာပေများကို ရေးကြရမည်။ စာဖတ်သူ၌ လောကအမြင် ရင့်ကျက် ထက်မြက်လာစေရမည်။ ထိုအကြောင်းများကို ဆရာဇော်ဂျီက ရသစာပေအဖွင့်နှင့်နိဒါန်း စာအုပ်တွင်–

"ဤနေရာ၌ စေတနာ ဆိုသည်မှာ စာရေးဆရာ၏ မေတ္တာ၊ ကရုဏာ၊ စေတနာ၊ အကျိုးကို လိုလားခြင်း စေတနာ၊ အမှန်ကိုလိုလားခြင်း စေတနာ၊ အမှားကို မလိုလားခြင်း စေတနာ၊ တရားသည်ကို လိုလားခြင်း စေတနာ၊ မတရားသည်ကို မလိုလားခြင်း စေတနာ

၁။ ခင်မင်၊ မောင်(ဓနုဖြူ)၊ ၁၉၉၇၊ စာ–၁၇။

mgyoe.com

mgyoe.com
SAMPLE BOOK
စသည်ဖြင့် ထိုကဲ့သို့သော စိတ်ဓာတ်မျိုးကို ဆိုလိုပါသည်။

စေတနာသည် ပဲ့ကိုင် ဖြစ်သည်။ စေတနာထားအပ်သော အရာသည် ပန်းတိုင် ဖြစ်သည်။ ထိုပန်းတိုင်ကို စေတနာက ပဲ့ကိုင်ပေးသည့်အတိုင်း စိတ်ကူးဉာဏ်က စာရေးဆရာ ၏စာကို အရောက် လှော်ပို့တတ်သည်ဟု ယူသော် ရသင့်ပါသည်" ၁

ဟု တင်ပြထားပါသည်။

အဆိုပါ ဖော်ပြချက်အရ ဆိုလျှင် စာပေသည် လူ့စိတ်၊ လူ့သဘောထားကို အမှားမှ အမှန်သို့၊ အယုတ်မှ အမြတ်သို့ ပြုပြင်ပြောင်းလဲပေးနိုင်စွမ်း ရှိသည်။ သို့မှသာ စာပေ့ တာဝန် ကျေပွန်သည်ဟု ဆိုရပါမည်။ ထိုသို့ ကျေပွန်ရန်အတွက် စာရေးဆရာ၌ တာဝန် ရှိပါသည်။ ထိုတာဝန်ကို သိရန်အတွက် စာရေးဆရာကိုယ်တိုင်၌ အမှန်တရားကို လိုလားခြင်း ဆိုသည့် စိတ်ကောင်း၊ စိတ်မြတ် ရှိရမည် ဖြစ်ပါသည်။

ထိုစာပေတာဝန်နှင့် ပတ်သက်၍ ဗန်းမော်တင်အောင်က–

'ချောက်ကမ်းပါးများ များပြားလှသော ဤကမ္ဘာမြေပြင်၌ မျက်မမြင် တစ်ဦး က အခြား မျက်မမြင်များအား ရှေ့ဆောင်လမ်းပြနေခြင်းသည် ဖြစ်နိုင်ပါမည်လား' ၂

ဟု ဆိုခဲ့ပါသည်။

ဆိုလိုသည်မှာ လူသားတို့သည် လောဘ၊ ဒေါသ၊ မောဟ၊ မာနတို့ ဆိုသည့် စိတ်ယုတ်၊ စိတ်ညံ့များ ထူပြောလှသည်။ ထိုစိတ်များ ထူပြောသော လောကသည်လည်း ဘဝကို ပျက်စီးစေသည့် ချောက်ကမ်းပါးများ ထူပြောလှသည်။ လူသားတို့မှာလည်း လောဘ၊ ဒေါသ၊ မောဟ၊ အတ္တ၊ မာနတို့ကြောင့် အမှောင်လွှမ်းနေသည်။ အမှန်တရားကို မမြင်နိုင်သည့် မျက်ကန်းများ ဖြစ်နေကြသည်။ ထိုသူတို့အား ရှေ့ဆောင် လမ်းပြရမည့် စာရေးသူကိုယ်တိုင်က အမှန်တရားကို မမြင်နိုင်သူ၊ စိတ်ကောင်းစိတ်မြတ်ရှိသူ မဖြစ်လျှင် သူ့စာများသည် လောကကို အကျိုးမပြုနိုင်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

စာပေ၏တာဝန် ဆိုရာ၌ စာပေသည် လူသားတို့အား မိမိကိုယ်မိမိ ပြန်၍ မြင်နိုင်စွမ်း ရှိရမည်။ မိမိ ကိုယ်ကို ယုံကြည်မှု ရှိစေရမည်။ လူသားတို့၏ စိတ်အတွင်း၌ ကိန်းအောင်းနေသောလောဘ၊ဒေါသ၊မောဟ၊အတ္တ၊မာနစသည့်စိတ်အညစ်အကြေးများကို ပယ်ရှားပေးနိုင်ရမည်။ လူသားတို့အား မေတ္တာတရားကို တိုးပွား ပွားများလာစေရမည်။ အများအကျိုးကို ဆောင်ရွက်လိုသော စိတ်ဓာတ်များ တိုးပွားလာစေရမည်။ အတ္တစိတ်များ လျော့ပါးလာစေရမည်။ 'အမှန်တရားကို ပြောရဲဆိုရဲ၊ လုပ်ကိုင်ရဲသော စိတ်များ ကိန်းအောင်း လာစေရမည်' ၃

ဟု ဗန်းမော်တင်အောင်က ဆိုခဲ့ပါသည်။

ကမ္ဘာကျော်စာရေးဆရာကြီး ဟာန်နရီဂျိမ်းကလည်း–

---

၁။ ဇော်ဂျီ၊ ၂၀၀၄၊ စာ–၂၇၄။

၂။ တင်အောင်၊ ဗန်းမော်၊ ၁၉၇၃၊ စာ–၄၄။

၃။ တင်အောင်၊ ဗန်းမော်၊ ၁၉၇၃၊ စာ–၄၄ ။

mgyoe.com

mgyoe.com
SAMPLE BOOK

'ရသစာပေကောင်းသည် စိတ်၏အညစ်အကြေးများကို သန့်ရှင်းပေးနိုင်ရမည်။ လောကဣ ရှုပ်ထွေးနေသော်လည်း ဝတ္ထုတွင်း၌မူ သန့်စင်နေရမည်' ဟု ဆိုခဲ့ပါသည်။

ရသစာပေဖန်တီးမှုတွင် ရသမြောက်ခြင်း၊ အလှပေါ်ခြင်းဆိုရာ၌ အဓိက ကျသော အချက်မှာ လောက၏ အမှန်တရားကို ဖော်ထုတ်လမ်းညွှန်ခြင်းပင် ဖြစ်သည်။

ထိုသဘောကို တက္ကသိုလ်ဘုန်းနိုင်က–

'ကဗျာ ဟူသည် အလှစစ်ကိုသာ ရေးရမည်။ အလှစစ် ဆိုသည်မှာလည်း ကောင်းခြင်း ဖြစ်သည်။ ကောင်းခြင်း၊ မြတ်ခြင်း ဆိုသည်မှာလည်း အမှန်တရား(ဝါ)ပညာ ဖြစ်သည်။ ဖီလိုဆိုဖီသာ ဖြစ်သည်။ ထို့ကြောင့် ဖီလိုဆိုဖီသာလျှင် ကဗျာစစ်၊ ကဗျာမှန်၊ ကဗျာကောင်း။ ကဗျာဆရာအစစ်၊ ကဗျာဆရာအမှန်၊ ကဗျာဆရာကောင်း ဆိုသည်မှာလည်း ဖီလိုဆိုဖီသာ ဖြစ်သည်။ အမှန်တရား(ဝါ)ပညာ ဆိုသည်မှာလည်း အာရုံသိသဘောလွန် အစစ်အမှန်တည်း'[၁]

ဟု ရှင်းလင်း တင်ပြခဲ့ပါသည်။

ထို့ကြောင့် ရသစာပေတွင်ပါဝင်သော ဝတ္ထုတို များသည်လည်း စာဖတ်သူတို့အား နှစ်သက်ကြည်နူးခြင်း၊ စည်းစိမ်ခံစားခြင်းမှတစ်ဆင့် ဝတ္ထု၏အဆုံးတွင် နှစ်သက်ခြင်း နှင့်အတူ ဘဝအသိတစ်ခုခုကို ပေးနိုင်ရမည် ဖြစ်ပါသည်။ ဘဝအသိ ဆိုရာ၌လည်း အမှန်တရားကို မြတ်နိုးသော ဘဝအသိပင် ဖြစ်ပါသည်။

ရသစာပေ၏သဘောနှင့်ပတ်သက်၍ ဝတ္ထုတို အပါအဝင် ရသ၏အရေးပါမှုကို ဇော်ဇော်အောင်က–

'စာရေးဆရာ အနုပညာသမားက တစ်စုံတစ်ခုသော အကြောင်းကြောင့် သူ့တွင် ဖြစ်ပေါ်လာသော ခံစားမှုကို ပြန်လည် ထုတ်ဖော်ရန် အတွက် ဖန်တီးရေးသားထားသော စာကို စာပေအနုပညာပစ္စည်းဟု ခေါ်ဆိုရပါမည် (သို့) စာပေဟု ခေါ်ဆိုရပါမည်။ ထိုအနုပညာပစ္စည်းတွင် ရသသဘော လွှမ်းမိုးလွန်ကဲနေသည်ဟု အသေအချာ ဆိုအပ်ပါသည်။ ရသသဘော အားကြီးနေသည်၊ အားကောင်းနေသည်၊ ပေါ်လွင်ထင်ရှားနေသည် ဟုလည်း နားလည်အပ်သည်။ ရသသဘော လွှမ်းမိုးလွန်ကဲမှုသည် အရေးကြီးဆုံးဟု ဆိုခဲ့ပါသည်' [၂]

ရသမြောက်သော အနုပညာပစ္စည်း ဖြစ်ရန်အတွက် စာရေးသူသည် ခံစားမှုနှင့် စေတနာကို အရင်းခံ၍ ရသသဘော လွှမ်းမိုးလာအောင် ဖန်တီးယူရသည်ဟုလည်း ဆိုလို ဟန်ရှိပါသည်။

ရသဖန်တီးမှုတွင် ခံစားမှုသည် အခြေခံကျပါသည်။ ရသစာပေ၏ အကျိုး အာနိသင်နှင့် ပတ်သက်၍ ဇော်ဇော်အောင်က–

---

၁။ ဘုန်းနိုင်(တက္ကသိုလ်)၊ ၁၉၉၄၊ စာ-၆၈ ။
၂။ ဇော်ဇော်အောင်၊ ၂၀၀၄၊ စာ-၁၆ ။

mgyoe.com

mgyoe.com SAMPLE BOOK

'ထို့ကြောင့် ရသစာပေသဘော လွှန်ကဲခြင်းသည် နှစ်သက်ကြည်နူးမှုကို ပေးခြင်း ဖြစ်သည်။ စာပေအနုပညာပစ္စည်း တစ်ခုသည် စာဖတ်သူကို နှစ်သက်ကြည်နူးမှု ကောင်းစွာ ပေးနိုင်ရမည်'၁

ဟု ဖော်ပြခဲ့ပါသည်။

ရသစာပေအဖွဲ့ပုံစံတွင် ပါဝင်သော ဝတ္ထုတိုသည် စာဖတ်သူအား နှစ်သက်ခြင်းကို ပေးနိုင်ရမည်။ ဝတ္ထုကို ဖတ်ခြင်းဖြင့် ရသ နှစ်သက်ခြင်းကို ခံစားနိုင်ရမည်။ နှစ်သက်ခြင်းမှတစ်ဆင့် လောကအမြင်တစ်ရပ်၊ ဘဝအသိ တစ်ခု အလိုလို သိမြင်လင်းပွင့်လာရပါသည်။ နှစ်သက်ခြင်းနှင့်အတူ မေ့မရအောင် သတိရနေလျှင် ဝတ္ထုတိုကောင်းဟု ယူဆနိုင်ပါသည်။

❑

၁။ ဖော်ဖော်အောင်၊ ၂၀၀၄၊ စာ-၁၈ ။

mgyoe.com

mgyoe.com SAMPLE BOOK

## ၂။ ဝတ္ထုတိုသဘော

လူတို့၏ သဘာဝမှာ စာပေ မပေါ်ထွန်းမီကပင် ဇာတ်လမ်းပါသော ပုံပြင်များကို နှစ်သက်လေ့ရှိကြသည်။ ဟိုးမား၏ အီလီယက် ခေါ် ကဗျာသည် ဇာတ်လမ်းပါသော ကဗျာရှည်ကြီး ဖြစ်သည်။ ထရိုဂျင်တိုက်ပွဲအကြောင်း ရေးဖွဲ့ထားသည့် အချစ်နှင့်စစ် ကဗျာ ဖြစ်သည်။ ပုံပြင်အဆင့်ကို ကျော်လွန်၍ ဒိဋ္ဌဓမ္မ လူ့လောကအကြောင်းကို စိတ်ကူးနှင့် ပေါင်းစပ်ပြီး ရေးဖွဲ့သော ဝတ္ထုရှည်၊ ဝတ္ထုတို ဆိုသည့် စာပေအဖွဲ့ပုံစံများတွင်လည်း ဇာတ်လမ်း ပါဝင်လာသည်။ ဝတ္ထုအဖွဲ့ပုံစံများကို နှစ်သက်ရခြင်းအကြောင်းသည် နားထောင်ချင်စဖွယ် ဖြစ်သော ဇာတ်လမ်းပါဝင်မှုလည်း ပါဝင်မည် ဖြစ်ပါသည်။

ဝတ္ထုတို ဟူသော စာပေအဖွဲ့ပုံစံသည် ၁၉ ရာစုခန့်မှ စ၍ အနောက်တိုင်းတွင် စတင် ပေါ်ထွန်းခဲ့သည်။ ဝတ္ထုတိုကို အစပျိုးခဲ့သူမှာ အက်ဂါအယ်လင်ပိုး ဖြစ်သည်။

ဝတ္ထုတိုနှင့်ပတ်သက်၍ ပါမောက္ခဦးမျိုးမင်းက–

'ဝတ္ထုတိုတွင် အဖြစ်အပျက်များသည် အဓိကမဟုတ်။ စာရေးဆရာ၏ ဆိုလိုချက်၊ တင်ပြချက်သည်သာ အဓိက ဖြစ်သည်။ စာရေးဆရာသည် စာဖတ်သူ အာရုံကျက်စားစေလိုသော သဘောတစ်ရပ်၊ အချက်တစ်ရပ်၊ သုံးသပ်ချက်တစ်ရပ်ကို မူတည်ပြီးလျှင်ယင်း လိုရာအချက်သို့ ရောက်အောင်၊ သဘောပေါ်လွင်အောင် အဖြစ်အပျက်များကို ဖန်တီးရသည်'[၁]

ဟု အက်ဂါအယ်လင်ပိုး၏ အဆိုကို ကိုးကား၍ တင်ပြခဲ့ပါသည်။

အထက်ဖော်ပြပါ အဆိုအမိန့်အရကြည့်လျှင် ဝတ္ထုတိုရေးရာ၌ ဝတ္ထုရှည်ကဲ့သို့ ဇာတ်လမ်းဖြစ်ပျက်မှု အကြောင်းအရာများသည် အဓိက မဟုတ်ဘဲ စာရေးသူ၏ ဆိုလိုချက်သည်သာ အဓိကဖြစ်ကြောင်း နားလည်ရပါသည်။

---

၁။ မျိုးမင်း(ပါမောက္ခ)၊ ဦး၊ ၁၉၆၀၊ နိဒါန်း ။

mgyoe.com

mgyoe.com SAMPLE BOOK

ဦးမျိုးမင်းကပင်–

'ဝတ္ထုတိုသည် တိုရမည်၊ အာရုံပြန့်ကျဲမှု မရှိဘဲ အချက်တစ်ချက်ပေါ်တွင် စူးစိုက်နိုင်လောက်အောင် ဝတ္ထုဇာတ်အိမ် တည်ထားရမည်၊ စာဖတ်သူ၏ အာရုံကို နက်နဲစွာ ဆွဲဆောင်နိုင်ရမည်'၁

ဟု ထပ်ဆင့် ဆိုမိန့်ခဲ့ပါသည်။ ထိုအဆိုအရဆိုလျှင် ဝတ္ထုတိုသည် တစ်ဖက်သူ၏ စိတ်အာရုံကို စည်းရုံးဆွဲဆောင်နိုင်စွမ်း ရှိရမည်။ တိုတိုနှင့် ထိမိသော၊ လေးနက်သော စာမျိုးလည်း ဖြစ်သည်ဟု နားလည်ရပါသည်။

ဆမ္မားဆက်မွန်၏ စာအုပ်ကို ဘာသာပြန်ဆိုခဲ့သော ကျော်အောင်၏ 'ဂန္ထဝင်တစ်ဆယ်' တွင် ဝတ္ထုတိုနှင့် ပတ်သက်၍–

'ဝတ္ထုတို ဆိုသည်မှာ ဖတ်ချိန် ဆယ်မိနစ်နှင့် တစ်နာရီကြားရှိသည့် ဝတ္ထု ဖြစ်သည်။ အကြောင်းအရာတစ်ခုတည်း ဖြစ်ရမည်။ ကန့်သတ်ချက် မဟုတ်သော်လည်း အကြောင်းတစ်ခုခုကို အခြေတည်သည့် စာမျိုး ဖြစ်သည်'၂

ဟု ဆိုထားပါသည်။

မောင်အောင်မွန်ကလည်း–

'ဝတ္ထုတိုဆိုသည်မှာ အကြောင်းအရာ အဖြစ်အပျက် တစ်ခုခု အကြောင်းကိုစကားပြေဖြင့် အတိုဆုံး၊ အရှင်းဆုံး ရေးသားထားရသည့် ရသစာပေ ဖြစ်သည်'၃

ဟု ဆိုထားပါသည်။

စာရေးဆရာ မောင်သိန်းဆိုင်ကလည်း–

"ဝတ္ထုတိုဆိုတာ အဖြစ်အပျက်တစ်ခု၊ ရည်မှန်းချက်တစ်ခု၊ ဇာတ်ဆောင်တစ်ယောက် အပေါ်မှာသာ အာရုံကျက်စားပြီး ရေးရတာမို့ ခက်ပါတယ်"၄

ဟု ဆိုခဲ့ပါသည်။

ဝတ္ထုတိုနှင့် ပတ်သက်၍ မောင်ထင်က–

"ဝတ္ထုတိုအဖွဲ့သည် ယေဘုယျအားဖြင့် အကြောင်းအရာတစ်ခု၊ ဖြစ်ရပ်တစ်ခု၊ လုပ်ရပ်တစ်ခု၊ ဆင်ခြင်ပုံတစ်ခု၊ အတွေးအခေါ်တစ်ခု စသည်ဖြင့် တစ်ခုသော အချက်ကို ဗဟိုမဏ္ဍိုင်ပြု၍ ဖွဲ့ဆိုသော အဖွဲ့ ဖြစ်ပါသည်"၅

ဟု ဆိုခဲ့ပါသည်။

---

၁။ မျိုးမင်း(ပါမောက္ခ)၊ ဦး၊ ၁၉၆၀၊ နိဒါန်း ။

၂။ ကျော်အောင်၊ ၂၀၁၆၊ ၃၁ ။

၃။ အောင်မွန်၊ ၁၉၇၃၊ ၁၄၉ ။

၄။ သိန်းဆိုင်၊ မောင်၊ ၁၉၇၅၊ ၂၁၉ ။

၅။ ထင်၊ မောင်၊ ၁၉၇၉၊ ၂၁၇။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုအဆိုအမိန့်များအရကြည့်လျှင် ဝတ္ထုတို ပါဝင်သော အကြောင်းအရာသည် လူတစ်ယောက်၏ ဖြစ်ရပ်လည်း ဖြစ်နိုင်သည်။ ပြုမူဆောင်ရွက်ချက် တစ်ခုလည်း ဖြစ်နိုင်သည်။ အတွေးအခေါ် စိတ်ကူးတစ်ခု ဖြစ်ပေါ်လာမှုလည်း ဖြစ်နိုင်သည်။ ဘဝအတွေ့အကြုံတစ်ခုပေါ်တွင် အခြေခံ၍ ဆင်ခြင်မှုတစ်ခု ဖြစ်ပေါ်လာပုံလည်း ဖြစ်နိုင်သည်။ လူတစ်ယောက်၏ အတွေးအခေါ်တစ်ရပ်လည်း ဖြစ်နိုင်သည်။ သို့ရာတွင် ထိုအရာအားလုံးကို စုပေါင်း၍ မထည့်သွင်းနိုင်ပေ။ တစ်ခုခုကိုသာ ရွေးချယ်ပြီး ဇာတ်လမ်းဆင် တင်ပြရမည်သာ ဖြစ်သည်။

ဝတ္ထုတို၏ သဘောကို မင်းကျော်က–

"အတိုတောင်းဆုံး အချိန်ပိုင်းအတွင်း အနည်းဆုံး ဇာတ်ဆောင်တို့၏ လှုပ်ရှားမှု (သို့) အဖြစ်အပျက် (သို့) အာရုံခံစားမှုကို စာလုံးအရေအတွက် အနည်းနိုင်ဆုံးဖြင့် ကျစ်ကျစ်လျစ်လျစ် ရေးဖွဲ့တင်ပြထားသော လူ့အကြောင်း စာတို့ကို ဝတ္ထုတိုဟုဆိုလျှင် မှားလိမ့်မည်မထင်"၁

ဟု ဆိုမိန့်ခဲ့ပါသည်။

မင်းကျော်၏ အဆိုအမိန့်ကို ကြည့်လျှင် ဝတ္ထုတိုသည် ဖတ်သည့် အချိန်လည်း တိုရမည်၊ အဖြစ်အပျက်များလည်း နည်းပါးရမည်။ ဇာတ်ဆောင်မှာလည်း မများသင့်ပေ။ တင်ပြရာ၌လည်း ကျစ်လျစ်သိပ်သည်းခြင်း ရှိရမည် ဆိုသော သဘောများကို သိရပါသည်။

ဦးကျော်အောင်၊ ဦးကျော်ဆွေ၊ ဦးမောင်မောင်ညွှန့်တို့ သုံးဦး စုပေါင်းရေးသားထားသော မြန်မာဝတ္ထုတိုတွင် 'ဝတ္ထုတိုသည် အရေးအခင်းတစ်ခုကို ကွက်ကွက်ကွင်းကွင်းပေါ်အောင် မီးမောင်းထိုးပြတတ်သော သဘောရှိသည်' ဟု ဆိုထားပါသည်။ အထက်ဖော်ပြပါ အဆိုအမိန့်များကို ကြည့်လျှင် ဝတ္ထုတိုရေးသူသည် ဝတ္ထုရှည်ကဲ့သို့ ရည်ရွယ်ချက်၊ အကြောင်းအရာ၊ စိတ်ကူးစိတ်သန်းတို့ကို လောဘကြီး၍ မရပေ။ မိမိ တင်ပြလိုသော ဘဝအသိ၊ လောကအမြင် တစ်ခုခုဆီသို့ ရောက်အောင်သာ ဇာတ်လမ်းဆင် ရေးသားရမည် ဖြစ်သည်။ အဓိကထားသည့် ရည်ရွယ်ချက်ကို ကွက်ကွက်ကွင်းကွင်းပေါ်အောင် ဝတ္ထုဖန်တီးမှု အတတ်ပညာများကို သုံး၍ တင်ပြရမည်သာ ဖြစ်ပါသည်။

ဝတ္ထုတိုနှင့် ပတ်သက်၍ မြန်မာအဘိဓာန် အကျဉ်းချုပ်၌–

"ဇာတ်ဆောင်တစ်ဦး(သို့) အများကို အခြေခံထား၍ အဖြစ်အပျက်၊ အခြင်းအရာကို စိတ်ဝင်စားဖွယ် ဖွင့်ဆိုထားသော အကြောင်းအရာ" ၂

ဟု ဖော်ပြထားပါသည်။

ဘရစ်တနီကာ စွယ်စုံကျမ်း၌မူ ဝတ္ထုတိုနှင့် ပတ်သက်၍–

'ဝတ္ထုတိုကို ဇာတ်လမ်းဟု အနက်ဖွင့်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် အသစ်တစ်ဖန်ပြန်လည် ပြုစုသော ဘရစ်တနီကာ စွယ်စုံကျမ်း၌မူ ဝတ္ထုတိုနှင့် ပတ်သက်၍ ပြောင်းလဲ

၁။ မင်းကျော်၊ ၁၉၇၉၊ ၁၄၃ ။
၂။ မြန်မာစာအဖွဲ့၊ ၁၉၉၁၊ ၁၆၄ ။

mgyoe.com

mgyoe.com SAMPLE BOOK

ဖွင့်ဆိုခဲ့သည်။ ထိုကျမ်း၌ ဝတ္ထုတိုသည် စကားပြေဖြင့် ဖော်ပြသော စိတ်ကူးဇာတ် ဖြစ်သည်။ ဝတ္ထုရှည်၊ ဝတ္ထုလတ်တို့ထက် ပိုမို ကျစ်လျစ်သိပ်သည်းသည်ဟု တင်ပြခဲ့သည်။ ဝတ္ထုတိုသည် ဝတ္ထုရှည်ကဲ့သို့ပင် ဒိဋ္ဌလောကကို အခြေခံ၍ ထင်ဟပ် ရေးဖွဲ့ရသော စာပေ အဖွဲ့ပုံစံ ဖြစ်ပြီး စိတ်ကူးဖြင့် ဖြည့်စွက်ဖန်တီးမှုမှာ ပါဝင်ရသည်သာ ဖြစ်သည်'

ဝတ္ထုတိုနှင့်ပတ်သက်၍ အိပ်ဂျီဝဲလ်၏ အဆိုကို ထင်လင်းက ဘာသာပြန်ဆိုရာ တွင်–

'ဝတ္ထုတိုသည် ရိုးရိုးရှင်းရှင်းအဖွဲ့မျိုး ဖြစ်သည် (သို့) ဖြစ်သင့်သည်။ ဝတ္ထုတို၏ ရည်ရွယ်ချက်မှာ တစ်ခုတည်းသော အခြင်းအရာကို ကွက်ကွက်ကွင်းကွင်း ထင်မြင်လာ အောင် ဖော်ပြဖို့ပင် ဖြစ်သည်။ ဝတ္ထုတိုသည် စထွက်ကတည်းက စာဖတ်သူ၏အာရုံကို ဖမ်းစားကာ တစ်ချက်ကလေးမျှ မလျော့စေဘဲ အထွတ်အထိပ်သို့ ရောက်သည့်တိုင် တဖြည်းဖြည်းချင်း ဆွဲငင် စုစည်း မြှင့်တင်၍ ယူသွားရမည်။ ဝတ္ထုတို၏ အတိုင်းအရှည် သည် စာဖတ်သူ၏ အာရုံစူးစိုက်မှု ကြာသင့်သလောက်သာ ရှိသင့်သည်။ စာဖတ်သူ၏ အာရုံဝယ် အခြားသော အခြင်းအရာများ ထပ်ဝင်မလာခင်၊ စာဖတ်သူ စိတ်မပြောင်းခင် ဒိုင်းခနဲ ပြီးဆုံးလိုက်ရပေသည်'[၁]

ဟု ဆိုထားပါသည်။

ထိုအဆိုအမိန့်တွင် ဝတ္ထုတိုနှင့် ပတ်သက်သည့် စာဖတ်သူ၏ အပိုင်း ပါလာ ပါသည်။ စာဖတ်သူတို့အနေနှင့် ဝတ္ထုတို ဆိုသည့် အသိနှင့် ဖတ်ရာတွင် ဝတ္ထုရှည်ကဲ့သို့ အဖြစ်အပျက်များစွာကို မျှော်လင့် မထားသင့်ပေ။ အာရုံစူးစိုက်မှု တစ်ခုတည်းကိုသာ မျှော်လင့်ထားရပါသည်။ တဒင်္ဂအတွင်း တစ်ထိုင်တည်း အဖြစ်အပျက်၊ အကြောင်းအရာ တစ်ခု၏အဖြေကို သိလိုဇော ရှိနေကြသည်။ ဝတ္ထုရှည်ကဲ့သို့ စိတ်အာရုံကို ရပ်တန့် ဖြတ်တောက်ခြင်း မပြုလိုကြပေ။ စာဖတ်သူ၏ စိတ်ထဲတွင် ငြီးငွေ့ခြင်းမရှိခင် အဆုံးသတ် ပေးရမည်မှာ ဝတ္ထုတို၏တာဝန် ဖြစ်သည်ဟု ယူဆမိပါသည်။

တက်တိုးကလည်း–

'ဝတ္ထုတိုတွင် ဇာတ်လမ်း၊ ဇာတ်ကွက်သည် ပဓာန မဟုတ်၊ ဇာတ်ဆောင်၏ ချက်ပိုင်သော ဘဝကို တစ်ချက်မျှ ဖော်ပြနိုင်လျှင် ဝတ္ထုတို၏ ကိစ္စသည် ပြီးမြောက်သည် ဟု ဆိုနိုင်သည်။ ဝတ္ထုတိုနှင့် ပတ်သက်၍ ဥပမာ ပေးရလျှင် လမိုက် မိုးအုံ့နေသော ညတွင် တောကြီးမျက်မည်းထဲ၌ ခရီးသည်က လက်နှိပ်ဓာတ်မီးထိုးလိုက်သဖြင့် မီးရောင်အောက် တွင် မြင်ရသော မြင်ကွင်းလေးတစ်ခုနှင့် တူသည်ဟု ဆိုချင်ပါသည်။ ထိုမြင်ကွင်းသည် တောကြီးတစ်ခုလုံး၏ မြင်ကွင်းအပြည့်အစုံ မဟုတ်ပေ။ သို့သော် ယင်းသည် တောကြီး တစ်ခုလုံး၏ မြင်ကွင်းကို ညွှန်းသော၊ ကိုယ်စားပြုသော မြင်ကွင်းပင် ဖြစ်သည်။ ထိုနည်းတူ ပင် ဝတ္ထုတိုသည် ဘဝ၏ အစိတ်ငယ်မျှသာ ဖြစ်သည်။ သို့သော် ထိုအစိတ်ငယ်သည်

---

၁။ ထင်လင်း၊ ၁၉၇၉၊ ၂၇၁–၂၇၂

mgyoe.com

ဘဝတစ်ခုလုံးကို ကိုယ်စားပြုနိုင်ရပေမည်၊ ဘဝအခြေအနေကို ညွှန်းဆိုနိုင်ရပေမည်။ သို့မှသာလျှင် ဝတ္ထုတိုကောင်းဟု ဆိုနိုင်ပေလိမ့်မည်'၁

ဟု ရှင်းလင်း တင်ပြထားပါသည်။

ထိုရှင်းလင်းချက်တွင် ဝတ္ထုတို၏ တိုသော်လည်း နက်နဲသည့် သဘောများ ပါဝင်လာပါသည်။ ဝတ္ထုတိုဖြစ်သည့်အတွက် အကြောင်းအရာများမှာ အသေးအဖွဲ့ဖြစ်ရမည်ဟုမဆိုလိုပေ။ လူ့ဘဝ၏အစိတ်အပိုင်းတစ်ခုမျှကိုသာ ဖော်ပြသော်လည်း လူ့ဘဝတစ်ခုလုံးကို မြင်သာစေရမည်။ လူတစ်ယောက်အကြောင်းကို ဘဝ၏ ရှုထောင့်တစ်ကွက်မှ တင်ပြထားသော်လည်း ထိုသူ၏ ဘဝတစ်ခုလုံးကို စာဖတ်သူတို့ ခံစားသိမြင်နိုင်ရမည်။ လူတစ်ယောက်၏ အကြောင်းကို ဖော်ပြသော်လည်း လောကရှိ လူသားတိုင်းခံစားနိုင်ပြီး မိမိတို့၏ ဘဝကို ပြန်လည် ထင်မြင် ဆင်ခြင်လာစေနိုင်စွမ်း ရှိရမည် ဆိုသည့် ကျယ်ပြန့်သော သဘောများ ပါဝင်သည်။

အောင်သင်းက–

'ဝတ္ထုတို ဆိုသည်မှာ ဇာတ်ကောင်တို့၏ အဖြစ်အပျက်များကို တင်စားခြင်းဖြင့် စာဖတ်သူတွင် တစ်စုံတစ်ခုသော ခံစားမှု ပေါ်ပေါက်လာအောင် စာလုံးရေတစ်ထောင်မှ ရှစ်ထောင်အတွင်း ရည်လျားသည့် စိတ်ကူးဖြင့် ရေးသားထားသော စာ ဖြစ်သည်'၂

ဟု သုံးသပ် တင်ပြထားပါသည်။

ဝတ္ထုတိုသည် တို၍ ကျဉ်းသည်ဟု ထင်ရသော်လည်း နက်ရှိုင်းကျယ်ပြန့်သော အကျိုးတရားများကိုလည်း ပေးစွမ်းနိုင်သည်ဟု ဆိုရမည်။

ပါမောက္ခဦးတင်ရွှေကလည်း တက္ကသိုလ်ပညာပဒေသာ စာစောင်တွင်–

'ဝတ္ထုတိုသည် ဆိုလိုချင်သော အဖြစ်အပျက်ကိစ္စတစ်ရပ်၊ အကွက်လေးတစ်ကွက်ကို ထင်းခနဲ၊ ဝင်းခနဲ ထင်သာမြင်သာအောင် ကျစ်ကျစ်လျစ်လျစ် တိုတိုတုတ်တုတ် သရုပ်ဖော်ပြရသော ရသစာပေအဖွဲ့ တစ်မျိုး ဖြစ်သည်'၃

ဟု ယေဘုယျအားဖြင့် ဆိုနိုင်ပါသည်ဟု ဖော်ပြထားပါသည်။

ထိုအဆိုအမိန့်ကို ကြည့်လျှင်လည်း ဝတ္ထုတိုသည် အချိန်တိုတောင်းပြီး စာလုံးရေ နည်းပါးသည်။ အကြောင်းအရာလည်း အကွက်တစ်ကွက်ကိုသာ တင်ပြရမည် ဆိုသော်လည်း အတတ်ပညာအရ ကြည့်လျှင် နက်နဲသိမ်မွေ့သည့် သဘောကို မှန်းဆနိုင်ပါသည်။

အထက်ဖော်ပြပါ ဝတ္ထုတိုသဘောတရားနှင့် ပတ်သက်၍ စာပေပညာရှင် အသီးသီးတို့၏ အဆိုအမိန့်များကို လေ့လာကြည့်လျှင် ဝတ္ထုတိုသည် စာရေးဆရာ တင်ပြလိုသော ရည်ရွယ်ချက်တစ်ခုကိုသာ ဦးတည်ရမည်၊ အဖြစ်အပျက်၊ အကြောင်းအရာတစ်ခုတည်းကိုသာ ထင်းခနဲ၊ လင်းခနဲ သိသာမြင်သာအောင် အလေးပေး ရေးဖွဲ့ရမည်။ ဇာတ်ဆောင်

---

၁။ တက်တိုး၊ ၁၉၆၅ ခ၊ ၁၀ – ၁၁။
၂။ အောင်သင်း၊ ၁၉၇၉၊ ၉ ။
၃။ တင်ရွှေ(ပါမောက္ခ)၊ ဦး၊ ၁၉၇၉၊ ၉၆ ။

mgyoe.com

mgyoe.com
SAMPLE BOOK

များမှာလည်း များပြားခြင်း မရှိဘဲ ဇာတ်ကွက်နည်းနည်းနှင့် ဇာတ်ဆောင် နည်းနည်းကို သုံးကာ ဆိုလိုချက် အာဘော်ကို လင်းပွင့်လာအောင် တင်ပြနိုင်စွမ်း ရှိရမည် ဖြစ်ပါသည်။ ဝတ္ထုရှည်ထက်ပင် ပို၍ စိတ်ကူးအတတ်ပညာများ၌ ကျွမ်းကျင်ရန် လိုအပ်ပါသည်။

ပါမောက္ခဦးမျိုးမင်း၏ အဆိုအမိန့်နှင့် အခြားသော ပညာရှင်တို့၏ အဆိုအမိန့် အားလုံးတွင် ဝတ္ထုတိုသည် အကြောင်းအရာတစ်ရပ်ကိုသာ အာရုံစူးစိုက်၍ ထင်လင်း သိမြင်လာအောင် စိတ်ကူးအနုပညာ၊ အရေးအဖွဲ့အနုပညာတို့ဖြင့် တင်ပြရမည် ဖြစ်သည်ဟု လမ်းညွှန်နေကြောင်း နားလည်ရပါသည်။

ထိုသဘောကို ပုံစံပြရလျှင် ခင်နှင်းယု၏ 'ခန္ဓာ နှင့် အာရုံ'ဝတ္ထုတွင်–

'လူတို့အနေနှင့် အသက်အရွယ် ပျိုရွယ်စဉ်တွင် အာရုံခံစားမှု များပြား ထွေပြား လှသည်၊ အရာရာတိုင်းကို အာရုံခံစားနိုင်သည်၊ ခံစားရသမျှသည်လည်း နှစ်သက်သာယာ မှုချည်း ဖြစ်နေတတ်သည်။ သို့ရာတွင် အသက်အရွယ် အိုမင်းလာသောအခါတွင် အာရုံ အမျိုးမျိုးတို့၌ ခံစားခွင့် ရသော်လည်း မည်သည့် အာရုံကိုမျှ ခံစားနိုင်စွမ်း မရှိတော့ပေ' ဆိုသည့် အကြောင်းကို ရေးဖွဲ့ထားသော ဇာတ်လမ်း ဖြစ်သည်။ စာရေးဆရာ တင်ပြ လိုသော ဘဝအတွေးအမြင်သည် ကျယ်ပြန့်သည်၊ ကန့်သတ်မှုဘောင် မရှိ၊ ကမ္ဘာပေါ်ရှိ လူသားမှန်သမျှ နားလည် ခံစားနိုင်သော လောက၏ အမှန်တရားတစ်ခု ဖြစ်သည်။

ထိုအကြောင်းကို တင်ပြရာတွင် စာရေးသူသည် ဇာတ်လမ်းအတွင်း၌ အိမ်ဖော်မ လေး မရွှေစင်တစ်ဦးတည်းကိုသာ အဓိကဇာတ်ဆောင်အဖြစ် အလင်းပေး၍ ခြယ်မှုန်း ရေးဖွဲ့ ခဲ့ပါသည်။ ထိုဇာတ်လမ်း ဖြစ်တည်ရာ ဖြစ်သည့် မရွှေစင်၏ သူဌေး အိမ်ပိုင်ရှင် တရုတ်လူမျိုး မစ္စတာလျူးနှင့် သူ၏ဇနီးတို့၏ နေအိမ်ကို အကျယ်ဖွဲ့ပြသည်။ မစ္စတာလျူးနှင့် မရွှေစင် တို့ ငြိပြီး ရခဲ့သည့် ကလေးအကြောင်းကို ဇာတ်လမ်းသဘောအရသာ အနည်းငယ် ဖော်ပြ ထားသည်။ ဇာတ်လမ်းတစ်ပုဒ်လုံးတွင် မရွှေစင်ကိုသာ ပါဝင်လှုပ်ရှားစေသည်။ မရွှေစင် ဆိုသည့် ဇာတ်ကောင်တစ်ဦးတည်းကိုသာ အသားပေး၍ သရုပ်ဖော် တင်ပြထားသည်။

ဇာတ်လမ်းကို တင်ပြရာ၌ နောက်ခံဖြစ်သော မစ္စတာလျူးတို့၏ အင်းလျား ကန်စောင်းရှိ ကြီးကျယ်ခမ်းနားသော အိမ်ကြီးနှင့် ကန်ရေပြင်ရှုခင်းအလှ၊ မြက်ခင်း စိမ်းစိမ်းတို့၏ အလှတို့ကို ခြယ်မှုန်းပြသည်။ နောက်ခံအပေါ်၌ ဇာတ်ဆောင်သည် ခံစား သက်ဝင်နေသည်။ သဘာဝရှုခင်းလှပ၍ စည်းစိမ်အပြည့်ရှိသော ထိုအိမ်ကြီးကို တပ်မက် နေသော အာရုံခံစားမှုအတွေးများကို အနုစိတ် ခြယ်မှုန်းရေးဖွဲ့ပြခြင်းသည်သာ ဝတ္ထု၏ ဇာတ်လမ်း ဖြစ်နေသည်။ မရွှေစင်သည် အင်းလျားကန်စောင်း၏ အလှကို သာယာသည်၊ မြက်ခင်းစိမ်းစိမ်းများကို နှစ်သက်သည်၊ အိမ်တွင်းရှိ ခင်းထားသော ကတ္တီပါကော်ဇောများ ၏ နူးညံ့သည့် အထိအတွေ့ကို သာယာသည်။ ညနေစောင်းတွင် မစ္စတာလျူးတို့ဇနီးမောင်နှံ ခြံတွင်း၌ ထိုင်နေစဉ် မရွှေစင်သည် စတော်ဘယ်ရီနှင့် နို့ဖျော်ရည်ကို ယူလာပေးရသည်။ သင်းပျံ့သော စတော်ဘယ်ရီရနံ့က မရွှေစင်၏ စိတ်ကို တပ်မက်စေသည်။ ရေခဲသေတ္တာထဲရှိ

mgyoe.com

mgyoe.com SAMPLE BOOK

ပန်းသီးများ၏ ရနံ့ကလည်း မရွှေစင်ကို ဆွဲဆောင်နေသည်။ မရွှေစင်အတွက် အရာရာတိုင်းသည် သာယာနှစ်သက်ဖွယ် ဖြစ်နေသည်။ အိမ်၏ အရောင်ကိုပင် မိမိသာဆိုလျှင် ပန်းရောင်မသုံးဘဲ အပြာရောင်ပြေပြေလေး သုံးမိမည်ဟု စိတ်ကူးကြည့်မိသည်။

ထိုအိမ်ကြီးကို အာရုံခံစားကာ တပ်မက်ငြိတွယ်နေသော စိတ်အစဉ်ဖြင့် အစပျိုးပြီး မစ္စတာလျူးက ဆွဲဆောင်လာသော အခါတွင် အိမ်ကြီးအပေါ် သာယာတပ်မက်ခဲ့သည့်စိတ် အခြေခံရှိပြီးဖြစ်၍ ငြိတွယ်ခဲ့သည်။ ထိုအခန်းတွင် မစ္စတာလျူးက မည်ကဲ့သို့ဆွဲဆောင်သည်၊ မရွှေစင်က မည်ကဲ့သို့စဉ်းစားသည်တို့ကို ဇာတ်လမ်း၏ အဓိက ပြောလိုသော အချက်များ မဟုတ်သောကြောင့် မရေးဖွဲ့တော့ဘဲ ကိုယ်ဝန်ရှိလာသောအခါ မရွှေစင်အား တောသို့ ပြန်ပို့ခဲ့ပုံကို ရေးဖွဲ့သည်။ ထိုအခန်း၌လည်း မရွှေစင် မည်သို့ နာကျင် ကြေကွဲရသည်ကို ဇာတ်လမ်း၏ အဓိကလိုအပ်ချက် မဟုတ်သောကြောင့် မတင်ပြခဲ့ပေ။ သားကိုမွေးပြီးသောအခါ မစ္စတာလျူးတို့က လာယူသွားခဲ့သည်။ မရွှေစင် တစ်ဦးတည်း ပင်ပန်းဆင်းရဲနာကျင်စွာ ကျန်ရစ်ခဲ့ရသည်။ ထိုအကြောင်းများသည် ဇာတ်နာဖွယ် အခန်းများ ဖြစ်သော်လည်း ဝတ္ထု၏ အဓိက ပြောချင်သော ရည်ရွယ်ချက်နှင့် မသက်ဆိုင်သည့် အတွက် အကျယ်ချဲ့ရေးသားခြင်း မရှိပေ။ မရွှေစင် အသက်အရွယ်ကြီးရင့် အိုမင်းလာသောအခါ မစ္စတာလျူးတို့ လင်မယားလည်း ကွယ်လွန်သွားခဲ့ကြသည်။ ထိုအချိန်တွင် မရွှေစင်၏ သားသည် ထိုအိမ်ကြီးကို အမွေဆက်ခံရပြီး မိခင်ဖြစ်သူအား လာခေါ်သည်။ ထိုအခန်း တွင်လည်း မိခင်နှင့် သားတို့ပြန်လည် တွေ့ဆုံခြင်း၏ ဝမ်းနည်းမှု၊ ဝမ်းသာမှုတို့ကို မဖော်ပြတော့ပေ။ အိမ်ကြီးရှင်အဖြစ် မရွှေစင် ပြန်လည် ရောက်ရှိလာသည့် အခန်းသည် ဇာတ်လမ်း၏ ဆိုလိုချက်ကို အဓိကဖော်ပြသည့် အခန်း ဖြစ်သောကြောင့် အသေးစိတ် ရေးဖွဲ့ပြခဲ့သည်။

မရွှေစင်သည် မွေ့ရာထူထူပေါ်၌ လဲလျောင်းနေသော်လည်း အိစက်ခြင်း၏ အရသာကို မခံစားနိုင်ခဲ့ပေ။ အိမ်ဖော်များက မရွှေစင်၏ အရိုးဂေါက်ဂက်ဖြစ်နေသော တင်ပါးကို သရော်ကြသည်။ သားဖြစ်သူက စတော်ဘယ်ရီသီးကို ပါးစပ်ထဲသို့ ထည့်၍ ကျွေးသော်လည်း စတော်ဘယ်ရီသီးသည် အရသာ မရှိပေ။ သီးနှံများ၏ အမွှေးရနံ့နှင့် အရသာကိုလည်း မခံစားနိုင်တော့ပေ။ ထိုအချက်သည် စာရေးသူ တင်ပြလိုသော အဓိက အချက်ဖြစ်၍ အနုစိတ်ရေးဖွဲ့ တင်ပြထားသည်။ ထိုသို့ အနုစိတ် ရေးဖွဲ့တင်ပြခြင်းဖြင့် ငယ်ရွယ်စဉ်က ဤအိမ်ကြီးနှင့် ပတ်သက်သမျှ အရောင်အဆင်း၊ အထိအတွေ့၊ အနံ့အရသာတို့တွင် သာယာတပ်မက်ခဲ့သမျှသည် ဇရာထောင်းလာသောအခါ အာရုံခံစားမှုများ လျော့ပါးလာသည့်အတွက် သာယာခြင်း၊ တပ်မက်ခြင်း မရှိတော့သည့် အနေအထားနှင့် ဆက်စပ်၍ တင်ပြလိုက်သောအခါ စာရေးသူ တင်ပြလိုသော အချက်သည် ထင်းခနဲပေါ်လွင် လာပါသည်။

ဝတ္ထုတို့၏သဘောမှာ စာရေးသူ၏ ဆိုလိုချက်တစ်ရပ်ဆီသို့ ရောက်အောင် ဇာတ်ဆောင်အနည်းဆုံး၊ ဇာတ်လမ်းဖြစ်ရပ် အနည်းဆုံးကို သုံး၍ ကျစ်ကျစ်လျစ်လျစ်

mgyoe.com

mgyoe.com
SAMPLE BOOK

တင်ပြရသော ဖန်တီးမှုအတတ်ပညာ ဖြစ်ပါသည်။ ထိုဝတ္ထုတွင် ရည်ရွယ်ချက်နှင့် တိုက်ရိုက်မသက်ဆိုင်သော ဇာတ်ကွက်များကို ရေးဖွဲ့မည်ဆိုလျှင် ရသမြောက်မည် ဖြစ်သော်လည်း ဝတ္ထုတိုပီသစွာ ထည့်သွင်းမထားခဲ့ပေ။ ထိုသို့ ထည့်သွင်းမထားသည့်အတွက် ဝတ္ထုတိုပီသသည်။ စာရေးသူဆိုလိုချက်ဆီသို့ ချောချောမောမော အလွယ်တကူ နှင့် အချိန်တိုအတွင်း၌ ရောက်ရှိသွားသည်။ စာဖတ်သူတို့၌ ပျို့ရွယ်စဉ် မရွှေစင်၏ သာယာတပ်မက်စိတ်နှင့် အိုမင်းချိန်၌ သာယာတပ်မက်စိတ်ကင်းသော အနေအထား နှစ်ခုကို နှိုင်းယှဉ်၍ ခံစားမိကြပြီး နှစ်သက်မိကြသည်။ လောကတွင် မလွဲမသွေ ဖြစ်လာမည်ဖြစ်သော အမှန်တရား တစ်ခုကို ထိထိမိမိ တင်ပြနိုင်သောကြောင့် ဖြစ်သည်။

အထက်တွင် စာပေပညာရှင်အသီးသီးတို့ ဆိုမိန့်ခဲ့သော သဘောသည် ထိုဝတ္ထု၏ သဘောပင် ဖြစ်သည်ဟု ဆိုချင်ပါသည်။

၁၉၃၄ ခုနှစ်ထုတ် 'ခေတ်စမ်းပုံပြင်' စာအုပ်တွင် ပါဝင်သော မင်းသုဝဏ်၏ 'ဘကြီးအောင် ညာတယ်' ဝတ္ထု၏ ရည်ရွယ်ချက်မှာ လောကရှိ လူသားတိုင်းတွင် စွဲလမ်းတပ်မက်မှု ရှိကြသည်။ ထိုစွဲလမ်းတပ်မက်မှုဖြင့် ရှင်သန်နေကြသည်။ ထိုစွဲလမ်းတပ်မက်မှု တစ်ခုခုကို ဆုံးရှုံးသောအခါ ကြေကွဲ ခံစားကြရသည်။ အစွဲအလမ်းကြီးလျှင် ကြီးသည့်အလျောက် ပင်ပန်းဆင်းရဲမှု အတိုင်းအတာ ကြီးမားတတ်သည်။

ထိုသဘောသည် လောကရှိလူသားတိုင်း၌ မကင်းနိုင်သော သဘောတရားတစ်ခုပင် ဖြစ်သည်။ ပုဂံခေတ် တောင်ဂူနီဘုရား ကျောက်စာ၌ အလှူ့ရှင် အမတ်ကြီး သိင်္ဃသူရ်သည် အလှူပြုရာတွင် 'ရမ္မက်ကျွန် အဖြစ်မှ လွတ်မြောက်လို၍' ဟု မှတ်တမ်းတင်ထားသည်။

လူသားတိုင်းသည် ရမ္မက်၏ကျေးကျွန်များ ဖြစ်သည်။ ရမ္မက်၏ ကျေးကျွန်ဘဝတွင် နာကျင် ကြေကွဲခြင်း၊ ဆင်းရဲပင်ပန်းခြင်း များစွာကို ခံစားနေကြရသည်။ တစ်ခါတစ်ရံ ထိုခံစားမှုသည် ဘဝအတွက် အင်အားသဖွယ် ဖြစ်သော်လည်း ပြင်းထန်လွန်းသောအခါ အကျနာတတ်ပါသည်။

ထိုသဘောကို ဆရာကြီးမင်းသုဝဏ်က 'ဘကြီးအောင် ညာတယ်' ဝတ္ထုဖြင့် တင်ပြရာတွင် မောင်ချစ် ဆိုသည့် ငယ်ရွယ်သော ဘုန်းကြီးကျောင်းသားတစ်ဦးကို အဓိကဇာတ်ဆောင်အဖြစ် ပါဝင် လှုပ်ရှားစေသည်။ အရံဇာတ်ဆောင်အဖြစ် မောင်ချစ်နှင့် ဆက်စပ်ပတ်သက်ရသော ပန်းပုဆရာ ဦးအောင်ချာသာ ပါဝင်သည်။

မောင်ချစ်သည် ဘုန်းကြီးကျောင်းသားလေးပီပီ ကျောင်းဆင်းချိန်၌ ပျော်ပျော်ရွှင်ရွှင်နှင့် အိမ်သို့ ပြန်လာခဲ့သည်။ ရွာလယ်တွင် အိမ်လေးတစ်အိမ်ရှေ့၌ ကျောင်းသားများစုဝေးနေသည့်အတွက် ဝင်၍ ကြည့်ခဲ့သည်။ ပန်းပုဆရာကြီး ဦးအောင်ချာ ထုလုပ်နေသည့် ယမင်းရုပ်ကလေးကို တွေ့ရသည်။ ထိုယမင်းရုပ်ကလေးကို မောင်ချစ်သည် အလွန်စွဲလမ်းသွားသည်။ ဦးအောင်ချာက ဖ၄ ပြား ပေးလျှင် ယမင်းရုပ်ကလေးကို ရယူနိုင်မည်ဟု ဆိုသည်။

mgyoe.com

mgyoe.com SAMPLE BOOK

မောင်ချစ်သည် ထိုနေ့မှစ၍ ရသမျှ မုန့်ဖိုး တစ်ပြားကို နေ့တိုင်း စုသည်။ မုန့်စားချိန်၌ ကောက်ညှင်းပေါင်းသည်၏ ကောက်ညှင်းပေါင်းကို စားလိုသော်လည်း ယမင်းရုပ်ကလေးအတွက် ငွေစုရန် မစားခဲ့ပေ။ အခြားသူများ ဖန်ဂေါ်လီဝယ်၍ ကစားကြသော်လည်း မကစားခဲ့ပေ။ ညအချိန်၌ ကျောက်သင်ပုန်းအဟောင်းများကို ကျောက်တံသွေး၍ ရောင်းပြီး ငွေစုသည်။ ကျောင်းဆင်းချိန်၌လည်း အမဘဏ္ဍမဆုံးခင် ယမင်းရုပ်ကလေး ရှိရာသို့ ထွက်ပြေး၍ ကိုရင်ကြီး၏ အခေါက်ခံရသည်။

မောင်ချစ်ကလေးသည် ရရှိသော ကြေးပြားများကို တစ်ပြားချင်း ဝါးကျည်တောက်ထဲသို့ ထည့်၍ မှတ်တမ်းတင်ထားသည်။ ဘကြီးထွန်း ကျွဲပျောက်သည့် နေ့က တစ်ပြား၊ ပဲဟင်းချက် သည့်နေ့က တစ်ပြား စသည်ဖြင့် ရေးသားထားသည်။ မောင်ချစ်၏ ယမင်းရုပ်ကလေးအတွက် ကြိုတင် ပြင်ဆင်မှုအမျိုးမျိုး၊ ငွေကြေးစုဆောင်းမှု အမျိုးမျိုး၊ ခြိုးခြံချွေတာရပုံ အမျိုးမျိုးကို အနုစိတ် ခြယ်မှုန်းရေးဖွဲ့ပြထားသည်။ မောင်ချစ်မှ တစ်ပါး အခြားသူများ၏ ပါဝင် လှုပ်ရှားမှုများသည် ရည်ရွယ်ချက်အတွက် အရေး မပါသည့်အတွက် မတင်ပြခဲ့ပေ။

စာဖတ်သူများသည် မောင်ချစ်ကလေး၏ ယမင်းရုပ်အပေါ် စွဲလမ်းစိတ်ဖြင့် ပြုမူလှုပ်ရှားပုံတို့ကို လိုက်ပါ ခံစားပြပြီး ကရုဏာသက်ကြရသည်။ မောင်ချစ်ကလေး အတွက် စိတ်ပင်ပန်းကြရသည်။

ထိုမှတစ်ဆင့် တစ်နေ့တွင် နယ်ပိုင်ဝန်ထောက်ကြီးသည် ဦးအောင်ချာထံသို့ ရောက်လာသည်။ ဦးအောင်ချာသည် နယ်ပိုင်ဝန်ထောက်ကြီးအား ယမင်းရုပ်ကလေး လက်ဆောင်ပေးလိုက်သည်။ မောင်ချစ်သည် သည်းအူကြွေမတတ် နာကျင်ခံစားရသည်။ ယမင်းရုပ်ကလေးကို စွဲလမ်းစိတ်ဖြင့် အိပ်ရာထဲလဲ၍ အစာရေစာ မစားဘဲ နေခဲ့သည်။ နှစ်ပတ်ခန့် ကြာသောအခါ မောင်ချစ် သေဆုံးသွားသည်။

ထိုအချိန်တွင် ပန်းပုဆရာကြီး ဦးအောင်ချာသည် ခရီးထွက်နေခဲ့သည်။ ခရီးမှ ပြန်ရောက်လာသောအခါ မောင်ချစ်ကလေး၏ ဖြစ်ရပ်ကို သိလိုက်ရသည်။ မောင်ချစ် ကလေးက သူ မသေခင် သူ စုဆောင်းထားသော ကြေးပြားများကို ဆရာတော်ဘုရားအား လှူပေးရန် မှာကြားသွားသည်။ 'ဘကြီးအောင် ညာတယ်' ဟုလည်း ပြောသွားခဲ့သည်။ ရွာကလေးနှင့် မနီးမဝေးတွင် အုတ်ဂူလေးကို 'အချစ်ဂူ(သို့)မောင်ချစ်ဂူ' ဟုလည်း ရေးထိုး ထားသည်။

ထိုဝတ္ထုကလေးသည် စွဲလမ်းစိတ်၏ ဆိုကျိုးကို တင်ပြလိုခြင်း ဖြစ်သည့် အလျောက် ဝတ္ထုတိုပီသအောင် မောင်ချစ် ဆိုသည့် ဇာတ်ဆောင်တစ်ဦးတည်းကို ပါဝင် လှုပ်ရှားစေ သည်။ အစွဲအလမ်းကြီး၍ ပျက်စီးဆုံးရှုံးရသော ရည်ရွယ်ချက်ကို ပြသရမည့် ဇာတ်ဆောင် အဖြစ် မောင်ချစ်၏ တပ်မက်စွဲလမ်းမှုကို အလေးပေး ဖော်ပြရပေသည်။ မောင်ချစ်၏ အမူအရာပါသည့် ဇာတ်ကွက် အနည်းငယ်ကိုသာ သရုပ်ဖော်ထားသည်။ မလိုအပ်သော အကြောင်းအရာများကို ထည့်သွင်း ရေးသားခြင်း မပြုပေ။ ကလေးအရွယ် ဇာတ်ဆောင်ကို

mgyoe.com

mgyoe.com
SAMPLE BOOK

ရွေးချယ် တင်ပြခြင်းဖြင့် မသိ နားမလည်သော၊ အပူအပင်ကင်းသော ကလေးဘဝတွင်ပင် စွဲလမ်းတပ်မက်စိတ် ဝင်လာလျှင် ခံစားမှု ပြင်းထန်လာပုံ၊ မျှော်လင့်သလို ဖြစ်မလာသောအခါ ခံစားမှုကို မထိန်းချုပ်နိုင်ဘဲ ပျက်စီးရပုံကို အကျိုးသင့်၊ အကြောင်းသင့်လည်း ဖြစ်၊ ရသလည်း မြောက်အောင် ဇာတ်လမ်းဆင် တင်ပြထားပါသည်။ ဇာတ်လမ်းတွင် ဆိုလိုချက်ကို ပေါ်လွင်စေသည့် အချက်များကိုသာ အဓိကထား၍ ရေးသား တင်ပြခြင်းဖြင့် ဝတ္ထုတို၏ သဘောဖြစ်သော ဖြစ်ရပ်တစ်ခု၊ အကြောင်းအရာ တစ်ခုတည်းကို ကွက်ကွက်ကွင်းကွင်း ထင်ထင်လင်းလင်း မြင်လာအောင် ရေးသားရမည် ဆိုသော အဆိုအမိန့်နှင့် ကိုက်ညီသည့် ဝတ္ထုတိုဖန်တီးမှု အတတ်ပညာကို တွေ့ရပါသည်။

ဝတ္ထုတိုသည် အကြောင်းအရာတစ်ခုတည်းကို အလင်းပေး၍ တိုတို ကျဉ်းကျဉ်း ရေးသားရမည်ဟု ဆိုသော်လည်း စာရေးဆရာ တင်ပြသော အကြောင်းအရာသည် နယ်ပယ်ကန့်သတ်မှု မရှိပေ။ လောကရှိ လူသားတိုင်းနှင့် ပတ်သက်သည့် ပြဿနာလည်း ဖြစ်နိုင်သည်။ လူသားတိုင်း မရှောင်လွှဲနိုင်သော အမှန်တရားတစ်ရပ်လည်း ဖြစ်နိုင်သည်။ အလွန်ကြီးကျယ်ခမ်းနားသော အကြောင်းအရာများကိုလည်း ဝတ္ထုတိုဖြင့် ရေးသား တင်ပြနိုင်ပါသည်။

ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်က 'ဘကြီးအောင်ညာတယ်' ဝတ္ထုတိုရေးသည့် ဆရာကြီးမင်းသုဝဏ်ကို ကမ္ဘာကျော်စာရေးဆရာကြီး ဂိုထေး၊ တော်စတွိုင်းတို့နှင့် အညီအမျှ ထား၍ တန်ဖိုးထားခဲ့သည်ကို တွေ့ရပါသည်။

ဂိုထေး၊ တော်စတွိုင်း၊ မင်းသုဝဏ်တို့ရေးသားသော ဝတ္ထုတိုများတွင် အကြောင်းအရာ ရည်ရွယ်ချက်များသည် ကမ္ဘာ့ လူသားတိုင်း ထိတွေ့ခံစားနိုင်သော အကြောင်းအရာများ ဖြစ်သည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။ ထိုကဲ့သို့ နယ်ပယ်ကျယ်ပြန့်သော အကြောင်းအရာများကို ဝတ္ထုတိုပုံစံဖြင့်လည်း တင်ပြနိုင်ပါသည်။ ဝတ္ထုတိုသည် တိုသော်လည်း ဝတ္ထုရှည်ကဲ့သို့ပင် လူ့စိတ်၊ လူ့နှလုံးသားကို ပြပြင်နိုင်စွမ်း ရှိပါသည်။ ဝတ္ထုတို၏ အတတ်ပညာမှာလည်း သိမ်မွေ့ နက်နဲလှပါသည်။

'ဝတ္ထုတိုသည် တစ်စုံတစ်ခုကို တစ်စုံတစ်ခုဆီသို့ ဦးတည်သွားရမည်။ ယင်းတွင် ဇာတ်လမ်း ဖွဲ့စည်း တည်ဆောက်မှု ပါသည်။ ဇာတ်လမ်းသည် ဘဝ၏ တစ်စိတ်တစ်ပိုင်း ဖြစ်ရပ်တစ်ခု ဖြစ်နိုင်သကဲ့သို့ သတင်းစာမှ စာပိုဒ်တစ်ပိုဒ်လည်း ဖြစ်နိုင်သည်။ စာပိုဒ်တစ်ပိုဒ်မှ အကြောင်းတရားကိုယူ၍ ဝတ္ထုတိုတစ်ပုဒ် ဖြစ်လာအောင် အနုစိတ် ရေးဖွဲ့ခြင်း၊ သရုပ်ဖော်ခြင်း၊ ပြောစကားများ ထည့်ခြင်းတို့ကို ဆောင်ရွက်သည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် သတင်းစာပါ စာတစ်ပိုဒ်သည်ပင် ပြီးပြည့်စုံသော ဝတ္ထုတစ်ပုဒ် ဖြစ်ထွန်းလာခြင်း ဆိုသည့် အကျိုးဆက်ကို ရရှိသည်။'

'ဝတ္ထုတို ရေးသားခြင်း (Story writing)' စာအုပ်ကို ရေးသားသော ချားလ်ရေမွန် ဘားရက်(Charles Raymond Barrett) က ထိုသို့ ရှင်းလင်းတင်ပြပြီးနောက်–

'ဝတ္ထုတိုသည် ယခု အချိန်တွင် ဖြစ်ရပ်တစ်ခု၊ သရုပ်ဖော်တစ်ခုထက် ပိုမိုသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ယင်းသည် သေချာသော အချက် ဖြစ်သည်။ ဝတ္ထုတိုသည် အဆက်မပြတ် တိုးတက်နေသည်။ ဝတ္ထုတိုသည် နေရာတစ်ခုသို့ ရောက်ရှိနေသည်။ ယင်းတွင် တွန်းအားပေးသော စိတ်ကူးတချို့ ရှိရမည်။ ဝတ္ထုတိုသည် အမှန်တရားတစ်ရပ် ဖြစ်ရမည်။ ထိုနည်းဖြင့် စာဖတ်သူအား အမှန်တရားခံစားမှုအမြင်သို့ အရောက်ခေါ်ဆောင်သွားနိုင်မည် ဖြစ်သည်'၁

ဟု ဆိုထားပါသည်။

'ဝတ္ထုတိုသည် အများအားဖြင့် အလင်းနှင့် တောက်ပမှုဘက်ကို အလေးပေးလေ့ရှိသည်။ ယင်းသည် ပုံသေစိတ်အားထက်သန်မှုမျိုး ဖြစ်ခဲ့သည်။ တစ်စုံတစ်ခုအပေါ် ထူးထူးခြားခြား စိတ်အားထက်သန်မှု ဖြစ်အောင် ရည်ရွယ်သည်။

ထိုသဘောကို ရေမွန်ဘားရက်က–

'ဝတ္ထုတိုသည် ဘဝ၏ တောက်ပမှုနှင့် အလင်းဘက်သို့ ပြုပြင်ပေးလေ့ ရှိသည်။ ယင်းသည် အပြင်းအထန် သဲသဲမဲမဲ စိတ်အားထက်သန်မှုများ၊ ပေါ့ပြက်မှုများကို ထိန်းသိမ်းစောင့်ရှောက်ပေးသည်။ ဝတ္ထုတိုသည် နက်နဲသိမ်မွေ့မှုဆီသို့ ကျွမ်းကျင်လိမ္မာစွာ ပို့ဆောင်ပေးခြင်းကို နှစ်သက်သည်။ ဝတ္ထုတို၌ ထိုခံယူချက်နှင့် ထိုပြုမူမှုများ ပါဝင်သည်'ဟု ဆိုထားပါသည်။၂

ထိုအဆိုကို ကြည့်လျှင် ဝတ္ထုတိုသည် လူ့စိတ်ကို ပြုပြင်ထိန်းသိမ်းပေးနိုင်စွမ်းရှိသည်။ ထိုသို့ ထိန်းသိမ်းပြုပြင်ရာ၌လည်း ဝတ္ထုရေးသူသည် နက်နဲသိမ်မွေ့သော အကြောင်းအရာဆီသို့ ရောက်အောင် ကျွမ်းကျင်လိမ္မာသော ဖန်တီးမှုအတတ်ပညာနှင့် ပို့ဆောင်ပေးသည်ဟု နားလည်ရပါသည်။ ၁၉၀၀ ပြည့်နှစ်က စာရေးသူ၏ ဝတ္ထုတို အယူအဆသည် ယနေ့ခေတ် ဝတ္ထုတို၏ သဘောမျိုးပင် ဖြစ်ပါသည်။

ဝတ္ထုတို၏ သဘောကို လော်ရေးအီးရိုဇကီးစ်က ဝတ္ထုတိုစာရေးသူ စတီဗင်ဗင်းဆင့်ဘင်းနက်၏ အဆိုကို အောက်ပါအတိုင်း ထုတ်နုတ် တင်ပြထားပါသည်။ စတီဗင်ဗင်းဆင့်ဘင်းနက် (Stephen Vinsent Be'net) က 'ဝတ္ထုတိုတစ်ပုဒ်သည် တစ်နာရီတည်းနှင့် ပြီးအောင် ဖတ်နိုင်သော်လည်း တစ်သက်တာလုံး သတိရစေနိုင်သည်'၃ ဟု ဆိုထားပါသည်။

ထိုအဆိုသည် ဝတ္ထုတို ဆိုသည့် စာပေအဆင့်အတန်းနှင့် အကျိုးပြုနိုင်မှုစွမ်းအားကို တိုတိုနှင့် ထိမိပေါ်လွင်စေပါသည်။ ရသမြောက် ဝတ္ထုတိုကောင်း တစ်ပုဒ်သည် ဖတ်မိသည့် အချိန်မှစ၍ တစ်သက်တာလုံး အမှတ်တရ ကျန်ရစ်နေတတ်သည်။ ဘဝပြဿနာများနှင့် ရင်ဆိုင်ရတိုင်း ဆင်ခြင်သိအဖြစ် တိုးဝင်လာတတ်ပါသည်။ အီတလီ စာရေးဆရာ မိုရေးဗီးယား၏ ဝတ္ထုတစ်ပုဒ်နှင့် သာဓကပြလိုပါသည်။

ဝတ္ထုတွင် အဓိကဇာတ်ဆောင်သည် သူငယ်ချင်း၏ ဖိတ်ခေါ်မှုအရ အပန်းဖြေ

၁။ Raymond Barrett, 1900, 4.

၂။ Raymond Barrett, 1900, 5.

၃။ Rozakis, 2004, 78.

mgyoe.com

mgyoe.com SAMPLE BOOK
ခရီးတစ်ခုသို့ လိုက်လာခဲ့သည်။ သူငယ်ချင်း၏ မိတ်ဆွေ အမျိုးသမီးနှစ်ဦးလည်း ပါသည်။ သူငယ်ချင်းက ကားမောင်းပြီး သူ့နံဘေးတွင် အမျိုးသမီးတစ်ဦး ထိုင်နေသည်။ နောက်ခန်းတွင် အဓိကဇာတ်ဆောင် ထိုင်သည်။ နောက်ခန်းတွင် အဓိကဇာတ်ဆောင်သည် သူ့နံဘေးမှ အမျိုးသမီးကို ကြည့်၍ မရပါ။ ရှေ့ခန်းတွင် ထိုင်နေသော အမျိုးသမီး ဖြစ်နေခဲ့လျှင် တော်ပေသေးသည်ဟု တွေးနေသည်။ စခန်းတစ်ခုတွင် ကားရပ်နားရာ သူငယ်ချင်းအား အမျိုးသမီးနှစ်ဦးကို နေရာလဲပေးရန် တောင်းဆိုသည်။ ရှေ့ခန်းမှ အမျိုးသမီးသည် သူ့ နံဘေးသို့ရောက်လာသည်။ ထိုအမျိုးသမီးကိုလည်း ကြည့်မရသည့် ခံစားမှု ဖြစ်ပေါ်လာပြန်သည်။ နောက်စခန်းတစ်နေရာတွင် ကားရပ်နားပြန်ရာ သူငယ်ချင်းအား ရှေ့ခန်းသို့ လာထိုင်မည်ဟု ဆိုသည်။ ရှေ့ခန်းတွင် ထိုင်မိသောအခါ သူငယ်ချင်းကို ကြည့်မရဖြစ်လာပြန်သည်။ စခန်းတစ်ခုနားရာတွင် သူ ဆက်မလိုက်တော့ဟု ဆိုသည်။ မည်သူ့ကိုမျှ ကြည့်မရသောကြောင့် ဖြစ်သည်။ သန့်စင်ခန်းရှိ မှန်ထဲတွင် ကိုယ့်ပုံရိပ်ကို ပြန်မြင်ရသည်။ မိမိပုံရိပ်ကိုလည်း ကြည့်မရဖြစ်လာပြန်သည်။ သူငယ်ချင်းထံ အမြန်သွားပြီး ပျော်ပွဲစားခရီးကို ဆက်လိုက်သွားပါသည်။

တစ်ခါတစ်ရံ အခြားသူများကို ကြည့်မရဖြစ်ကာ ဆက်ဆံရေး အဆင်မပြေသောအခါတွင် ထိုဝတ္ထုလေးကို သတိရလိုက်သည်။ သတိရလိုက်သည်နှင့် မကျေမနပ်မှုများ ပြေပျောက်သွားပါတော့သည်။ မိမိကိုယ်ကိုပင် ဘဝင်မကျနိုင်သော ဤလောကတွင် အခြားသူများကို ဘဝင်မကျခြင်းမှာ အဆန်းမဟုတ်တော့ပါဟု ဆင်ခြင်မိကာ ဘဝအမောပြေသွားရပါသည်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

# ၃။ ဖန်တီးမှုအတတ်ပညာ

ဝတ္ထုတိုသည် တိုတောင်းသော အချိန်ကာလအတွင်း ဖတ်ရှုနိုင်သော စကားလုံး အရေအတွက် နည်းနည်းနှင့် ကျစ်ကျစ်လျစ်လျစ် ရေးသားထားသော်လည်း အလွန် နက်ရှိုင်းသော အကြောင်းအရာကို တင်ပြနိုင်စွမ်း ရှိသည်။ ထိုကဲ့သို့ တင်ပြနိုင်ရန်အတွက် စာရေးသူသည် ဘဝအတွေ့အကြုံနှင့် ပြည့်စုံရမည်။ လောကပတ်ဝန်းကျင်၏ အကြောင်းအရာများအပေါ် စိတ်ဝင်စားမှု ရှိရပါမည်။ စိတ်ဝင်စားသည် ဆိုရာ၌လည်း အလှဘက်၊ အကောင်းဘက်မှ ရှုမြင်၍ ချစ်သော မျက်စိဖြင့် ခံစားကြည့်ရှုနိုင်ခြင်း ဖြစ်ရပါမည်။ ဝတ္ထုတိုကဲ့သို့သော ရသစာပေအဖွဲ့များကို ဖန်တီးရေးဖွဲ့ရာတွင် လောကကို ချစ်ခြင်းသည် အရေးပါသည်၊ လောကဟုဆိုရာ၌လည်း သက်ရှိ၊ သက်မဲ့ အရာဝတ္ထုများအားလုံးပေါ်တွင် ချစ်ခြင်းဖြစ်ပါသည်။ မိမိနှင့်တကွ မိမိပတ်ဝန်းကျင်ရှိ သုခ၊ ဒုက္ခအမျိုးမျိုးနှင့် ခံစားနေကြရသောသူများကို အာရုံဝင်စား မေတ္တာထား၍ ရှုမြင်တတ်သော အလေ့အကျင့် ရှိရပါသည်။ ထိုအာရုံများအပေါ်တွင် ခံစားမှု ရှိရပါသည်။

ဝတ္ထုတိုတစ်ပုဒ်ကို ရေးဖွဲ့ရန်အတွက် ဇာတ်လမ်းကို ဖန်တီးရာတွင် ဒိဋ္ဌလောကသဘောနှင့် စာရေးသူ၏ စိတ်ကူး ဖြည့်စွက်မှုသဘောများ ပေါင်းစည်းကာ ဖန်တီးယူရပါသည်။ စာရေးသူ၏ စိတ်ကူးသည်လည်း ခံစားမှုမှ ပေါက်ဖွားလာသော စိတ်ကူးသာ ဖြစ်ရပါမည်။ ထိုစိတ်ကူးကို အသုံးပြုသော စကားလုံးများမှာမူ ခံစားမှုမှ ပေါက်ဖွားလာသော စကားလုံးများသာ ဖြစ်ရပါမည်။ စာရေးသူသည် ခံစားမှုမှ ဖြစ်ပေါ်လာသော စိတ်ကူးကို စကားလုံးများဖြင့် ဖွဲ့စည်း၍ အကောင်အထည်ဖော် တင်ပြရပါသည်။

ဝတ္ထုတိုဖန်တီးမှု နည်းလမ်းကို ရှိဇကီးစ်က အောက်ပါအတိုင်း ညွှန်ပြထားပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

'စိတ်ကူးစာပေသည် စာရေးသူ၏ စိတ်ကူးပေါ်၌ အခြေခံသောကြောင့် ဖြစ်ရပ်နှင့် ဇာတ်ဆောင်များကို ပြုပြင်မွမ်းမံရသည်။ ထိုသို့မွမ်းမံယူရသော်လည်း ယင်းတွင် ဒိဋ္ဌ လောကကို မြဲခိုင်စွာ အမြစ်တွယ်ထားရသည်'၁

ဟု ဖော်ပြထားပါသည်။

ရိုဇကီးစ်ကပင် ဗာဂျီနီးယားဝုဒ် (Virginia Woolf) ၏ 'စိတ်ကူးနှင့် ဖန်တီးသော ဝတ္ထုတိုသည် ပင့်ကူအိမ်သည် တစ်ခါတစ်ရံ ပေါ့ပေါ့လေး ထိတွယ်ထားသော်လည်း ရှင်သန်မှုအတွက်အတောင်လေးတောင်ကိုအမြဲထိတွယ်ထားသကဲ့သို့ဝတ္ထုတိုသည်လည်း ဒိဋ္ဌလောကကို ဖက်တွယ်ထားသည်' ဟူသော အဆိုကို တင်ပြထားပါသည်။

ဝတ္ထုတိုသည် စိတ်ကူးဖြင့် ဖန်တီးထားသော စာပေ(သို့)စိတ်ကူးစာပေဖြစ်သောကြောင့် ဖန်တီးမှုအတတ်ပညာတွင် စိတ်ကူးသည်လည်း အရေးပါသည်။ လောကအတွေ့အကြုံပေါ်တွင် မိမိ၏ ကိုယ်ပိုင်စိတ်ကူးဖြင့် ကိုယ်ပိုင်သီကုံးရေးသားခြင်း၊ ဇာတ်လမ်းဇာတ်အိမ် ဖန်တီးယူခြင်း၊ ဇာတ်ဆောင်ကို ဒိဋ္ဌလောကနှင့် စိတ်ကူးပေါင်းစပ်၍ ဖန်တီးရေးသားခြင်းတို့သည် ဝတ္ထုတိုအတွက် ဖန်တီးမှုအတတ်ပညာများ ဖြစ်ပါသည်။ စာရေးသူသည် အာရုံခံစားမှု ထက်မြက်ပြီး စိတ်ကူးရာ၌ ကောင်းမွန်သည့်ပြင် ဖန်တီးမှုအတတ်ပညာ ကျွမ်းကျင်ရန် လိုအပ်ပါသည်။

ထိုအကြောင်းနှင့် ပတ်သက်၍ ဖော်ဖော်အောင်က–

'စာရေးခြင်း(ဝါ)ဝတ္ထု၊ ကဗျာ ရေးသားခြင်းကို ဖန်တီးသည်၊ ဖန်တီးမှု၊ ဖန်တီးခြင်း (creat, creation) ဟု ခေါ်ဝေါ်သုံးနှုန်းလေ့ ရှိပါသည်။ ရေးသားဖွဲ့နွဲ့ သီကုံးပြုစု စသည့် ကြိယာအဓိပ္ပာယ်များကို ပေါင်း၍ ဖန်တီးမှု ဟု ပြောလေ့ ရှိပါသည်။ ဖန်တီးမှု၊ ဖန်တီးခြင်း ဆိုရာတွင် အသစ်လုပ်ခြင်း၊ အရင်က မရှိဖူးသော အရာကို လုပ်ခြင်း၊ ဖန်တီးသူကိုယ်တိုင် လုပ်ခြင်း ဟူသော သဘောများ ပါဝင်သည်။ အနုပညာ၏ အလုပ်သည် ဖန်တီးခြင်း ဖြစ်၏။ အနုပညာသမားကို ဖန်တီးသူဟု ခေါ်ဆိုကြသည်။ အနုပညာပစ္စည်းတစ်ခုကို အနုပညာသမားက ဖန်တီးသည် ဆိုရာတွင်လည်း သူကိုယ်တိုင် ဖန်တီးသည်၊ သူမှတစ်ပါး အခြားဘယ်သူ ဘယ်ဝါမှ ဖန်တီး၍ မရနိုင်ဟု အဓိပ္ပာယ်ပေါက်သင့်သည်။ ထို့ပြင် အနုပညာပစ္စည်းတစ်ခုကို တစ်ကြိမ်သာ ဖန်တီး၍ ရသည်။ နောက်တစ်ကြိမ် ထပ်ဖန်တီး၍ မရဟု နားလည်အပ်ပါသည်' ၂

ဟု ဆိုထားပါသည်။

ထို့ကြောင့် ဝတ္ထုတို ဟူသော အနုပညာပစ္စည်းကို ဖန်တီးရာတွင် စာရေးသူသည် ကိုယ်ပိုင်အတွေ့အကြုံကို အခြေခံ၍ ကိုယ်ပိုင်ခံစားမှုကို မွေးမြူပြီးလျှင် ကိုယ်ပိုင်စိတ်ကူးများကို ဖွဲ့စည်းတည်ဆောက်ပြီးနောက် ကိုယ်ပိုင် အရေးအသားဖြင့် ရေးဖွဲ့သီကုံးရခြင်း ဖြစ်သည်ဟု နားလည်ရပါသည်။ ဖန်တီးရယူထားသော အနုပညာပစ္စည်းသည် ဖန်တီးသူ

၁။ Rozakis, 2004 , 82.

၂။ ဖော်ဖော်အောင်၊ ၂၀၀၄၊ ၂၄–၁၅ ။

mgyoe.com

mgyoe.com SAMPLE BOOK
အနုပညာရှင်၏ ကိုယ်ပိုင် ဖြစ်ပါသည်။ ဝတ္ထုတိုတွင် အကြောင်းအရာ စိတ်ကူးစိတ်သန်းသည် မည်မျှပင် ကောင်းမွန်သော်လည်း ဖန်တီးမှုအတတ်ပညာ မကျွမ်းကျင်လျှင် ပုံကောင်းပုံလှ မဖြစ်နိုင်ပေ။ လူအများစုသည် မြင်နေကျ ဖြစ်သော သဘာဝရှုခင်း အနေအထားတို့ကို မြင်ဖူးခဲ့ကြသည်။ ဘဝဖြစ်ရပ်များကိုလည်း မြင်ခဲ့ဖူး၊ ကြားခဲ့ဖူး၊ တွေ့ခဲ့ဖူးကြသည်။ သို့ရာတွင် အနုပညာသမား ဖန်တီးရှင်တို့၏ ခံစားမှုသည် ထူးခြားထက်မြက်ရမည်သာ ဖြစ်ပါသည်။ အာရုံခံစားမှု ထူးခြား ထက်မြက်လေလေ အနုပညာဖန်တီးမှုစွမ်းအား ကောင်းမွန်လေလေ ဖြစ်သည်ကို ဇော်ဇော်အောင်က–

'ပမာ ဆိုပါတော့၊ ပျဉ်းမငုတ်တို ကဗျာကို လောကစံကို ကြွံကြွံခံ အန်တုခြင်း ဟု အားလုံး နားလည်ကြသည်။ ပျဉ်းမငုတ်တိုကြီးကို တကယ့် ဒိဋ္ဌဓမ္မ လောကမြင်၍ ထိုကဗျာ ဖြစ်လာသည်သာ။ လောကစံ အကြောင်းတရားအကြောင်း တွေးမိ၍ ပျဉ်းမငုတ်တိုကဗျာ ရေးဖွဲ့သည်သာ။ ထိုကဗျာထဲတွင် ပါသော စကားလုံးတွေ၊ အလင်္ကာတွေ၊ အသံတွေကို ဘယ်လို စဉ်းစားမိသလဲ၊ ဘာကြောင့် ဤနေရာမှာ ဤစကားလုံးကို သုံးသလဲ၊ အခြား နိမိတ်ပုံ တစ်ခုခုကို ဘာကြောင့် မသုံးသလဲ အစရှိသော ကိစ္စများကို ကျွန်တော်တို့ မသိရပါ။ ယင်း ကိစ္စများသည် အထက်တွင် ဆိုခဲ့သော ဖန်တီးမှုအစဉ် (Creative process) အတွင်းမှာ ရှိသည်။ ကဗျာစပ်ဖို့ အာရုံခံစားမှုတစ်ခု စတင် ရရှိသည်မှစ၍ ကဗျာတစ်ပုဒ်လုံး ရေးပြီးသွားသည်အထိကို ဖန်တီးမှုအစဉ် ခေါ်ရပါမည်ဟု ဆိုထားပါသည်။ ဝတ္ထုတိုဌ်လည်း ဝတ္ထုရေးရန် အာရုံခံစားမှုတစ်ခု ရရှိချိန်မှ စ၍ စလယ်ဆုံး သုံးပါး ညီညွတ်စွာဖြင့် ဝတ္ထုပြီးဆုံးသွားသည်အထိကို ဖန်တီးမှုအစဉ်ဟု ဆိုရမည် ဖြစ်ပါသည်'[၁]

ဟု ဖော်ပြထားပါသည်။

စာပေအနုပညာ ဖန်တီးရေးသားခြင်းသည် လူသား၏ စွမ်းဆောင်ချက် တစ်ရပ်ပင် ဖြစ်သည်။ ထိုစွမ်းဆောင်ချက်ကိုပင် အနုပညာစကားနှင့် ကြည့်လျှင် ဖန်တီးသည်ဟု သုံးစွဲကြသည်။ ဝတ္ထုတိုအကြောင်းများနှင့် ပတ်သက်၍ ဇော်ဇော်အောင်က–

'အနုပညာသည် လူသား၏ အလုပ်တစ်ခု၊ လုပ်ဆောင်ချက်တစ်ခု ဖြစ်ခြင်းသည် ပေါ်လွင်ထင်ရှားသည်။ (Human Activity) ဟု ခေါ်တတ်ကြသည်။ စာပေအနုပညာ ကဗျာ၊ ဝတ္ထု ရေးခြင်း၊ ပန်းချီဆွဲခြင်း၊ ပန်းပုထုခြင်း၊ ဂီတသီချင်းရေးခြင်း၊ ဗိသုကာအဆောက်အအုံ ပုံစံထုတ်ခြင်းတို့ကို ဖန်တီးသည်၊ ဖန်တီးမှုအနုပညာဟု ခေါ်သည်။ (creat, creation, creative art)၊ အနုပညာဖန်တီးမှုနှင့် ခံစားမွေ့လျော်မှုအကြောင်းနှင့် ပတ်သက်၍လည်း စာပေအနုပညာကို ဖန်တီးသူက ဖန်တီးသည်။ စာပေအနုပညာပစ္စည်း ဟူ၍ ရှိလာသည်။ ထိုပစ္စည်းကို ပရိသတ်က ခံစား မွေ့လျော်သည်။ ပရိသတ်နှစ်မျိုး ရှိသည်။ အထွေထွေသာမန်ပရိသတ်နှင့် လေ့လာသူ ဟူ၍ ဖြစ်သည်'[၂] ဟု ရှင်းလင်းတင်ပြထားပါသည်။

---

၁။ ဇော်ဇော်အောင်၊ ၂၀၀၄၊ ၂၅ ။
၂။ ဇော်ဇော်အောင်၊ ၂၀၀၄၊ ၂၇ ။

mgyoe.com

mgyoe.com SAMPLE BOOK

စာပေ အနုပညာကို ရေးသားခြင်းကိုပင်လျှင် ဖန်တီးမှုအတတ်ပညာဟု ခေါ်ဝေါ် သုံးနှုန်းကြပါသည်။ ထိုအသုံးအနှုန်းကို ဆင်ခြင်ကြည့်လျှင် စာပေအနုပညာလက်ရာသည် ရေးဖွဲ့ဖန်တီးသူ၏ပင်ကိုအရည်အသွေးနှင့် အာရုံခံစားမှုစွမ်းရည်ပေါ်တွင် မူတည်နေသည်ဟု ဆိုရပါမည်။ ထို့အတူပင် ခံစားသူပရိသတ်အပိုင်းမှာလည်း သာမန်အားဖြင့် စိတ်ဖျော်ဖြေရေး အတွက် ဖတ်ရှုသူ ပရိသတ်လည်း ရှိနိုင်သည်။ ထိုအနုပညာလက်ရာအပေါ် လေ့လာဆန်းစစ် သည့် ပရိသတ်လည်း ရှိနိုင်သည်။ ထိုပရိသတ်နှစ်မျိုးလုံး၌လည်း အာရုံခံစားနိုင်မှု စွမ်းအား အနိမ့်၊ အမြင့် အဆင့်ဆင့် ကွဲပြားနိုင်သည်။ အာရုံခံစားနိုင်မှု စွမ်းအားပေါ်တွင် အခြေခံ၍ ရသခံစားနိုင်မှု အနိမ့်၊ အမြင့်သည်လည်း ကွာခြားနိုင်ပါသည်' ၁

ဟု ထင်မြင်မိပါသည်။

စာရေးသူအပိုင်းမှလည်း အာရုံခံစားမှုစွမ်းအင် ထက်မြက်သည်နှင့်အမျှ စိတ်ကူး လည်း ထက်မြက်နိုင်သည်။ စိတ်ကူးထက်မြက်သည်နှင့်အမျှ အရေးအဖွဲ့စွမ်းအားလည်း ထက်မြက်နိုင်သည်ဖြစ်၍ စာရေးဆရာတစ်ဦးနှင့် တစ်ဦး ဖန်တီးတင်ပြပုံ အရည်အသွေး ကွဲပြားခြားနားမည်သာ ဖြစ်ပါသည်။ ထိုအကြောင်းနှင့် ပတ်သက်၍ ပါမောက္ခဦးတင်ရွှေက-

'အနုပညာလက်ရာတစ်ရပ်သည် ဖန်တီးသူ စာပေအနုပညာရှင်၏ ပင်ကိုစွမ်းအား အပေါ်၌ မူတည်နေကြောင်း ဆိုရာရောက်ပါသည်။ ပင်ကိုစွမ်းရည်သည် စာပေအနုပညာရှင် ၏ အရင်းခံအကျဆုံးသော အဓ္ဈတ္တအရည်အချင်းပင် ဖြစ်သည်။ ထိုအရည်အချင်းကို စာပေ အနုပညာရှင်၏ စာပေအနုပညာလက်ရာ အသွင်သဏ္ဌာန်များမှ တစ်ဆင့်သာလျှင် ထွင်းဖောက် ၍ သိရသည်' ၂

ဟု ဆိုထားပါသည်။

စာပေအနုပညာကို ဖန်တီးသူများအနေနှင့် အာရုံခံစားမှု ထက်မြက်ပြီးလျှင် ထူးခြားသော တီထွင်မှု အထုံပါရမီ၊ ဘာသာစကား ကျွမ်းကျင်မှုတို့ လိုအပ်သည်။

ထို သဘောကို ပါမောက္ခဦးတင်ရွှေက-

'ထူးခြားသော မူပိုင်ဟန် မရှိသော အနုပညာရှင်သည် သာမန်အနုပညာရှင် မျှသာ ဖြစ်သည်။ တီထွင်မှု မရှိသော၊ အထုံပါရမီ မရှိသော စာပေအနုပညာရှင်၏ ခံစားမှု သည် သာမန်ခံစားမှုသာ ဖြစ်ချေသည်'

ဟု ဆိုမိန့်ခဲ့ပါသည်။

ဝတ္ထုတိုကဲ့သို့ ရသစာပေကို ဖန်တီးမှုသည် ဒိဋ္ဌဓမ္မလောကကို အခြေခံရသော စာပေ ဖြစ်သောကြောင့် လောကဝန်းကျင် အတွေ့အကြုံ ရင့်ကျက်ရန် လိုအပ်သည်။ နှံ့စပ် ရန် လိုအပ်သည်။ သို့မှသာလျှင် တစ်ပုဒ်နှင့် တစ်ပုဒ် မတူကွဲပြားသော ဝတ္ထုတိုများကို ဖန်တီးနိုင်မည် ဖြစ်ပါသည်။ အများအားဖြင့် နာမည်ကျော် စာရေးဆရာများသည် စာရေးစ

---

၁။ ဇော်ဇော်အောင်၊ ၂၀၀၄၊ ၂၇ ။

၂။ တင်ရွှေ (ပါမောက္ခ)၊ ဦး၊ ၂၀၀၂၊ ၃၃ ။

mgyoe.com

mgyoe.com SAMPLE BOOK

အချိန်ကာလတွင် အသက်အရွယ် နုနယ်သည်နှင့်အမျှ အရေးအဖွဲ့များမှာလည်း နုနယ်နေတတ်သည်။ ဇာတ်လမ်း၊ ဇာတ်ဆောင် ဖန်တီးတင်ပြပုံမှာလည်း အသင့်ယုတ္တိ အားနည်းတတ်သည်။ တဖြည်းဖြည်း ရင့်ကျက်လာသည်နှင့်အမျှ ဖန်တီးသော စာပေများသည် ရသအာနိသင် တိုးပွား ထက်မြက်လာတတ်ပါသည်။ စာရေးသူတို့၏ ဘဝအတွေ့အကြုံ အနုအရင့်ပေါ်မူတည်၍ စာဖတ်သူ၏ အပိုင်းမှလည်း ခံစားမှုရသ အနု အရင့် ကွာခြားပုံကို မောင်ခင်မင်(ဓနုဖြူ)က–

'ဖန်တီး ရေးဖွဲ့သူ၏ စေတနာ အတိုင်းအဆ၊ ပတ်ဝန်းကျင် ဘဝအတွေ့အကြုံ အနု အရင့်၊ ဘာသာစကားဖြင့် ဖန်တီးရေးဖွဲ့မှု စွမ်းရည် အတိုင်းအဆတို့ကို အကြောင်းပြု၍ စာဖတ်သူ ခံစားရသော ရသတိုင်းသည်လည်း အနု၊ အရင့် ကွာခြားတတ်သည်။ ရသစာပေအဖွဲ့တစ်ခု ဖြစ်လာပြီဆိုလျှင် စာဖတ်သူကို ရသခံစားမှု ပေးနိုင်စွမ်း အနည်းနှင့် အများရှိသည်ချည်း ဖြစ်သည်'

ဟု ဆိုခဲ့ပါသည်။

ဝတ္ထုတိုသည် ရသစာပေ ဖြစ်သောကြောင့် ဝတ္ထုတိုရေးသူ၊ သို့မဟုတ် ဝတ္ထုတိုဖန်တီးသူသည် စာဖတ်သူ၌ ရသခံစားမှု ဖြစ်ပေါ်စေရန် သူ၏ အနုပညာအစွမ်းဖြင့် ရေးသားတင်ပြရမည် ဖြစ်ပါသည်။

စာပေသည် ဖန်တီးမှုလုပ်ငန်း ဖြစ်ပါသည်။ ယင်းကို အနုပညာဟု ဆိုပါသည်။ စာပေဖန်တီးမှုတွင် ခံစားမှု၊ စိတ်ကူး၊ ဆင်ခြင်ဉာဏ်တို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိပါသည်။ စာရေးသူသည် ဘဝအတွေ့အကြုံ၊ အကြား၊ အမြင် တစ်ခုခုအပေါ်တွင် ခံစားမည်၊ ခံစားရာမှ ဆင်ခြင်ကြည့်မည်၊ ဆင်ခြင်ရာမှ အတွေးအမြင်တစ်ခုခု ရလာမည်၊ စာဖတ်သူအား ဖြန့်ဝေပေးလိုသော စေတနာ ဖြစ်ပေါ်လာမည်၊ ယင်းသည် စာ၏ရည်ရွယ်ချက်(ဝါ)အာဘော် ဖြစ်သည်။ စေတနာ ရည်ရွယ်ချက်(ဝါ) အာဘော်ကို စာဖတ်သူတို့နားလည် ခံစားနိုင်စေရန် ရသစာပေအသွင်သို့ ကူးပြောင်းဖန်တီးယူရာ၌ စိတ်ကူး ပါလာသည်။ စာရေးသူက စာပေဖန်တီးရာ၌ ခံစားမှု၊ စိတ်ကူး၊ ဆင်ခြင်ဉာဏ်တို့ကို သုံးရသည်။ ခံစားသူ စာဖတ်ပရိသတ်တွင် စာရေးသူ၏ ခံစားမှု၊ စိတ်ကူး၊ ဆင်ခြင်ဉာဏ်တို့ကို ရေးသူ၏ အရည်အသွေးအလျောက် လည်းကောင်း၊ ဖတ်သူ၏ ခံစားနိုင်မှု၊ စိတ်ကူးကို လက်ခံနိုင်မှု၊ ဆင်ခြင်နိုင်မှု အရည်အသွေးအလျောက် လည်းကောင်း အကျိုးသက်ရောက်မှု ရှိမည် ဖြစ်ပါသည်။ ဝတ္ထုတိုအပါအဝင် စာပေက လူမှုကိစ္စသဘော ဆောင်လာပြီးလျှင် လူ့အဖွဲ့အစည်းအပေါ် အကျိုးသက်ရောက်မှု ရှိလာရပါသည်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

# ၄။ ဝတ္ထုတိုသမိုင်း

## ၄၊ ၁။ ကမ္ဘာ့ဝတ္ထုတိုသမိုင်း

ဝတ္ထုတိုသည် အလွန် ရှေးကျသော စာပေအဖွဲ့ပုံစံတစ်မျိုး ဖြစ်သည်။ အစောဆုံး ဝတ္ထုတိုမှာ ဘီစီ ၃၀၀၀ ခန့်တွင် အီဂျစ်ပြည်၌ ကျူပင်မှ ရသော Papyrus စက္ကူတစ်မျိုးပေါ်တွင် ရေးသားထားသော အီဂျစ်ပုံပြင်များ ဖြစ်သည်။ ထိုဇာတ်ကြောင်းပြော ပုံပြင်များကို အုတ်ဂူများပေါ်တွင် ရေးသားထားသည်ကို တွေ့ရှိချိန်မှစ၍ ရှေးအီဂျစ် လူမျိုးများသည် တမလွန်ဘဝ၌ပင် စာကောင်းပေကောင်းများကို ဖတ်ရှုမှုသည် အရေးပါသည်ဟု ယူဆခဲ့ကြောင်း နားလည်ရပါသည်။

အခြားသော တိုင်းပြည်များတွင်လည်း ပုံပြင်များ ပေါ်ထွန်းခဲ့ပါသည်။ အိန္ဒိယနိုင်ငံမှ ဇာတကဟု ခေါ်သော ဗုဒ္ဓ၏ အကြောင်းများသည် ဘီစီ ၅၀၀ ခန့်တွင် ပေါ်ထွန်းခဲ့သည်။ ထို့ပြင် ပဉ္စတန္တရ ခေါ် ဟိန္ဒူတိရစ္ဆာန်ပုံပြင်များလည်း ရှိခဲ့သည်။ ဤတိရစ္ဆာန်ပုံပြင်များသည် လူတို့အား ကိုယ်ကျင့်တရားကောင်းမွန်ရန် ညွှန်ပြပေးသည်။ ဂရိလူမျိုး ကျေးကျွန်တစ်ဦး၏ အီစွတ်ပုံပြင်များသည် ဘီစီ ၆ ရာစုတွင် ပေါ်ထွန်းခဲ့သည်။ ဘိုင်ဘယ်(Bible) ခေါ် သမ္မာကျမ်းစာများသည်လည်း ဝတ္ထုတို ပေါ်ထွန်းရန်အတွက် အထောက်အပံ့ပေးသည်။

အလယ်ခေတ်တွင် ဇာတ်ကြောင်းပြော ဝတ္ထုတို ပုံသဏ္ဍာန်များ ပေါ်ပေါက်လာသည်။ ချောစား (Chaucer)၏ ကန်တာဘာရီပုံပြင်များ (canterbary tales 1387–1395) သည် ထင်ရှားသော ပုံစံများ ဖြစ်သည်။ ထိုပုံပြင်များသည် ကိုယ်ကျင့်တရားဆိုင်ရာ စံပြပုံပြင်များ ဖြစ်သည်။ ရှစ်ရာစုနှစ်တွင် ပေါ်ထွန်းခဲ့သော စိတ်ကူးယဉ်ပုံပြင်အတွဲများအဖြစ် တစ်ထောင့်တစ်ညပုံပြင် (The Arabian Nights) များ ပေါ်ထွန်းလာသည်။ သို့ရာတွင် ယင်း ပုံပြင်များသည် ပြင်သစ်၌ ၁၇၀၄ ခုနှစ်တွင် ဦးစွာ ပုံနှိပ်ခဲ့သည်။ ခေတ်ပေါ် ဝတ္ထုတိုများ

mgyoe.com

mgyoe.com SAMPLE BOOK

မှာမူ ဈေးကွက် နှင့် စီးပွားဖြစ် မဂ္ဂဇင်းများ၌ ၁၉ ရာစုတွင် အမြောက်အမြား ပေါ်ထွန်းလာပါသည်။ ဝါရှင်တန်အိုင်ဗင် (1783–1859) ကို ဝေဖန်ရေးဆရာ အများစုက 'ခေတ်ပေါ်ဝတ္ထုတိုများ၏ ဖခင်' အဖြစ် အလေးထားကြသည်။ ဝါရှင်တန်အိုင်ဗင်က ဝတ္ထုတို၏ ရည်ရွယ်ချက်သည် ညွှန်ကြားရန် မဟုတ်ဘဲ ဖျော်ဖြေရန်ဟု မြင်သည်။ အမေရိကန်နှင့် ဥရောပသမိုင်းများ၊ ပုံပြင်များ၊ လူ့အဖွဲ့အစည်း အကြောင်းများကို လေ့လာပြီးလျှင် စုစည်း၍ ဖျော်ဖြေမှုရရန် ရေးသားသည်။

အမေရိကန် စာရေးဆရာနှင့် စာပေဝေဖန်ရေးဆရာဖြစ်သော အက်ဂါအယ်လင်ပိုး (Edgar Allan Poe 1809–1849)၏ ဝတ္ထုတိုများသည် သေချာ ကောင်းမွန်အောင် ရေးထားသော ဝတ္ထုတိုများဟု ဆိုနိုင်သည်။ ဝါရှင်တန်အိုင်ဗင်ကို ဝတ္ထုတို၏ဖခင်ဟု ဆိုနိုင်သည်။ သို့ရာတွင် အယ်လင်ပိုးသည် ဝတ္ထုတိုကို အရှိန်မြင့်တင် ပုံသွင်းယူပြီးလျှင် ယနေ့ ရင်းနှီးနေသော ဝတ္ထုတို အသွင်သို့ ရောက်အောင် ပြုပြင်ဖန်တီးယူနိုင်ခဲ့သူ ဖြစ်သည်။ အက်ဂါအယ်လင်ပိုးက ဝတ္ထုတိုသည် သီးသန့်တစ်မျိုးတည်းဖြစ်ပြီး တစ်မူထူးခြားသော အကျိုးသက်ရောက်မှု ရှိရမည်။ ဝတ္ထုတိုတွင် ပါဝင်သော စကားလုံးတိုင်း၊ ဝါကျတိုင်းသည် အကြောင်းအရာ အရေးကိစ္စ ဖြစ်ရမည်။ အက်ဂါအယ်လင်ပိုး၏ အဆိုအရဆိုလျှင် ဝတ္ထုတိုကို ပညာရှင် အများစုက စာလုံးရေ၊ ဖတ်ရှုသည့် အချိန်တို့ကို ကန့်သတ်တင်ပြလေ့ ရှိသည်။ အက်ဂါအယ်လင်ပိုးကလည်း ဝတ္ထုတို၏ ဖတ်ရှုချိန်ကို တစ်နာရီမှ နှစ်နာရီအတွင်းဟု သတ်မှတ်ခဲ့သည်။ ဝတ္ထုတိုနှင့် ပတ်သက်သည့် စည်းမျဉ်းများအပေါ် အက်ဂါအယ်လင်ပိုး၏ စည်းမျဉ်းမှာ တင်းကျပ်သည်။ သူ၏အမြင်အရ စည်းလုံးသော အကျိုးသက်ရောက်မှု ရရှိရန်အတွက် စံပြဝတ္ထုတိုသည် ဖတ်ရှုသူအား ရပ်နားချိန် မရှိ ဖြစ်ရမည်။ ဆိုလိုသည်မှာ အမှန်တကယ် ကောင်းမွန်သော ဝတ္ထုတိုတစ်ပုဒ်ကို ဖတ်လျှင် စာဖတ်သူအနေနှင့် ရပ်နားချိန်မရှိအောင် အဆက်မပြတ် ဖတ်လိုစိတ် ရှိနေရမည်။ ထိုသို့ ဖြစ်ရန် ဝတ္ထုတိုရေးသူက စကားလုံးတိုင်း၊ ဝါကျတိုင်းတွင် အပိုအလို မရှိစေရ။ ဝတ္ထုတွင် ပါဝင်သမျှ စကားလုံးတိုင်း၊ ဝါကျတိုင်း၊ စာပိုဒ်တိုင်းသည် ဆိုလိုသည့် ရည်ရွယ်ချက် အကြောင်းအရာဆီသို့ ပို့ဆောင်ပေးနိုင်သော အချက်များသာ ဖြစ်ရမည်ဟု ဆိုလိုပါသည်။

စာဖတ်သူ၏ အာရုံကို ဝတ္ထုမဆုံးမချင်း အခြားသို့ မလွင့်နိုင်အောင် ဖမ်းစားနိုင်သည့် စိတ်ကူး၊ ဇာတ်လမ်းဖွဲ့စည်းပုံ၊ ဇာတ်ဆောင်ဖွဲ့စည်းပုံ၊ နောက်ခံအဖွဲ့၊ ပြောစကားတို့သည် ပြောင်ပြောင်မြောက်မြောက် ဖွဲ့ဖွဲ့စည်းစည်းနှင့် ရည်ရွယ်ချက်ဆီသို့ အတူပေါင်းစည်း၍ အရောက်သွားရမည် ဖြစ်သည်။

ဝတ္ထုတိုများတွင် အချိန်ကန့်သတ်မှု၊ စာလုံးကန့်သတ်မှုများသည် အကြောင်းမဲ့ မဟုတ်ဘဲ ဝတ္ထုတိုရေးသူ၏ ဖန်တီးမှုအတတ်ပညာကို မှတ်ကျောက်တင်ခံနိုင်ရန်နှင့် လူ့လောက အကျိုးပြု ဝတ္ထုတိုကောင်းတစ်ပုဒ်၊ ရသမြောက် ဝတ္ထုတိုကောင်း တစ်ပုဒ်ဖြစ်စေရန် ရည်ရွယ်သည်ဟု ဆိုရပါမည်။

mgyoe.com

mgyoe.com SAMPLE BOOK

အက်ဂါအယ်လင်ပိုးက 'အကျိုးသက်ရောက်မှု ရှိစေမည့် ဖန်တီးမှုတွင် ကြောက်ရွံ့မှု၊ ပြင်းထန်သော ချစ်ခြင်း စသည့် ခံစားမှုများ ပါဝင်အောင် ဖန်တီးရမည်။ ထို့ပြင် အခြားသော ခံစားမှုများ ဖြစ်ပေါ်စေမည့် နည်းစနစ်များကို အသုံးချရမည်' ဟု ဆိုထားပါသည်။ အက်ဂါ အယ်လင်ပိုးသည် ဝတ္ထုတို ပေါ်ပေါက်လာရန်နှင့် လူကြိုက်များ ထင်ရှား လေးစားရသော စာပေအဖွဲ့ ဖြစ်လာအောင် တာဝန်ယူခဲ့သူ ဖြစ်ပါသည်။ အက်ဂါ အယ်လင်ပိုး၏ ဝတ္ထုများသည် ကောင်းစွာ ဖန်တီးပြုလုပ်ထားသော ဝတ္ထုတိုအမျိုးအစား ဖြစ်သည်။

ရုရှစာရေးဆရာ အင်တွန်ချက်ကော့ (Anton Chekhov) သည် ၂၀ ရာစုတွင် စိတ်ကူးနှင့် ဖန်တီးသော ဝတ္ထုတိုဆရာများထဲတွင် ထင်ရှားသူ ဖြစ်သည်။ ချက်ကော့၏ ရာနှင့်ချီသော ဝတ္ထုတိုများသည် ထိရောက်သော အကျိုးသက်ရောက်မှုများ ရှိပြီးလျှင် အနုပညာလောကကို အလွန် ဩဇာသက်ရောက်ခဲ့သည်။ ချက်ကော့၏ ဝတ္ထုတိုများသည် ဇာတ်လမ်းအားနည်းသည့် စည်းလုံးညီညွတ်မှုရှိသော ဝတ္ထုတိုများ ဖြစ်သည်။ အက်ဂါအယ် လင်ပိုး၏ ဝတ္ထုများမှာမူ သည်းထိတ်ရင်ဖို ခံစားမှုများကို ပေးနိုင်သော လျှို့ဝှက်သည်းဖို ခံစားမှုများ ပါဝင်လေ့ ရှိသည်။

ဝတ္ထုတို၏ သက်တမ်းကာလ ရှည်ကြာလာသည်နှင့်အမျှ ရှေးဦးပိုင်းကာလ များ၏ ဝတ္ထုရေးနည်းနှင့် နှောင်းခေတ် ဝတ္ထုရေးနည်းတို့ မတူဘဲ ပြောင်းလဲလာသည်။ အက်ဂါအယ်လင်ပိုးနှင့် ချက်ကော့၏ ရေးနည်းမှာ မတူဘဲ ကွဲပြားလာသည်။

ထိုသဘောကို မောင်ဆွေတင့်က–

'ချက်ကော့ အစရှိသည့် သရုပ်မှန်အယူအဆဖြင့် ဝင်ရောက်လာသော စာရေးဆရာများ ခေတ်တွင်မှ ဝတ္ထုတိုများတွင် ဇာတ်လမ်းနှင့် ဇာတ်အိမ်၊ ဇာတ်ကွက်ကို အသားပေးသော နည်းစနစ်များဖြင့် မရေးတော့ဘဲ လူ့စရိုက်၊ လူ့သဘာဝများကို ပတ်ဝန်းကျင် အခြေ့အသက် ဖြင့် သရုပ်ပီပြင်စွာ ဖော်ကျူးတင်ပြသော အရေးအသား ဖွဲ့စည်းပုံ နည်းစနစ်များ၊ ဇာတ်၏ ပဓာနကျသော နေရာမှ စတင်ကာ သရုပ်ဖော် ရေးသားထားသော နည်းများ ပေါ်ထွက်လာ ပါသည်'[၁]

ဟု ဆိုခဲ့ပါသည်။

ချက်ကော့သည် လူ့ဘဝ၏ တစ်စိတ်တစ်ဒေသကို လှစ်ဟတင်ပြသော ဝတ္ထုတို များကို ရေးလေ့ ရှိသည်။ လူ့စရိုက်မျိုးစုံကိုလည်း ရေးသား တင်ပြရာ၌ ချက်ကော့နှင့် ပတ်သက်၍ ကျော်အောင်က–

'ချက်ကော့သည် ဇာတ်ကောင်ကို နီးနီးကပ်ကပ် မကြည့်၊ ခွာကြည့်သည်။ ပြီးတော့ မသိမသာပင် တာဝန်ယူသည်။ သူသည် ရှေ့နေနေရာက မကြည့်၊ ဆရာဝန်နေရာ က ကြည့်သည်။ သူကိုယ်တိုင်ကလည်း ဆရာဝန်တစ်ယောက်ဖြစ်ရာ အိပ်ရာဘေးတွင် ထိုင်ကာ လူနာ၏ လက်ကို ဆုပ်ကိုင်၍ ဆက်ဆံသည်။ သူ့မှာ အကြင်နာကြီးသည်။ စာနာစိတ် အားကြီးသည်။ သူ့ဇာတ်ဆောင်တို့နှင့် ပတ်သက်ရင် သူတို့လမ်း သူတို့သွားကြတာပဲ ဆိုတာ ကျွန်တော် သိပါသည်။ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးကြတာချည်းပဲပေါ့။ ဒါပေမဲ့ ဘယ်လို

၁။ ဆွေတင့်၊ မောင်၊ ၁၉၇၃၊ ၁၈ ။

mgyoe.com

mgyoe.com SAMPLE BOOK

ကံကြမ္မာကြောင့် ဒီလို ဖြစ်လာရလဲ ဆိုတာ ကျွန်တော် သိချင်တယ်။ အကြောင်းတော့ ရှိရမယ်။ သေးသေးမွှားမွှားလေးပဲ ဖြစ်ဖြစ် အကြောင်းတော့ ရှိရမယ်။ ထိုသေးမွှားသည့် အကြောင်းလေးကို ချက်ကော့ တွေ့အောင် ရှာသည်။ တွေ့လျှင် ခဏဆုပ်ကိုင်ထားပြီး မြင်သာအောင် ပြသည်။ ဤသည်မှာ ချက်ကော့၏ အဖြေရှာနည်း ဖြစ်သည်'၁

ဟု ဖော်ပြထားပါသည်။

ချက်ကော့နှင့် ခေတ်ပြိုင် ပြင်သစ်စာရေးဆရာ ဖြစ်သူ မောလ်ပါးဆွန်းကမူ ဇာတ်ဆောင်ကို ဖန်တီး တင်ပြရာ၌ ချက်ကော့နှင့် မတူပေ။ သူတို့နှစ်ဦး မတူညီပုံကို ကျော်အောင် က–

'မောလ်ပါးဆွန်းသည် သူ့ဇာတ်ဆောင်များနှင့် အမှုသည်လို ဆက်ဆံသည်။ သူက ရှေ့နေလို ကြည့်သည်။ ငိုရ၊ ရယ်ရတာတွေ သူနှင့် မဆိုင်၊ ဝမ်းသာ၊ ဝမ်းနည်း ဖြစ်ရတာတွေ သူ့ကိစ္စ မဟုတ်။ သူတို့ဆီက ဘာရမလဲ ငိုစားရယ်စား သဘောသာ ဖြစ်သည်။ ငါ ချူယူရမယ်။ ဇာတ်ဆောင်တို့ကို ဤသဘောထားနှင့် ကိုင်တွယ်သည်။ သည်အမှုသည် မိန်းမရဲ့ ပျော့ကွက်က ဘာလဲ၊ သူ့မှာ ပိုက်ဆံရှိသလား။ သူတို့လုပ်ကိုင်နေတာတွေက သူတို့ တာဝန်နဲ့ သူတို့ပဲ၊ သူ့လမ်း သူသွားလိမ့်မယ်၊ ကျုပ်ကိစ္စကတော့ သူတို့ အရှိအတိုင်း တင်ပြဖို့ပဲ' ၂

ဟု တင်ပြထားပါသည်။

မောလ်ပါးဆွန်းရော ချက်ကော့ပါ အနုပညာနှင့် ဝတ္ထုတိုအတတ်ပညာကို ပိုင်နိုင်ကြသူများ ဖြစ်သည်။ သူတို့ နှစ်ဦးစလုံးသည် တိုတိုနှင့် လိုရင်းကို အနှစ်ချုပ် ရေးသားလေ့ရှိသည်။ ချက်ကော့နှင့် မောလ်ပါးဆွန်းတို့၏ ဝတ္ထုတိုရေးသားပုံကို ကျော်အောင်က–

'ချက်ကော့နှင့် မောလ်ပါးဆွန်းတို့သည် လူတို့၏ စရိုက်လက္ခဏာတို့မှ ပျော့ကွက်၊ အားနည်းကွက်များကို ယူကာ ယင်းတို့မှာ ခွင့်လွှတ်စရာချည်းသာ ဖြစ်သည်။ လူဆိုသည်မှာ အကောင်း၊ အဆိုး ရှိသည်။ လှတာ၊ ရုပ်ဆိုးတာ ရှိသလို နှလုံးကောင်းတာ၊ နှလုံးပုပ်တာလည်း ရှိသည်။ အသင့်အတင့် နှလုံးသွင်းကာ ခွင့်လွှတ်ကြဖို့သာတည်းဟု ပြောလိုကြသည်။ ဤသည်မှာ သူတို့ ရေးဖွဲ့စရာ အကွက်များ ဖြစ်သည်'၃

ဟု တင်ပြထားပါသည်။

သိပ္ပံပညာ ထွန်းကားလာသော ခေတ်တွင် အင်္ဂလန်၌ အိတ်ချ်ဂျီဝဲလ်သည် သိပ္ပံစာရေးဆရာအဖြစ် ကျော်ကြားလာသည်။ အက်ဂါအယ်လင်ပိုး၏ နောက်လိုက် အိတ်ချ်ဂျီဝဲလ်သည် သိပ္ပံလောက တစ်ခေတ်တွင် ဝတ္ထုတိုများကို ရေးဖွဲ့ခဲ့သည်။ သူကဲ့သို့ပင် အက်ဂါအယ်လင်ပိုး၏ ပုံစံမျိုးကိုယူ၍ ဝတ္ထုတိုရေးသားသူမှာ အာသာကွန်နင်တွိုင်း (Arthur Conan Doyle 1859-1930) ဖြစ်သည်။ သူသည် ရှားလော့ဟုမ်းဝတ္ထုတိုများဖြင့် စုံထောက် စာပေနယ်ပယ်ကို ချဲ့ထွင်ခဲ့သည်။

---

၁။ ကျော်အောင်၊ ၁၉၇၉၊ ၅၆၊ ၅၇ ။

၂။ ကျော်အောင်၊ ၁၉၇၉၊ ၅၆ ။

၃။ ကျော်အောင်၊ ၁၉၇၉၊ ၅၈ ။

mgyoe.com

mgyoe.com SAMPLE BOOK

## ၄၊ ၂။ မြန်မာဝတ္ထုတိုသမိုင်း

မြန်မာကာလပေါ် ဝတ္ထုရှည်အဖြစ် ၁၉၀၄ ခုနှစ်တွင် 'မောင်ရင်မောင်၊ မမယ်မ' ဝတ္ထုပေါ် ထွက်လာခဲ့သည်။ မြန်မာဝတ္ထုတိုမှာမူ ဝတ္ထုရှည်ထက် ၁၃ နှစ် နောက်ကျပြီးမှ စတင် ပေါ်ထွက်လာခဲ့သည်။ မြန်မာ့ဝတ္ထုတိုသမိုင်းတွင် ပထမဆုံးဝတ္ထုတိုမှာ ၁၉၁၇ ခု၊ မတ်လတွင် စတင် ထုတ်ဝေသော သူရိယမဂ္ဂဇင်း၊ အမှတ် ၁ ပါ ဆရာကြီး ရွှေဥဒေါင်း၏ 'မောင်သိန်းတင်၊ မသိန်းရှင်' ဝတ္ထု ဖြစ်ပါသည်။ ၁၉၁၂ ခုနှစ်ကပင် ဆရာကြီးရွှေဥဒေါင်းသည် အင်္ဂလိပ်စာပေတွင် ထင်ရှားသော ဆာအာသာကွန်နင်ဒွိုင်း၏ ရှားလော့ဟုမ်း စုံထောက်ဝတ္ထုများကို ကောဇာသစ်မဂ္ဂဇင်း၌ စုံထောက်မောင်ရွှေခါး အမည်ဖြင့် စတင်၍ မြန်မာမှုပြုခဲ့ကြောင်း သိရပါသည်။ ရှားလော့ဟုမ်း ဝတ္ထုများကို ဆရာကြီးရွှေဥဒေါင်းက စုံထောက်မောင်စံရှားအမည်ဖြင့် မြန်မာမှုပြု ရေးသားသောအချိန်မှ ထင်ရှားလာခဲ့ပါသည်။ ဆရာကြီးရွှေဥဒေါင်းသည်လည်း ၁၉၁၇ ခုနှစ်၊ ဧပြီလထုတ် သူရိယမဂ္ဂဇင်းတွင် ကြိုးကြာကန်ရွာ လူသတ်မှု၌ စုံထောက်မောင်စံရှားကို ဇာတ်ဆောင်အဖြစ် စတင် အသုံးပြုခဲ့သည်။ ရှားလော့ဟုမ်း ဝတ္ထုများကို ဆက်လက်၍ အဆက်မပြတ် ထုတ်ဝေခဲ့သည်။

သူရိယသတင်းစာတွင် ဝတ္ထုတိုပြိုင်ပွဲ ကျင်းပရာ ပြည်မောင်တင် ဆိုသူက 'ချင်းဗိုလ်မောင်တက်တူ' ဝတ္ထုတိုရေးသားပြီး ဆုရခဲ့သည်။ ယင်းဝတ္ထုတိုသည် ရှိတ်စပီးယား၏ ဩသဲလိုပြဇာတ်ကို မှီငြမ်းပြု၍ ရေးသားထားခြင်း ဖြစ်သည်။ ၁၉၁၇ ခုနှစ်၊ ဇွန်လထုတ် သူရိယမဂ္ဂဇင်းတွင် ထိုဝတ္ထုကို ထည့်သွင်းဖော်ပြသည်။ ပြည်မောင်တင်သည် နောင်အခါတွင် ဆရာကြီးဒဂုန်ရွှေမျှားအဖြစ် ထင်ရှားလာခဲ့သည်။ သူရိယမဂ္ဂဇင်းသည် ဝတ္ထုတိုများကို လစဉ် ထည့်သွင်းခဲ့သည်။ ပြိုင်ပွဲဆုရ ဝတ္ထုတိုများကို မဂ္ဂဇင်းတွင် တင်ပြရာ၌ ကလောင်အမည်ကို မဖော်ပြဘဲ ရေးသူ ဆုရသည်ဟုသာ ဖော်ပြလေ့ ရှိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

၁၉၁၈ ခုနှစ်တွင် ပညာ့အလင်း မဂ္ဂဇင်း ပေါ်ထွက်လာခဲ့သည်။ ထိုမဂ္ဂဇင်း၌ အပြစ်နှင့် အကျိုး၊ စပါးနှင့်စက္ကူ၊ ချစ်ခြင်းနှင့်သေခြင်း၊ ဘူးခါးရေနှင့်ကြမ်းကြားလေ၊ အချစ်နှင့် အမုန်း၊ မအေး မကြည် စသော ဝတ္ထုတိုများကို ပုံနှိပ်ဖော်ပြခဲ့သည်။ ထိုဝတ္ထုများ၌ ဘဝပတ်ဝန်းကျင်တွင် တွေ့ကြုံရသော ဖြစ်ရပ်များကို ရေးဖွဲ့တင်ပြထားသည်။

မြန်မာဝတ္ထုတို လမ်းကြောင်းကို စတင် တီထွင်ခဲ့သူများတွင် ဆရာကြီးရွှေဥဒေါင်း၊ ဆရာကြီးဒဂုန်ရွှေမျှား၊ ဆရာကြီးပီမိုးနင်း၊ ဆရာကြီးဇေယျ စသော စာရေးဆရာကြီးများ၏ အခန်းကဏ္ဍသည် အရေးပါခဲ့ပါသည်။

ထိုအကြောင်းများနှင့် ပတ်သက်၍ မောင်ခင်မင် (ဓနုဖြူ)က–

'ထိုခေတ် ထိုအခါက ခေတ်ပညာတတ်ဟု ခေါ်လေ့ ရှိသော ဆရာကြီးများ၏ ကျေးဇူးဖြင့် မြန်မာဝတ္ထုတိုများ ရှင်သန်ဖွံ့ဖြိုးလာရသည်ဟု ဆိုနိုင်သည်'၁

ဟု သုံးသပ် တင်ပြထားပါသည်။

ဝတ္ထုတိုများ ထွန်းကားရေးတွင် မဂ္ဂဇင်းများ၏ အခန်းကဏ္ဍသည်လည်း အရေးပါသည်။ ထိုသဘောကို မောင်ခင်မင်(ဓနုဖြူ)ကပင်–

'မြန်မာဝတ္ထုတိုများ ထွန်းကားရေးတွင် သူရိယမဂ္ဂဇင်း၏ အခန်းကဏ္ဍသည်လည်း များစွာ အရေးပါသည်။ သူရိယမဂ္ဂဇင်းသည် စတင် ထုတ်ဝေသည့် အမှတ် ၁ မဂ္ဂဇင်းတွင် ဝတ္ထုတိုကို စတင်နေရာပေးခဲ့သည်။ ဝတ္ထုတိုပြိုင်ပွဲ ပြုလုပ်ပေးပြီး ဝတ္ထုတို ဖွံ့ဖြိုးအောင် အားထုတ်ခဲ့သည်' ၂

ဟု ဖော်ပြခဲ့ပါသည်။

၁၉၂၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် ဒဂုန်မဂ္ဂဇင်း ပေါ်ထွက်လာသည်။ ထိုမဂ္ဂဇင်းတွင် 'ငွေအိုး' ၏ 'မောင်ကျော်စော၏ အတ္ထုပ္ပတ္တိ'ခေါ် စုံထောက်ဝတ္ထု၊ ဒဂုန်ရတနာ၏ 'ရွှေလုံမိုလ်'ဝတ္ထု၊ ဒဂုန်နွယ်၏ 'ချစ်မဟာ'ဝတ္ထု၊ ဒဂုန်ရူဝံ၏ 'နွဲ့ဦးမယ်'ဝတ္ထု၊ ပီမိုးနင်း၏ 'ဆိုးပေ' ဝတ္ထုများကို တွေ့လာရသည်။ ဆရာကြီး ပီမိုးနင်းသည် ဒဂုန်မဂ္ဂဇင်း အမှတ် ၃ တွင် ငွေလရောင်ဝတ္ထုကို ရေးသားခဲ့သည်။ ၁၉၂၀ ပြည့်နှစ်တွင် အပတ်စဉ် ဝတ္ထုတိုစာစောင်များ ပေါ်ထွက်လာ သည်။ ထိုစာစောင်များမှာ ကြည်တော်မူစာစောင်၊ ပျော်တော်ဆက်စာစောင်၊ အဆွေစစ် စာစောင်၊ အောင်တော်မူစာစောင်၊ ကြည်နူးဖွယ်စာစောင်၊ အသုံးတော်ခံစာစောင် တို့သည် အပတ်စဉ် ဝတ္ထုစာစောင်များအဖြစ် ဆက်လက် ထွက်ပေါ်လာသည်။ ထိုသို့ ထွက်ပေါ်လာခြင်းသည် ဝတ္ထုတိုဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုခဲ့ပါသည်။

သူရိယမဂ္ဂဇင်းတွင် ပထမဆုံး ပါရှိခဲ့သည့် ဝတ္ထုမှာ ရွှေဥဒေါင်း၏ မောင်သိန်းတင်နှင့်မသိန်းရှင် ဝတ္ထု ဖြစ်သည်။ ထို့နောက် ဆက်လက်၍ စုံထောက်မောင်စံရှား ဝတ္ထုများကို ဆက်တိုက် ဖော်ပြခဲ့သည်။ ထိုသို့အားဖြင့် ဝတ္ထုတိုလမ်းကြောင်း စတင် ပေါ်ပေါက်လာပုံကို ဆရာကြီးငွေဥဒေါင်း၏ 'ဂျာနယ်၊ မဂ္ဂဇင်းမှတ်တိုင်များ' စာတမ်းတွင်–

၁။ ခင်မင်၊ မောင် (ဓနုဖြူ)၊ ၂၀၁၀၊ ၆၁ ။

၂။ ခင်မင်၊ မောင် (ဓနုဖြူ)၊ ၂၀၁၀၊ ၆၀ ။

mgyoe.com

mgyoe.com
SAMPLE BOOK

'ဤကိစ္စနှင့် ပတ်သက်၍ သူရိယမဂ္ဂဇင်း၏ ပထမဦးဆုံးအယ်ဒီတာ ဖြစ်သော ဆရာကြီးရွှေဥဒေါင်းနှင့် ဆွေးနွေးခဲ့ဖူးရာ အင်္ဂလိပ်ဝတ္ထုတိုများစွာကို အင်္ဂလိပ်စာနယ်ဇင်းတွင် များစွာ ဖတ်ခဲ့ဖူးပြီး ဖြစ်သော်လည်း မြန်မာလို ဝတ္ထုတိုရေးရန် စိတ်ကူးမပေါ်ပေါက်သေး။ ရေးစရာ နေရာလည်း မရှိသေး။ သူများ ရေးသည်ကိုလည်း မတွေ့မိသေး။ သူရိယမဂ္ဂဇင်း စတင် ထွက်သောအခါတွင် ဦးဘဘေ( ကွယ်လွန်သူ ဘကြီးဘဘေ)၏ တိုက်တွန်းချက်အရ ဝတ္ထုတိုတစ်ပုဒ် ထည့်ခဲ့ပါသည်'[၁]

ဟု ဖော်ပြထားပါသည်။

'မောင်သိန်းတင်နှင့် မသိန်းရှင်' ဝတ္ထု ပါပြီးနောက် သူရိယမဂ္ဂဇင်းက အနယ်နယ်အရပ်ရပ်ရှိ စာဖတ်ပရိသတ်များအား ဝတ္ထုတိုများ ရေးသားပေးပို့ရန် လှုံ့ဆော်ခဲ့ပါသည်။ ထိုမဂ္ဂဇင်းတွင် အယ်ဒီတာဖြစ်သူ ဆရာကြီးရွှေဥဒေါင်းက တစ်ပုဒ်ရေးပြီး ပြင်ပမှ တစ်ပုဒ်ကို ဖိတ်ခေါ်ထည့်သွင်းရန် ဖြစ်ပါသည်။ သူရိယမဂ္ဂဇင်း စတင် ထုတ်ဝေစဉ်က ဝတ္ထုတိုတစ်ပုဒ်သာ ပါရှိသော်လည်း ၁၉၁၇ မှ ၁၉၃၂ အတွင်း ဆုရဝတ္ထုတို အများအပြား ဖော်ပြလာသည်ကို တွေ့ရပါသည်။ ၁၉၃၁ မှ ၁၉၄၁ အထိ လက်ရွေးစင် စာရေးဆရာများ၏ လက်ရာများကိုသာ တွေ့ရပါသည်။ ၁၉၃၃ ခုနှစ်တွင် သူရိယမဂ္ဂဇင်းသို့ ပေးပို့သော ဝတ္ထုပေါင်း ၁၀၀ ခန့် စုပုံနေသောကြောင့် ခေတ္တ ရပ်ဆိုင်းကြရန် အယ်ဒီတာက တောင်းပန်ရသည်။ ၁၉၃၆ မှ စ၍ သူရိယမဂ္ဂဇင်းသည် အနယ်နယ်အရပ်ရပ်မှ ပေးပို့သော ဝတ္ထုများကို လက်မခံတော့ဘဲ လက်ရွေးစင် စာရေးဆရာများ၏ ဝတ္ထုများကိုသာ သီးခြားဖော်ပြလာပါသည်။ ဆရာကြီး မဟာဆွေ၊ ဇဝန၊ ရန်အောင်၊ သုခ၊ ရွှေဥဒေါင်း တို့၏ ဝတ္ထုတိုများကို စဉ်ဆက်မပြတ်တွေ့ရသည်။ မေမြို့မောင်၊ ရွှေစကြာ၊ ပြည်စကြာ၊ သိပ္ပံကျော်ထင်၊ အောင်ထူး၊ မြဒေါင်းညိုစသော စာရေးဆရာများ၏ ဝတ္ထုတိုများလည်း ပါဝင်သည်။ ၁၉၁၇ ခုနှစ်မှ စခဲ့သောဝတ္ထုတိုလမ်းကြောင်းသည် ဇာတ်ကြောင်းဖြင့် ပရိသတ်ကို ဆွဲဆောင်ခဲ့သည်။ ဇာတ်လမ်းကို ပဓာနထားသော်လည်း ခေတ်ကိုလည်း ထင်ဟပ်ရေးဖွဲ့ခဲ့သည်။ ဒိဋ္ဌလောကကို အခြေခံ၍ စိတ်ကူးဖြင့် ဇာတ်လမ်းဆင်ထားသော ဝတ္ထုတိုများ ဖြစ်ပါသည်။

၁၉၁၈ ခုနှစ်တွင် ပညာ့အလင်း မဂ္ဂဇင်း ပေါ်ထွန်းလာသည်။ ဝတ္ထုတို အနည်းအကျဉ်း ပါလာသည်။ ၁၉၂၀ ပြည့်နှစ်တွင် ထွက်ပေါ်ခဲ့သော ဒဂုန်မဂ္ဂဇင်းသည် ဝတ္ထုတိုခေတ်ကို ထပ်ဆင့် မြှင့်တင်ပေးနိုင်ခဲ့သည်။ သူရိယမဂ္ဂဇင်းက ဝတ္ထုတိုရေးသူများ၏ အမည်ကို ကွယ်ဝှက်ထားခဲ့သော်လည်း ဒဂုန်မဂ္ဂဇင်းကမူ ဖော်ပြပေးခဲ့သည်။ ဒဂုန်မဂ္ဂဇင်းတွင် ဝတ္ထုတိုရေးသူများမှာ ဓေယျ၊ ညာဏ၊ ရွှေသဇင်၊ မောင်သစ္စာ၊ ငွေလရောင်၊ ပီမိုးနင်း စသော သူများဖြစ်ပါသည်။ အမျိုးသမီးစာရေးဆရာမအဖြစ် ဒဂုန်ခင်ခင်လေးကိုလည်း မွေးထုတ်ပေးခဲ့ပါသည်။ ၁၉၂၂ တွင် ထုတ်ဝေသော ကဝိမျက်မှန် မဂ္ဂဇင်းတွင် ဝတ္ထုတို ပုံမှန်ရေးသားသည့် စာရေးဆရာများမှာ ဆရာကြီးရွှေဥဒေါင်းနှင့် ဆရာကြီးပီမိုးနင်းတို့ ဖြစ်ပါသည်။ ထိုခေတ်က

---

၁။ ရွှေဥဒေါင်း ၊ ၁၉၇၈ ၊ ၈၇ – ၈၈ ။

mgyoe.com

mgyoe.com SAMPLE BOOK

ဂန္ထလောက မဂ္ဂဇင်းတွင် ဝတ္ထုတိုလက်ရာကောင်းများ ပေါ်ထွက်လာသည်။ ယင်းတို့မှာ ဆရာဇော်ဂျီ၏ သော့တွဲနှင့် နတ်ရုပ်၊ မင်းသုဝဏ်၏ ဘကြီးအောင် ညာတယ် ဝတ္ထုတို များ ဖြစ်ကြသည်။ တိုးတက်ရေးမဂ္ဂဇင်းမှ ဦးဖိုးကျား၏ ကိုယ်တွေ့ဝတ္ထုတိုများမှာလည်း စာဖတ် ပရိသတ်ကို ဆွဲဆောင်နိုင်ခဲ့ပါသည်၊ နှစ်ပဲတန်ဝတ္ထုတိုခေတ် တိုးတက်လာသောအခါ တက်ထွန်း၊ သုခ၊ ကဝိမောင်၊ အောင်ကျော်၊ ရန်အောင်၊ သခ်ီ၊ ဇဝန၊ မဟာဆွေ၊ မင်းဆွေ၊ မေမြို့မောင်၊ ရဲထွဋ် စသော ဝတ္ထုတို စာရေးဆရာများ ပေါ်ထွန်းလာသည်။ ၁၉၃၀ ပြည့်နှစ်မှစ၍ လူ့သဘော လူ့သဘာဝကို ပုံဖော်ရေးဖွဲ့သော ဝတ္ထုတိုများ အားကောင်းလာသည်။ ၁၉၃၄ တွင် သိန်းဖေမြင့်၏ ငါ့ငွေနှင့် ငါ့လင်၊ ၁၉၃၅ တွင် ဇော်ဂျီ၏ သော့တွဲနှင့် နတ်ရုပ်၊ ၁၉၃၇ တွင် ဇော်ဂျီ၏ သူ့မယား၊ ၁၉၃၈ ခုနှစ်တွင် သိန်းဖေမြင့်၏ ရေနံ ကဲ့သို့သော ဝတ္ထုတိုများ ဖြစ်ပါသည်။ ၁၉၃၄ ခုနှစ်တွင် ဂန္ထလောက မဂ္ဂဇင်း၌ မောင်ထင် ၏ ကိုဒေါင်း ဝတ္ထုတိုများကို တွေ့လာရပါသည်။

၁၉၁၇ မှ အစပျိုးခဲ့သော မြန်မာ့ဝတ္ထုတို လမ်းကြောင်းသည် ထိုကာလများ အတွင်း ပေါ်ထွက်လာသည့် မဂ္ဂဇင်းများကိုမှီ၍ တဖြည်းဖြည်း ဖွံ့ဖြိုးတိုးတက်လာခဲ့သည် ဟု ဆိုရပါမည်။ အကြောင်းအရာရေးဖွဲ့မှု နယ်ပယ်မှာလည်း မြုပ်ကွက်၊ လှည့်ကွက် ပါသော ဇာတ်လမ်းဦးစားပေး ဝတ္ထုတိုများမှ လူ့ဘဝဖြစ်ရပ်မှန်ကို ပုံဖော်ရေးဖွဲ့သော ဝတ္ထု များ အသွင်သို့ ကူးပြောင်းခဲ့သည်။ ၁၉၃၀ ပြည့်နှစ် နောက်ပိုင်းတွင် ဝတ္ထုတိုရေးဖွဲ့မှု အကြောင်းအရာ နယ်ပယ်သည် အချစ်ရေးသာမက စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ လွတ်လပ်ရေး ကြိုးပမ်းမှုအထိ နယ်ပယ်ကျယ်ပြန့်လာသည်ကို တွေ့ရပါသည်။ ပုံသဏ္ဌာန် ပိုင်း အနေဖြင့်လည်း ဇာတ်လမ်းထက် လူ့သဘာဝကို ဦးစားပေးသော အဖွဲ့များ အားကောင်း လာသည်ကို တွေ့ရပါသည်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

# ၅။ ရည်ရွယ်ချက်

## ၅၊ ၁။ ရည်ရွယ်ချက်သဘော

မည်သည့် စာပေအမျိုးအစားတွင်မဆို စာရေးသူ၏ စေတနာ ရည်ရွယ်ချက်သည် ပါရှိမြဲဖြစ်ပါသည်။ စာရေးဆရာ၌ ကိန်းအောင်းလာသော စေတနာ ရည်ရွယ်ချက်ကို မူတည်၍ စာပေအမျိုးအစား အမျိုးမျိုး ပေါ်ထွန်းလာရခြင်း ဖြစ်ပေသည်။ သုတစာပေတွင် စာရေးသူ၏ စေတနာသည် သူ၏ လက်တွေ့ လေ့လာရှာဖွေမှု အတွေ့အကြုံမှရသည့် စေတနာလည်း ဖြစ်နိုင်သည်။ စာပေကျမ်းဂန် အတွေ့အကြုံမှရသည့် စေတနာလည်း ဖြစ်နိုင်သည်။ သုတစာပေအနေနှင့် စေတနာ ဆိုသည့် အသုံးအနှုန်းထက် ရည်ရွယ်ချက်၊ အာဘော် ဆိုသည့် အသုံးအနှုန်းများက ပို၍ ဆီလျော်ပေသည်။ ရသစာပေ ရေးသူတို့တွင်မူ မိမိ၏ဘဝအတွေ့အကြုံ၊ အကြားအမြင်တို့မှ ပေါက်ဖွားလာသည့် စေတနာ ရည်ရွယ်ချက်ဖြစ်မှသာ ဖတ်သူတို့အတွက် ပို၍ ရသအာနိသင် ထက်မြက်ပေသည်။ ဝတ္ထုတိုရေးသူသည် စာတွေ့ဖြင့် ဝတ္ထုတိုတစ်ပုဒ်ကို ဖန်တီးရေးသားရန် စေတနာဖြစ်ပေါ်ခြင်းထက် မိမိကိုယ်တိုင် လောကအတွေ့အကြုံရှိ၍ စိတ်လှုပ်ရှားခံစားမှုများ ဖြစ်ပေါ်ကာ ရရှိခဲ့သည့် ဘဝအပေါ် ဆင်ခြင်သုံးသပ်ချက်ကို ပြန်လည် တင်ပြလိုသော စေတနာမျိုးသာ ဖြစ်သင့်ပါသည်။

စေတနာနှင့် ပတ်သက်၍ တက္ကသိုလ်ဘုန်းနိုင်က–

'စေတနာ၌ ရည်ရွယ်ချက်၊ ဦးတည်ချက်၊ ခံယူချက်၊ လောကအမြင်၊ မူဝါဒသဘော အားလုံး ပါဝင်သည်။ စေတနာသည် မည်သည့် အကြောင်းအရာကို ရေးမည် (သို့) အတွေ့အကြုံလောကမှ မည်သည့် အချက်အလက်ကို ကုန်ကြမ်းအဖြစ် သုံးမည်ကို ဆုံးဖြတ်သည်။ ဤသို့ ဆုံးဖြတ်ပြီးသည်နှင့်တစ်ပြိုင်နက် ဖန်တီးခြင်းအမှုသည် စတော့၏' ဟု ဆိုထားပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

'ဒီမှာ ရှိပြီး၊ သိပြီး၊ တည်နေပြီးသော အတွေ့အကြုံလောကမှ အချက်အလက်ကုန်ကြမ်းကို အနုပညာ တည်းဟူသော ကုန်ချော တည်းဟူသည့် အသစ်ဘဝ တစ်ခုရောက်ရန် ပြောင်းလဲလိုက်သည့် ကျွမ်းကျင်မှု ဖြစ်၏။ ထိုဝတ္ထုတိုတစ်ပုဒ်လုံးသည် စေတနာပေါ်၌ အခြေခံသည်'[၁]

ဟု ဆိုထားပါသည်။

ဝတ္ထုတိုတစ်ပုဒ်တွင် စေတနာ ရည်ရွယ်ချက်သည် စာရေးသူအပိုင်း၌ ရှေးဦးစွာ ဖြစ်ပေါ်လျက်ရှိပြီး ထိုရည်ရွယ်ချက်နှင့် လိုက်ဖက်သည့် ဇာတ်လမ်း၊ ဇာတ်ဆောင်တို့ကို ဖန်တီးယူလေ့ ရှိပါသည်။ စာဖတ်သူ၏အပိုင်းမှာမူ ဝတ္ထုတိုတစ်ပုဒ်ကို ဖတ်လျှင် ဇာတ်လမ်း၊ ဇာတ်ဆောင်တို့ကို ဦးစွာ တွေ့ရမည် ဖြစ်သည်။ တစ်ခါတစ်ရံတွင် ကာလ၊ ဒေသနောက်ခံကို ရှေးဦးစွာ တွေ့ရတတ်သည်။ ဇာတ်ကောင်တို့၏ ပြောစကားကိုလည်း ကြားရမည် ဖြစ်သည်။ စာဖတ်သူသည် စေတနာ ရည်ရွယ်ချက်ကို ဝတ္ထု၏ အဆုံးတွင်မှ တွေ့ရှိရမြဲ ဖြစ်ပါသည်။ တစ်ခါတစ်ရံတွင် စေတနာ ရည်ရွယ်ချက်သည် ဘောင်ကန့်သတ်မှု ရှိတတ်သည်။ ကျောင်းဆရာ လူတန်းစားသာ နားလည်ခံစားနိုင်သည့် ရည်ရွယ်ချက်မျိုး၊ သားသမီးရှိသည့် မိဘများသာ ခံစားနိုင်သည့် ရည်ရွယ်ချက်မျိုး ဖြစ်တတ်သည်။ တစ်ခါတစ်ရံတွင်မူ လောကရှိ လူသားတိုင်း အသက်အရွယ်မရွေး၊ လူတန်းစားမရွေး၊ လူမျိုးဘာသာမရွေး ခံစားသိမြင်နိုင်သည့် ကျယ်ပြန့်သော၊ နက်ရှိုင်းသော ရည်ရွယ်ချက်မျိုးလည်း ဖြစ်တတ်သည်။

အချို့သော ဝတ္ထုများတွင် ဝတ္ထုရေးဆရာများသည် ရည်ရွယ်ချက်ကို ထင်ရှားစွာ ပြလေ့ ရှိသည်။ အချို့သော ဝတ္ထုများတွင်မူ ဝတ္ထုရေးဆရာသည် ရည်ရွယ်ချက်ကို ထင်ရှားစွာ ပြလေ့ မရှိပေ။ စာဖတ်သူတို့အနေနှင့် ခံစားမှုအတွေးအမြင် အနု အရင့်ကို လိုက်၍ သိမြင်ခံစားနိုင်သော ရည်ရွယ်ချက်မျိုး ဖြစ်တတ်သည်။ စာဖတ်သူအနေနှင့် ဆက်လက် တွေးတာခြင်းဖြင့် ရည်ရွယ်ချက်ကို ရှာဖွေရန် လမ်းစချပေးထားသည်ကိုလည်း တွေ့ရတတ်ပါသည်။

ရည်ရွယ်ချက်နှင့် ပတ်သက်၍ ဝီလျံဟာမွန်က A Hand Book To Literature စာအုပ်တွင်–

'ရည်ရွယ်ချက် ဆိုသည်မှာ ရေးသားတင်ပြသော အကြောင်းအရာ၏ အဓိက အတွေးအမြင် ဖြစ်သည်။ စိတ်ကူးဇာတ်လမ်း မဟုတ်သော စကားပြေများတွင် ရည်ရွယ်ချက် ဆိုသည်မှာ ဆွေးနွေးသော အကြောင်းအရာမှ ရရှိသည့် အတွေးအမြင် ဖြစ်သည်။ သုတေသနစာတမ်းများတွင်လည်း တင်ပြသည့် အကြောင်းအရာသည် အာဘော်ပင် ဖြစ်သည်။ ကဗျာ၊ စိတ်ကူးယဉ်ဇာတ်လမ်းနှင့် ပြဇာတ်တို့တွင်မူ ရည်ရွယ်ချက်(သို့)အာဘော် ဆိုသည်မှာ ဇာတ်ဆောင်အပြုအမူ နိမိတ်ပုံတို့မှတစ်ဆင့် ဖော်ပြသော ခိုင်မာသည့် လောကအမြင် ဖြစ်သည်။ ထူးခြားသော ရည်ရွယ်ချက် မပါလျှင် အကြောင်းအရာ(သို့)

၁။ ဘုန်းနိုင်(တက္ကသိုလ်)၊ ၂၀၀၄၊ ၈၁ ။

mgyoe.com

m.gyoe.com
SAMPLE BOOK

အဖြစ်အပျက်သာ ဖြစ်သည်။ ဝတ္ထု မဖြစ်နိုင်ပေ။ တချို့ကမူ လူသားတို့၏ လိုအင်ဆန္ဒများသည် အာဘော်(သို့) ရည်ရွယ်ချက် ဖြစ်သည်”၁

ဟု ဖော်ပြထားပါသည်။

ဝတ္ထုတိုတွင် ရည်ရွယ်ချက်(သို့) အာဘော် ပါရှိရပါမည်။ ရည်ရွယ်ချက်နှင့် ပတ်သက်၍ မြန်မာအဘိဓာန်၌ ‘ဦးတည် အာရုံထားသည်’၂ ဟု ဖွင့်ဆိုထားပါသည်။ ရည်ရွယ်ချက်ဆိုသည်မှာ စာရေးသူက စာဖတ်သူအား အသိပေး တင်ပြလိုသော အတွေး အမြင်တစ်ခုဖြစ်ပါသည်။ စာရေးသူသည် သူ တင်ပြလိုသော ရည်ရွယ်ချက်ကို သူ၏ လောကဝန်းကျင်ကို ခံစားပြီး ရရှိခဲ့သော ဘဝအတွေးအမြင်ကို စာဖတ်သူတို့အား ဖြန့်ချိလိုသော စေတနာသည် ရည်ရွယ်ချက်ပင် ဖြစ်ပါသည်။ စေတနာနှင့် ရည်ရွယ်ချက်သည် အစဉ်တွဲလျက် ရှိပါသည်။ ဇော်ဇော်အောင်က–

‘ရည်ရွယ်ချက်သည် အနုပညာသမား၏ စိတ်ထဲမှ ဖြစ်ပေါ်သော(ဝါ) တည်ရှိသော အရာ၊ တစ်နည်းအားဖြင့် သူ ဖန်တီးလိုက်သော အနုပညာပစ္စည်း ပြီးဆုံးသွားသော အခါတွင် ရှိစေချင်သော၊ ဖြစ်စေချင်သော သဘော ဖြစ်၏”၃

ဟုဆိုခဲ့ပါသည်။

စာရေးသူ ဖန်တီးလိုက်သော အနုပညာပစ္စည်းတွင် ရည်ရွယ်ချက် ရှိရပါမည်။ ရည်ရွယ်ချက် မရှိလျှင် ပဲ့ကိုင် မပါသော လှေကဲ့သို့ မျောချင်ရာမျော၊ လွင့်ချင်ရာလွင့် ဖြစ်ပေလိမ့်မည်။ ရည်ရွယ်ချက်သည် ဇာတ်လမ်းအတွက် အဓိကကျသကဲ့သို့ ဇာတ်ဆောင်များ ကိုဖန်တီးရာ၌လည်း ရည်ရွယ်ချက်ပေါ်လွင်ရန် ရွေးချယ်ရပါသည်၊ နေရာချထားရပါသည်။ ဝတ္ထုတိုဇာတ်လမ်းသဘောတွင် ရည်ရွယ်ချက်အတိုင်း သွားသော ဇာတ်ဆောင်နှင့် ယင်းဇာတ်ဆောင်ကို ဆန့်ကျင်သော ဇာတ်ဆောင် ဟူ၍ ဖန်တီး တင်ပြရသည်။ ဇာတ်ဆောင်အချင်းချင်း အားပြိုင်ခြင်းဖြင့် ရည်ရွယ်ချက်ကို အရောက်သွားရမည် ဖြစ်ပါသည်။ ဝတ္ထုကောင်းတစ်ပုဒ် ဖြစ်ရန် ဝတ္ထုရေးသူ၏ ရည်ရွယ်ချက်သည် ကျယ်ပြန့်ရန် လိုအပ်သည်။ ကျယ်ပြန့်သည် ဆိုရာ၌ ရည်ရွယ်ချက်မျိုးစုံကို ဦးတည်ရေးဖွဲ့ရမည်ဟု မဆိုလိုပေ။ တစ်ခုတည်းသော ရည်ရွယ်ချက်သာ ဖြစ်သင့်သည်။ ထိုရည်ရွယ်ချက်သည် လူသားအားလုံးနှင့် သက်ဆိုင်သည့် အတွေးအမြင်ပါသော ရည်ရွယ်ချက်သာ ဖြစ်ရမည်။ မည်သည့် နိုင်ငံ၊ မည်သည့် လူမျိုးမဆို နားလည် လက်ခံနိုင်ရမည်ဟု ဆိုလိုသည်။

ထိုသဘောကို ‘ကမ္ဘာ့ဂန္ထဝင် တစ်ဆယ်’ စာအုပ်ကို ဘာသာပြန်သူ ကျော်အောင်က–

‘ဝတ္ထုကောင်းတစ်ပုဒ်တွင် အောက်ပါအရည်အသွေးတို့ ရှိရမည်ဟု ဆိုပါသည်။

---

၁။ Harmon, William, 1996 , 518 .

၂။ မြန်မာစာအဖွဲ့၊ ၁၉၉၁ ၊ ၃၁၅ ။

၃။ ဇော်ဇော်အောင် ၊ ၂၀၀၀ ၊ ၁၈၁ ။

m.gyoe.com

mgyoe.com
SAMPLE BOOK

စာရေးဆရာ ရွေးချယ်သည့် အဓိက အကြောင်းအရာ(သို့) ဦးတည်ချက်သည် ကျယ်ပြန့်ရမည်။ အများ စိတ်ဝင်စားနိုင်သည့် ကျယ်ကျယ်ပြန့်ပြန့် အကြောင်းအရာ ဖြစ်ရမည်'၁

ဟု ဖော်ပြထားပါသည်။

ဝတ္ထုတိုကောင်းတစ်ပုဒ် ပီသရန်မှာ စာရေးဆရာ၏ လောကအမြင်သည် အရေးပါသည်။ စာရေးဆရာသည် မိမိ ရရှိထားသော လောကအမြင်ကို ဇာတ်လမ်း၊ ဇာတ်ဆောင်တို့ဖြင့် ဖန်တီး၍ တစ်ဆင့် ပြန်လည် ဖန်တီးထားခြင်းသာ ဖြစ်သည်။ ထိုလောကအမြင်သည် ဝတ္ထုတိုတွင် ရည်ရွယ်ချက် အာဘော်အဖြစ် ရပ်တည်နေတတ်ပါသည်။ စာဖတ်သူအနေနှင့် ဝတ္ထုအဆုံးတွင် ထိုအာဘော်ကို သိလိုက်ရသောအခါ ကျေနပ်နှစ်သက်ခြင်း ခံစားမှုကို ရရှိနိုင်ကြမည် ဖြစ်ပါသည်။ မည်မျှပင် အရေးအဖွဲ့ကောင်းသော ဝတ္ထု ဖြစ်သော်လည်း ရည်ရွယ်ချက်(သို့) အာဘော်(သို့) အတွေးထောင့် ကောင်းမွန်မှု မရှိလျှင် ဝတ္ထုတိုကောင်းဟု မဆိုနိုင်ပေ။ အာဘော်ကောင်းခြင်း၊ အတွေးထောင့် ကောင်းခြင်းသည် ဝတ္ထုကို အလွန်ထိန်းသိမ်းနိုင်ပါသည်။ တော်ရုံတန်ရုံ အရေးအဖွဲ့ ညံ့ခြင်းတို့ကိုပင် ပျောက်သွားစေနိုင်သည်ဟု ဆရာအောင်လင်းက ဖော်ပြခဲ့ပါသည်။

ရည်ရွယ်ချက်နှင့် ပတ်သက်၍ အောင်လင်းက မဟာစာနိဒါန်းတွင်–

'ရည်မှန်းချက်ဆိုတာအကြောင်းအရာပိုင်းဖြစ်ပြီး ဇာတ်လမ်း၊ ဇာတ်ဆောင်တို့မှာ အကြောင်းအရာပိုင်း၊ ဟန်ပိုင်း နှစ်ခုလုံးမှာ အကျုံးဝင်တယ်။ အဖွဲ့အနွဲ့၊ စကားလုံး စသည်တို့မှာ ဟန်ပိုင်း ဖြစ်တယ်။ ရည်မှန်းချက် ဆိုတာက ဝတ္ထုတစ်ပုဒ်ရဲ့ အနှစ်သာရ ကိုလည်း ခေါ်တယ်။ အကြောင်းအရာ (Content) လို့လည်း ခေါ်တယ်။ Subject လို့လည်း ခေါ်တယ်။ ဘယ်လိုပဲ ခေါ်ခေါ် သဘောကတော့ ဝတ္ထုတစ်ပုဒ်လုံးရဲ့ အချုပ်မှာ ဆိုလိုတဲ့ ရည်ရွယ်ချက်ကို ပြောတာပါပဲ'၂

ဟု ဖော်ပြခဲ့ပါသည်။

ထို့ပြင် အောင်လင်းကပင်–

'ဝတ္ထုတွင်းမှ ရည်မှန်းချက်ကို တစ်ခါတစ်ရံ စာဖတ်သူသည် ဖမ်းယူ၍ မရဟုလည်း ဆိုထားပါသည်။ ထိုသဘောကို ခေတ်ပေါ်ဝတ္ထုတိုများတွင် တွေ့ရတတ်ပါသည်'၃

ဟု ဆိုခဲ့ပါသည်။

အောင်လင်းကပင် ထပ်ဆင့်၍ ရည်ရွယ်ချက်နှင့် လူ့အဖွဲ့အစည်း ဆီလျော်မှု ရှိသင့်ပုံကို–

'ရည်မှန်းချက်ဟာ ပြောင်းလဲလှုပ်ရှားနေတဲ့ လူ့အဖွဲ့အစည်းနဲ့ လိုက်လျောညီထွေ ရှိရမယ်။ ဆိုလိုတာကတော့ အင်္ဂလိပ်အရင်းရှင် ကိုလိုနီစနစ်အောက်မှာ ပြည်သူ့

---

၁။ ကျော်အောင်၊ ၂၀၀၆၊ ၂၈ ။
၂။ အောင်လင်း၊ ၁၉၇၂၊ ၆၁ ။
၃။ အောင်လင်း၊ ၁၉၇၂၊ ၆၆ ။

mgyoe.com

mgyoe.com SAMPLE BOOK

ဒီမိုကရေစီ သရုပ်ဖော်စာမျိုးကို ရေးရင် နယ်ချဲ့ဆန့်ကျင်ရေးနဲ့ လွတ်မြောက်ရေး အခန်းကို ကျော်လွန်ရာကျမယ်။ အဲဒီလိုပဲ ဂျပန်ဖက်ဆစ် စနစ်အောက်မှာ ဆိုရှယ်လစ်သရုပ်ဖော် စာပေကို ရေးမယ်ဆိုရင် စိတ်ကူးယဉ်သက်သက်ပဲ ဖြစ်နေလိမ့်မယ်။ ဆိုလိုတာကတော့ လူ့လောကရဲ့ တည်ရှိနေတဲ့ အနေအထားဟာ ကိုက်ညီရမယ်။ ဒါတင် မကဘူး။ လူ့လောကရဲ့ ဦးတည် တက်လှမ်းနေတဲ့ အသွင်လက္ခဏာနဲ့လည်း ကျွန်ုပ်တို့ စာပေရည်မှန်းချက်ဟာ ကိုက်ညီရလိမ့်မယ်'၁

ဟု တင်ပြထားပါသည်။

၁။ အောင်လင်း၊ ၁၉၇၂၊ ၆၆ ။

mgyoe.com

mgyoe.com SAMPLE BOOK

## ၅၊ ၂။ ရည်မှန်းချက်နှင့် ဇာတ်လမ်း၊ ဇာတ်ဆောင်

ရည်မှန်းချက်သည် ဝတ္ထုဇာတ်လမ်းနှင့်လည်း ကိုက်ညီမှု ရှိရမည်။ ဇာတ်လမ်းတိုလေး အတွင်း၌ ရည်မှန်းချက်များ အများအပြား မထည့်သင့်ကြောင်း အောင်လင်းက–

'ရည်မှန်းချက်သည် ဝတ္ထုဇာတ်လမ်းနှင့် ကိုက်ညီရမည်။ ဇာတ်လမ်းတိုလေး အတွင်းမှာ ရည်မှန်းချက်တွေ အများကြီး ထည့်တာမျိုး မဖြစ်စေရဘူး။ ရည်မှန်းချက်နဲ့ ပတ်သက်ပြီး လောဘကြီးလွန်းရင် ဟုံသွားတတ်တယ်'[၁]

ဟုလည်း ဆိုမိန့်ခဲ့ပါသည်။

သိန်းဖေမြင့်၏ 'ငါ့လင်နှင့် ငါ့ငွေ' ဝတ္ထုကို ကြည့်လျှင် လောဘစရိုက် လွှမ်းမိုးပြီး မေတ္တာစရိုက် ခေါင်းပါးခြင်း၏ ဆိုးကျိုးတစ်ခုတည်းကို အလေးပေး တင်ပြထားသည်။ ဇာတ်လမ်း တစ်လျှောက်လုံးတွင် မုဆိုးဖိုနှင့် မုဆိုးမတို့သည် အပြန်အလှန် တွက်ချက်ပြီး အိမ်ထောင်ပြုရန် စဉ်းစားကြသည်။ ဦးကျောက်လုံးသည် အရီးစိမ်း၏ ငွေကြေး ကြွယ်ဝမှုများကို မျှော်လင့်ကာ သက်သက်သာသာနေပြီး ကောင်းကောင်းစား၊ ကောင်းကောင်းဝတ်ရန် လက်ထပ်ခဲ့ခြင်း ဖြစ်သည်။ အရီးစိမ်းကလည်း လေမုန်တိုင်းကြောင့် မိမိအိမ်ခေါင်မိုးပျက်ရာတွင် အမိုးမိုးပေးသူ ရှားပါးခြင်းကို အကြောင်းပြု၍ ဦးကျောက်လုံးအား ခိုင်းစေအသုံးချရန် လက်ထပ်ခဲ့ခြင်း ဖြစ်သည်။ မေတ္တာမပါသည့် အလျောက် ဦးကျောက်လုံးကလည်း ကောင်းကောင်းစားပြီး ပိုးပုဆိုး၊ ပိုးခေါင်းပေါင်း ဝတ်ရန်သာ အားခဲထားသည်။ မေတ္တာမပါသော အရီးစိမ်းကလည်း ခင်ပွန်းသည်အလိုကို မလိုက်ခဲ့ပေ။ အမြဲမပြတ် ခိုင်းစေပြီး စျေးပေါသော ဟင်းလျာများကိုသာ ချက်ပြုတ်ကျွေးသည်။ ဇာတ်လမ်းတစ်ပုဒ်လုံးတွင် ဇာတ်ဆောင်နှစ်ဦး၏ မေတ္တာဓာတ် မပါဘဲ အတ္တကြီးမားနေသော စရိုက်နှစ်ခုကို အားပြိုင် တည်ဆောက်ထားသည်။ ဇာတ်ထွတ်ပိုင်းတွင် မေတ္တာမဲ့ အတ္တစရိုက်ကို ဓားပြများ ဝင်တိုက်ခြင်းဖြင့် အရှိန်အမြင့်ဆုံး တင်ပေးလိုက်သည်။ ဓားပြများက ဦးကျောက်လုံး၏ အသက် အတွက်

---

၁။ အောင်လင်း၊ ၁၉၇၂၊ ၆၆ ။

mgyoe.com

mgyoe.com SAMPLE BOOK

ငွေငါးထောင် တောင်းသည်။ အရီးစိမ်းက ငွေထုတ်ပေးလိုက်လျှင် လင်တစ်ယောက် ငွေငါးထောင်တန်ရာရောက်မည်ဟုဆိုကာ တင်းခံခဲ့သည်။ ထိုစိတ်ဓာတ်ကို အရှိန်အမြင့်ဆုံးသို့ ရောက်အောင် 'ဦးကျောက်လုံးအား သတ်မည်ပြုသောအခါတွင် အရီးစိမ်းက ဦးကျောက်လုံးအား သတ်စားစား၊ ဖုတ်စားစား ငွေငါးထောင် မပေးနိုင်' ဟူသော အဆုံးအဖြတ်ဖြင့် တင်ပြခဲ့ပါသည်။ ဦးကျောက်လုံးနှင့် အမျိုးတော်သော ဓားပြတိုက်သူများသည် အရီးစိမ်းအား သတ်ပစ်ခဲ့ကြသည်။ မေတ္တာစိတ် မပါသော လောဘစိတ်၊ တပ်မက်စိတ်တို့၏ ဆိုးကျိုးကို ထင်ရှားပေါ်လွင်အောင် ဇာတ်လမ်းအစမှအဆုံးတိုင် ဖွဲ့စည်း တင်ပြထားသည်ကို တွေ့ရသည်။

ဝတ္ထုတိုတွင် ရည်မှန်းချက်သည် အရေးပါသည် ဆိုသော်လည်း တသီးတခြား ပေါ်ပေါ်လွင်လွင်ကြီး ဖြစ်မနေသင့်ပေ။ ဇာတ်လမ်းနှင့်အတူ အချိတ်အဆက်မိမိ ဆက်သွယ်သွားရမည် ဖြစ်သည်။ ရည်ရွယ်ချက်ကို ဇာတ်လမ်းနှင့် ဆက်သွယ် တင်ပြရာ၌ စာရေးသူသည် အနုပညာစိတ်ကူးကို သုံးရသည်။ ငါ့လင်နှင့် ငါ့ငွေ ဝတ္ထုတွင် လင်နှင့် မယား မေတ္တာစိတ် မထားလျှင် ပျက်စီးလိမ့်မည်။ လောဘစိတ်များလွန်းလျှင် မေတ္တာစိတ် ခေါင်းပါးတတ်သည်။ လောဘစိတ်ကြောင့် ပျက်စီးတတ်သည်ဆိုသောသဘောကို စာရေးဆရာကသော်လည်းကောင်း၊ ဇာတ်ဆောင်က သော်လည်းကောင်း ပေါ်ပေါ်လွင်လွင် မပြောခဲ့ပေ။ ဇာတ်ဆောင်နှစ်ဦး၏ လောဘစိတ်၊ အတ္တစိတ် ကိုယ်စီနှင့် ရှိနေကြပုံကို အပြုအမူများ၊ အတွေးများနှင့် ပြသွားသည်။ လင်နှင့် ငွေကို ရွေးရမည့် ဇာတ်ထွတ်ပိုင်း ရောက်လာသော အချိန်သို့ ရောက်မှသာ 'တစ်သက်လုံး စုတဲ့ပစ္စည်း လင်တစ်ယောက်တည်းနဲ့ဖြင့် မကုန်ပါနဲ့၊ ငါ့လင်နဲ့ ငါ့ငွေ၊ ငါ့ငွေက အဖိုးတန်တယ်။ ဦးကျောက်လုံးကို သတ်ရုံမကလို့ မီးဖုတ်ပြီး စားစား' ဟု တွေးကာ ဦးကျောက်လုံးကို 'ဘာပဲ လုပ်လုပ် ခံရုံပါပဲ၊ ငွေတော့ မရှိပါဘူး' ဟု ပြောဆိုပုံဖြင့် တင်ပြခဲ့သည်။

ခင်ပွန်းအသက်ကိုမမှု၊ နှမြောတွန့်တိုသော အရီးစိမ်း၏ စိတ်ဓာတ်ကို နောက်ဆုံးမှ ဖော်ပြပြီး ရှေ့ပိုင်းတွင် ဦးကျောက်လုံးအား ခိုင်းစေပုံ၊ ဈေးသက်သာသော ဟင်းများကိုသာ ချက်ကျွေးပုံ စသည့် အပြသဘောမျိုးဖြင့် တင်ပြထားသည်။ အနုပညာစိတ်ကူး ဆန်းသည်။

ဇာတ်လမ်းနှင့် ရည်မှန်းချက်သည် အမြဲယှဉ်တွဲနေသည့်အတွက် ဇာတ်လမ်းအတွက် ရည်မှန်းချက်သည် အရေးပါသည်။ ရည်မှန်းချက်အတွက်လည်း ဇာတ်လမ်းသည် လိုအပ်ပြန်သည်။ ထိုသဘောကို အောင်လင်းက–

"ဇာတ်လမ်း ဇာတ်အိမ်ဟာ ဝတ္ထုတစ်ပုဒ်ရဲ့ အစီအစဉ်အကြမ်းလို့လည်း ဆိုနိုင်တယ်။ ရည်မှန်းချက်ကို ခြုံပေးတဲ့ အရာလည်း ဖြစ်တယ်။ ဝတ္ထုရဲ့ ပုံစံအကြမ်းလည်း ဖြစ်တယ်။ သူဟာ ရည်မှန်းချက်နဲ့ ဆန့်ကျင်လို့ မရဘူး။ ဇာတ်ဆောင်ရဲ့သဘာဝနဲ့လည်း ဆန့်ကျင်လို့ မရဘူး။ ဇာတ်လမ်း ဇာတ်အိမ်ဟာ မိမိ လိုချင်တဲ့ ရည်မှန်းချက်ကို ပို့ဆောင်တဲ့ အရာလည်း ဖြစ်တယ်။ ဇာတ်လမ်း ဇာတ်အိမ်ဟာ ဇာတ်ကောင်ရဲ့ သဘာဝကို ခိုင်မာစေရမယ်"[၁]

၁။ အောင်လင်း၊ ၁၉၇၂၊ ၆၈

mgyoe.com

mgyoe.com SAMPLE BOOK

ဟု ဆိုထားပါသည်။

'ငါ့လင်နှင့် ငါ့ငွေ' ဝတ္ထုကို ကြည့်လျှင် ရည်မှန်းချက်သို့ ရောက်ရန် ဇာတ်လမ်းနှင့် ဇာတ်ဆောင်တို့သည် အပြန်အလှန် အထောက်အကူ ပြုထားသည်ကို တွေ့ရသည်။ သိန်းဖေမြင့်သည် ဇာတ်လမ်း ခိုင်မာစေရန်အတွက် ဇာတ်လမ်းနှင့် လိုက်ဖက်သော ရည်ရွယ်ချက်သို့လည်း ပို့ဆောင်နိုင်မည် ဖြစ်သော ဦးကျောက်လုံးနှင့် အရီးစိမ်း ဆိုသည့် ဇာတ်ဆောင်နှစ်ဦး၏ စရိုက်ကို ခိုင်မာအောင် တင်ပြထားသည်။ ဇာတ်ဆောင်နှစ်ဦး၏ စရိုက်ခိုင်မာမှုကြောင့် ဇာတ်လမ်းသည်လည်း အင်အားရှိနေသည်ကို တွေ့ရပါသည်။ ဇာတ်လမ်း၊ ဇာတ်ဆောင်တို့၏ အင်အားကြောင့် ရည်ရွယ်ချက်သည် ထင်ရှားလာပြီးလျှင် ဇာတ်လမ်းအဆုံး၌ စာဖတ်သူတို့ စိတ်ကျေနပ်ကြရသည်။ လောဘ၊ ဒေါသ၊ အတ္တတို့၏ ဆိုးကျိုးကိုလည်း ဆင်ခြင်မိလာစေပါသည်။ ဝတ္ထုတို တစ်ပုဒ်လုံးတွင် ရည်မှန်းချက်သည် အခြား ဝတ္ထုတိုအင်္ဂါရပ်များ၏ ဦးစီးဦးဆောင် ဖြစ်ကြောင်းကို–

'ဇာတ်အိမ် ဇာတ်လမ်းဟာ ရည်မှန်းချက်ရဲ့ လက်အောက်ခံ ဖြစ်ရမယ်။ ဆိုလိုတာက ကျုပ်တို့ ဇာတ်လမ်းထဲက မင်းသား၊ မင်းသမီးကို ပေါင်းပေးတာ၊ ကွဲပေးတာ ဆိုကြပါစို့၊ အဲဒီ အဆုံးအဖြတ်ဟာ ဇာတ်လမ်းသက်သက်ပေါ် မူတည်ပြီး ဆုံးဖြတ်လို့ မရဘူး၊ ရည်မှန်းချက်ပေါ် မူတည်ပြီး ဆုံးဖြတ်မှ ရတယ်'[၁]

ဟု အောင်လင်းက ဖော်ပြခဲ့ပါသည်။

ခင်နှင်းယု၏ 'ခံပွင့်' ဝတ္ထုတိုတွင် ဖက်ဆစ်တော်လှန်ရေး ကာလ၌ သခင်ကျော်ဇေယျသည် ဖက်ဆစ်တော်လှန်ရေးအတွက် ရွာသားများကို စည်းရုံးရန် ခင်လေးတို့ ရွာသို့ ရောက်လာသည်။ သူသည် ရွာသားများနှင့် တစ်သွေးတည်း တစ်သားတည်း ဖြစ်အောင် နေသည်။ ခင်လေးသည် ထိုရွာသူ ကျောင်းဆရာမလေး ဖြစ်သည်။ ကျော်ဇေယျနှင့် ခင်လေးတို့ တွေ့ဆုံချစ်ကြိုက်ခဲ့ကြသည်။ ခင်လေးသည် ကျော်ဇေယျနှင့် လက်ထပ်၍ မြို့သို့ လိုက်ခဲ့ရသည်။ အတွင်းဝန် ဖြစ်လာသောအခါ သခင်ကျော်ဇေယျသည် သခင်ဘဝ ဆင်းရဲစဉ်က မိမိအား အရေးမလုပ်ခဲ့သော ပဂ္ဂိုနှင့် ပြန်လည် ရင်းနှီးကာ ခင်လေးကို စွန့်ပစ်ခဲ့သည်။ ပဂ္ဂိုနှင့် လက်ထပ်ခဲ့သည်။ ခင်လေးကို စွန့်ပစ်ရုံသာမက မိမိနှင့်အတူ အသေခံ တိုက်ပွဲဝင်ခဲ့သော ရွာသားများအားလည်း မေ့လျော့ထားခဲ့သည်။ ဇာတ်သိမ်းပိုင်းတွင် သခင်ကျော်ဇေယျနှင့် ခင်လေးကို စာရေးသူက ကွဲကွာစေခဲ့သည်။

ခင်နှင်းယုသည် ဖက်ဆစ်တော်လှန်ရေးကာလကို ကြုံတွေ့ခဲ့ရသည်။ သခင်နိုင်ငံရေးသမားများနှင့်လည်း ရင်းနှီးခဲ့ဖူးသည်။ လွတ်လပ်ရေးရပြီးနောက် ဖဆပလ အစိုးရလက်ထက်တွင် ခင်နှင်းယုသည် ဝန်ကြီးချုပ်ဦးနု၏ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ အတိတ်ခေတ်က ကျေးလက်များသို့ ဆင်း၍ စည်းရုံးခဲ့ကြသော သခင်နိုင်ငံရေးသမားတို့သည် ဘဝအခြေအနေ မြင့်တက်လာသောအခါ လက်တွဲဖော် သေဖော်သေဖက်

---

၁။ အောင်လင်း၊ ၁၉၇၂၊ ၇၂။

mgyoe.com

mgyoe.com
SAMPLE BOOK

ရွာသူရွာသား ရဲဘော်များကို မေ့ပစ်ထားခဲ့ကြသည်။ ထိုသူတို့၏ အကျိုးကိုလည်း မကြည့်ခဲ့တော့ပေ။ ထိုကဲ့သို့သော နိုင်ငံရေးသမားအချို့၏ စိတ်ဓာတ်ကို တင်ပြလိုသည်။ အသေခံ တော်လှန်ရေးသမားတို့၏ ဘဝကိုလည်း စာနာခဲ့မိသည်။ သခင်များအနေနှင့် အတိတ်မေ့ပြီး ရဲဘော်ရဲဘက်များကို မေ့လျော့ခဲ့သည့်သဘောကို အသိပေးလိုသည့် ရည်ရွယ်ချက် ကိန်းအောင်းလာသည်။ ထိုရည်ရွယ်ချက်ကို ဝတ္ထုတို အဖြစ် တင်ပြရာ၌ စာဖတ်သူတို့ နှစ်သက်စေရန်နှင့် ရသခံစားမှု ဖြစ်ပေါ်စေရန်အတွက် သခင်ကျော်ဇေယျနှင့် မခင်လေးတို့ ဇာတ်လမ်း ထည့်သွင်း ရေးဖွဲ့ထားခြင်းသာ ဖြစ်သည်။ ထိုဇာတ်လမ်း၊ ဇာတ်ဆောင် ဖန်တီးမှုကြောင့် နိုင်ငံရေးဝတ္ထုသက်သက် သဘောထက် အချစ်သဘောနွှယ်လာပြီးလျှင် နှစ်သက်ဖွယ် ဖြစ်လာသည်။ အကယ်၍ စာရေးသူသည် သခင်ကျော်ဇေယျနှင့် ခင်လေးကို ဆက်လက်တွဲစေမည် ဆိုလျှင် ပရိသတ်စိတ်၌ ကျေနပ်ရုံသာ ဖြစ်မည်။ စာရေးသူ အဓိကထား တင်ပြလိုသော သခင်နိုင်ငံရေးသမားများ၏ ရဲဘော်ရဲဘက်များအပေါ် မေ့ပစ်ပြီး ဘဝသစ်တွင် မွေ့လျော်နေသည်ကို ပြလိုသော ရည်ရွယ်ချက်သည် ပျက်စီးသွားမည် ဖြစ်ပါသည်။

ထို့ကြောင့် ဇာတ်လမ်းတွင် ပေါင်းပေးခြင်း၊ ကွဲစေခြင်းတို့သည် ရည်ရွယ်ချက်နှင့် အညီသာ ဖြစ်ရမည်ဟု ဆိုထားခြင်း ဖြစ်ပါသည်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

# ၆။ ဇာတ်လမ်း

## ၆၊ ၁။ ဇာတ်လမ်းသဘော

ဝတ္ထုတိုသည်လည်း ဝတ္ထုရှည်ကဲ့သို့ပင် ဇာတ်လမ်း ပါရှိမြဲ ဖြစ်ပါသည်။ သို့ရာတွင် ဇာတ်လမ်းကို အလေးပေးခြင်း၊ အလေးမပေးခြင်း ဟူသော အနေအထားနှစ်ရပ် ကွဲပြားတတ်ပါသည်။ ဇာတ်လမ်း၊ ဇာတ်ဆောင်တို့ကို ဖန်တီးရာ၌ ဒိဋ္ဌဓမ္မလောကကို အခြေခံသည်ဆိုသော်လည်း စာရေးသူ၏ စိတ်ကူးနှင့် ဖြည့်စွက် ဖန်တီးရသောကြောင့် ဝတ္ထုတိုမှ ဇာတ်လမ်းနှင့် ဒိဋ္ဌဓမ္မလူ့လောကကို ထင်ဟပ်ရေးဖွဲ့ခြင်းဖြင့် စာဖတ်သူတို့အနေနှင့် သဘာဝကျသည်၊ အသင့်ယုတ္တိရှိသည်ဟု ယုံကြည်လက်ခံလာစေပါသည်။ ဒိဋ္ဌဓမ္မလူ့လောကကို တင်ပြသော အဖွဲ့များသည် လူ့သဘာဝ အဖွဲ့ကောင်းများဖြစ်လျှင် ဝတ္ထု၏တန်ဖိုးကို မြင့်မားစေနိုင်ပါသည်။ စာရေးသူ၏ စိတ်ကူးနှင့် ဖန်တီးရေးဖွဲ့သော အပိုင်းမှာမူ စာဖတ်သူတို့အနေနှင့် ရသ ခံစားမှု ဖြစ်ပေါ်အောင် လှုံ့ဆော်ပေးနိုင်စွမ်း ရှိပါသည်။

ဒိဋ္ဌဓမ္မလောက၏ ဖြစ်ရပ်သည် စာရေးသူ၏ စိတ်ကူးနှင့် ဖန်တီးမှုကောင်းလျှင် ကောင်းသလို စာဖတ်သူစိတ်တွင် ထင်ယောင်မြင်ယောင် ဖြစ်လာပြီးလျှင် ရသခံစားမှုကို ဖြစ်ပေါ်စေသည်။ ထို့ကြောင့် ဝတ္ထုတိုသည် ဒိဋ္ဌဓမ္မလောကကို အခြေပြု၍ စာရေးသူ၏ စိတ်ကူးနှင့် ပေါင်းစပ်ဖန်တီးရသော ဇာတ်လမ်းပါသည့် ရသမြောက် စကားပြေအဖွဲ့ပုံစံဖြစ်ပါသည်။ ဝတ္ထုတိုနှင့် ဒိဋ္ဌဓမ္မလောကတွင် ကွာခြားချက်များ ရှိပါသည်။ ဝတ္ထုထဲမှ လူတစ်ယောက်၏ ဖြစ်စဉ်အတိုင်း ဇာတ်လမ်းကို ဖန်တီးတင်ပြ၍ မဖြစ်ပါ။ ဝတ္ထုထဲမှ ဇာတ်လမ်းအစသည် လူတစ်ယောက်၏ ဘဝအဆုံးမှလည်း စနိုင်သည် အလယ်မှလည်း စနိုင်သည်၊ ဇာတ်လမ်းအတွက် အရေးပါသော အခန်းမှလည်း စနိုင်သည်၊ စာဖတ်သူ၏ စိတ်ကို သည်းထိတ်ရင်ဖို ဖြစ်စေမည့် အခန်းမှလည်း စနိုင်သည်။ ဇာတ်လမ်းစလိုက်သည်နှင့် စာဖတ်သူကို ဆွဲဆောင်နိုင်အောင် ကြိုးပမ်းပြီး နောက်ကြောင်းပြန်သည့် နည်းကိုလည်း သုံးနိုင်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

လူတစ်ယောက်၏ ဇာတ်လမ်းကို ဝတ္ထုအဖြစ် ဖန်တီးရာတွင် မလိုအပ်သော ဘဝဖြစ်စဉ်များကို ချန်ထားနိုင်သည်။ စိတ်လှုပ်ရှားဖွယ် ကောင်းသော ဘဝဖြစ်စဉ်များကိုသာ ချိတ်ဆက်၍ ဇာတ်လမ်းဆင်လေ့ ရှိကြသည်။ ထိုသို့ ဇာတ်လမ်းဆင်ရာ၌ အကြောင်းအရာများကို ချိတ်ဆက်ရာတွင် အကျိုးသင့်၊ အကြောင်းသင့် ဖြစ်ရန် လိုအပ်ပါသည်။ ဇာတ်လမ်းတွင်းရှိ ဖြစ်ရပ်များသည် လူ့ဘဝရှိ ဖြစ်ရပ်များနှင့် မတူပေ။ စာရေးသူက စိတ်ဝင်စားဖွယ် ဖြစ်ရပ်များကို ရွေးထုတ်၍ စနစ်တကျ နေရာချပြီးလျှင် ကြောင်းကျိုးဆက်စပ်မှု သဘောကို အလေးထား၍ စီစဉ်ဖန်တီးထားသည်။ အားပြိုင်မှုပါသော ဇာတ်ကွက်များကိုလည်း စနစ်တကျ စီစဉ်ယူလေ့ ရှိပါသည်။ ဒိဋ္ဌဓမ္မလောကနှင့် ဝတ္ထုထဲမှ ဇာတ်လမ်း အကွာအဝေးကို ဝတ္ထုတို ရေးသူများအနေနှင့် သတိပြုသင့်ပါသည်။

ဇာတ်လမ်းနှင့် ပတ်သက်၍ အဆိုအမိန့် အမျိုးမျိုး ရှိပါသည်။ ကက်သရင်းမိုနာနှင့် ရက်ရော့စ်တို့က–

'ဇာတ်လမ်း ဆိုသည်မှာ မိမိ ဖြစ်စေလိုသော အကျိုးသက်ရောက်မှု ရှိစေရန် အတွက် စာရေးဆရာက ဖြစ်ရပ်များကို စနစ်တကျ စီစဉ်ထားသော ဖြစ်စဉ် ဖြစ်သည်။ အချိတ်အဆက်မိသော ဖြစ်ရပ်များကို ရွေးချယ်၍ ထွက်ပေါ်လာသော အကျိုးဆက်များကိုလည်း စနစ်တကျ ရွေးချယ် စီစဉ်ရသည်။ တစ်နည်းအားဖြင့် ဆိုသော် အားပြိုင်မှု ဖြစ်ပေါ်စေရန်နှင့် အားပြိုင်မှုအရှိန် ကျဆင်းစေရန် စာရေးသူ၏ ရွေးချယ်စီစဉ်မှု ဖြစ်ရပ်သည် ဇာတ်လမ်း ဖြစ်သည်'[၁]

ဟု ဆိုထားပါသည်။

ထိုအဆိုအမိန့်အရ ကြည့်လျှင် စာရေးသူအနေနှင့် မိမိ၏ ဘဝအတွေ့အကြုံ ခံစားမှုမှ တစ်ဆင့် ရရှိလိုက်သော ဘဝအတွေးအမြင်တို့ကို စာဖတ်သူထံသို့ ပို့ဆောင်ရာတွင် ဘဝအတွေးအမြင်သည် ရည်ရွယ်ချက်ဟု ဆိုရမည်။ စာရေးသူ ဖြစ်စေလိုသော အကျိုးသက်ရောက်မှု ဆိုရာ၌ စာတစ်ပုဒ်၏ အဆုံးတွင် စာဖတ်သူအား စာရေးသူက ဖြန့်ဝေလိုသော ထိုဘဝအတွေးအမြင် ရရှိရေးပင် ဖြစ်ပါသည်။ ဆိုလိုသည်မှာ ရည်ရွယ်ချက်သို့ ရောက်အောင် ဦးတည်နေသည့် ဖြစ်ရပ်များကို စနစ်တကျ စီစဉ်ထားသည်။ စနစ်တကျ စီစဉ်သည် ဆိုရာ၌ ဒိဋ္ဌဓမ္မလောကရှိ လူတစ်ယောက်၏ ဘဝသည် ဖြစ်ချင်သလို ဖြစ်နေတတ်သည်။ မထူးခြားသော ဖြစ်ရပ်များသည် ဆက်တိုက် ဖြစ်ချင် ဖြစ်နေနိုင်သည်။ ထူးခြားသော ဖြစ်ရပ်များမှာလည်း ဖြစ်လိုက်၊ ပျက်လိုက်နှင့် အကြောင်းအကျိုး အဆက်အစပ်မရှိ ဖြစ်နေတတ်သည်။ လူတစ်ယောက်၏ ဘဝဖြစ်ရပ်များကို ဖြစ်သည့်အတိုင်း ရေးပြလိုက်လျှင် ဖတ်ချင်စဖွယ် ဇာတ်လမ်း ဖြစ်လာနိုင်မည် မဟုတ်ပေ။

စာရေးသူသည် လူ့လောကတွင် ဖြစ်ပျက်နေသော လူများစွာ၏ ဖြစ်ရပ်များကို ခံစားနားလည်နိုင်အောင် ကြိုးစားပြီးလျှင် ထိုဖြစ်ရပ်များထဲမှ စိတ်ဝင်စားဖွယ်၊ စိတ်လှုပ်ရှားဖွယ်ကောင်းသော ဖြစ်ရပ်များကို ရွေးချယ်၍ စာဖတ်သူအပိုင်းမှ ဖြစ်နိုင်သည်၊ ဖြစ်

---

၁။ Morner and Rausch , 1998 , 167 .

mgyoe.com

mgyoe.com SAMPLE BOOK

သင့်သည်၊ ဖြစ်နိုင်ခြေရှိသည်ဟု လက်ခံယုံကြည်လာအောင် ဇာတ်လမ်းဆင် တင်ပြရပါသည်။ ဖြစ်ရပ်များသည် အပြောင်းအလဲ မရှိ၊ ရပ်တန့်မနေဘဲ ရှေ့သို့ ရွှေ့လျားပြောင်းလဲသွားရသည်။ အောင်မြင်ခြင်း၊ ဆုံးရှုံးခြင်း၊ ပြုံးပျော်ကြည်နူးခြင်း၊ ဝမ်းနည်းကြေကွဲခြင်း၊ ချစ်ခြင်း၊ မုန်းခြင်း ဆိုသည့် ခံစားချက်များသည် တစ်မျိုးတည်း အစဉ်တစိုက် ဖြစ်နေ၍ မရပါ။ တစ်ပြန်တစ်လှည့်စီ အပြောင်းအလဲနှင့် ဖြစ်ပေါ်နေအောင် စာရေးသူက လောက၏ ဖြစ်ရပ်မှန်များထဲမှ ရွေးချယ်စိစစ်ပြီးလျှင် စာဖတ်သူတို့ စိတ်လှုပ်ရှားဖွယ် ဖြစ်အောင် စနစ်တကျ စီစဉ်တင်ပြရပါသည်။

စာရေးသူသည် မိမိပတ်ဝန်းကျင်တွင် တွေ့ရသော လူတို့၏ ဖြစ်ရပ်များကို ချိတ်ဆက်ယူရာ၌ အချိတ်အဆက်မိရန် လိုအပ်သည်။ ထိုဖြစ်ရပ်များ၏ အကျိုးဆက် အဖြစ် ဇာတ်လမ်း အပြောင်းအလဲ ဖြစ်အောင်လည်း ရွေးချယ် စီစဉ်ရသည်။ လူ့လောကတွင် ငယ်စဉ်မှစ၍ သေဆုံးသည်အထိ အားပြိုင်မှု အမျိုးမျိုးကို ကြုံကြရသည်။ ဒိဋ္ဌဓမ္မလောကကို တုပရေးဖွဲ့သော ဝတ္ထုတွင်လည်း အားပြိုင်မှုသည် အရေးပါသည်။ လူနှစ်ဦးကြား(သို့) လူအဖွဲ့အစည်း နှစ်ဦးနှစ်ဖက်ကြား မတူညီသော အယူအဆများ၊ မတူညီသောခံစားမှုများ စသည်ဖြင့် အားပြိုင်မှုများကို ဝတ္ထုတွင်း၌ ဖန်တီးပေးရသည်။ ဝတ္ထုတွင် ဇာတ်လမ်း အရှိန်တက်ရန် လိုအပ်သကဲ့သို့ ဇာတ်ရှိန်ကျဆင်းသွားရန်လည်း ဖန်တီးရန် လိုအပ်ပါသည်။

ခင်နှင်းယု၏ 'အိမ်တစ်ခန်း' ဝတ္ထုတွင် သူနာပြုဆရာမလေးနော်သည် ကလေးနှစ်ယောက်နှင့် မိန်းမရှိသော ဗိုလ်မှူးတွန်နှင့် ချစ်ကြိုက်နေသည်။ ဗိုလ်မှူးတွန်က နော်နှင့် လက်ထပ်ပြီးလျှင် နော်နှင့် နော့်အမေ နေထိုင်ရန်အတွက် အိမ်တစ်ခန်း ဝယ်ပေးမည်ဟု ဆိုသည်။ နော်သည် ငယ်စဉ်ကလေးဘဝကတည်းက ဆင်းရဲသည်။ ခရစ်ယာန်သာသနာ ပြုကျောင်းတွင် နေခဲ့ရသည်၊ အိမ် ဟူ၍ မရှိခဲ့ပေ။ သူနာပြုဆရာမ ဖြစ်လာသော အခါတွင်လည်း အဆောင်၌သာ ခုတင်တစ်လုံးစာနှင့် နေခဲ့ရသည်။ နော်သည် အမေနှင့်အတူ ဖျာချောတစ်ချပ်ခင်း၍ လဲလျောင်းနေထိုင်နိုင်သော ဘဝ၊ အမေချက်သော ငါးဟင်းနှင့် ငါးပိရည်ကျို၊ တို့စရာတို့ဖြင့် စားသောက်ရသော ထမင်းဝိုင်းတို့ကို တောင့်တမိသည်။ နော်၏ ဘဝတွင် မရခဲ့ဖူးသော အိမ်တစ်ခန်းသည် အတောင့်တဆုံးသော ဆန္ဒဖြစ်သည်။ တစ်ဖက်မှ ကြည့်လျှင်လည်း အိမ်ထောင်ရှိသူ၏ အငယ်အနှောင်းဘဝသည် မလိုလားအပ်ပေ။ သို့ရာတွင် အိမ်တစ်ခန်း ဟူသော အသိကြောင့် နော်သည် ဗိုလ်မှူးတွန်ကို လက်ထပ်ရန် တိမ်းညွတ်နေခဲ့သည်။ ထိုအပိုင်းသည် ဇာတ်တက်ပိုင်း ဖြစ်သည်။ ဇာတ်တက်ပိုင်းတွင် ဝတ္ထုတို ဖြစ်သည့်အတွက် အားပြိုင်မှုအမျိုးမျိုး မပါဝင်ပေ။ အားပြိုင်မှု တစ်မျိုးသာ ပါဝင်သည်။ နော်၏ ရိုးသားတည်ငြိမ်သော ဘဝနှင့် အိမ်တစ်ခန်းအတွက် သူတစ်ပါး၏ အိမ်ထောင်ကို နှောင့်ယှက်ဖျက်ဆီးရမည့် အနေအထားတို့ ဖြစ်သည်။ စာဖတ်သူတို့ အပိုင်းမှလည်း နော်နှင့်အတူ လိုက်ပါခံစားပြီး ထိတ်လန့်စိုးရိမ်နေကြသည်။ ဇာတ်တက်ပိုင်း ဖြစ်ရပ်များနှင့် စာဖတ်သူအား စိတ်လှုပ်ရှားမှု ဖြစ်အောင် ဖန်တီးထားခြင်း ဖြစ်သည်။ ထိုမှတစ်ဆင့် စာရေးသူသည် ဇာတ်ထွတ်ပိုင်းသို့ ရောက်သောအခါ နော်အား အဆုံးအဖြတ် ပေးရတော့မည် ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဝတ္ထုတို၏ သဘောမှာ လူ့စိတ်၊ လူ့သဘောထားကို အမှားမှ အမှန်သို့ ပြုပြင်ပြောင်းလဲပေးရန် တာဝန်ရှိသည်။ ရသစာပေ၏ သဘောသည် အမှန်တရားကို လက်ခံလာအောင် စည်းရုံးဆွဲဆောင်ပေးရသည်။ နော်၏ စိတ်အရှိန်တက်နေသည်နှင့်အမျှ ဇာတ်ရှိန်လည်း တက်နေသည်။ ထိုဇာတ်ရှိန်ကို ဖြေရှင်းရန်အတွက် ဇာတ်ကွက်များကို ဖန်တီးပေးရမည် ဖြစ်သည်။ ခင်နှင်းယုသည် နော့်အနေနှင့် သူဌေးကြီးဦးသာဇီ၏ မယားငယ်ဖြစ်သူအား သွားရောက်ကြည့်ရသည့် အနေအထားကို ဖန်တီးပေးရသည်။ မယားငယ်၏ သူ့အိမ်ထောင်ရေးနှင့် ပတ်သက်သော အကြောင်းများကို နားထောင်ပေးခဲ့ရသည်။ မယားငယ် မသီတာသည် သူဌေးကြီး၏ မယားကြီးအကြောင်းကို ပြောသည်။ မိမိနှင့် လက်ထပ်စဉ်က မယားကြီး၏ရုပ်သည် မျောက်အိုမကြီးတစ်ကောင်နှင့် တူသည်ဟု ဆိုသည်။ သူဌေးကြီးဦးသာဇီ၏ မယားငယ်ဘဝတွင် ဂျွန်ဆိုသော လူတစ်ယောက်နှင့် ချစ်ကြိုက်နေသည်ကို ဦးသာဇီက မိမိချစ်သူ ဂျွန်အား အရက်ထဲတွင် အဆိပ်ခတ်၍ သတ်လိုက်သည်ဟုလည်း ခင်ပွန်းဖြစ်သူအား စွပ်စွဲနေသည်။ ထိုသို့ နော်နှင့် မသီတာတို့ တွေ့ဆုံသော ဇာတ်ကွက်ကို ထည့်သွင်းပေးခြင်းဖြင့် နော်သည် ထိုမယားငယ် မိန်းမကို မုန်းတီး စက်ဆုပ်လာသည်။ ထိုမုန်းတီးစက်ဆုပ်စိတ်ကြောင့်ပင် မိမိကိုယ်တိုင် မယားငယ်ဘဝ ခံယူရမည်ကိုလည်း အားပျော့လာဟန် တူသည်။ ယုံကြည်မှု ပျက်ပြားလာအောင် မသီတာ၏ ပြောစကားများက ဆောင်ရွက်ပေးသည်။

ထိုအချိန်တွင် တစ်ဖက်ခန်းမှ လူမမာ အသည်းအသန်ဖြစ်သည်ဟု ဆိုကာ လာခေါ်သည်။ သေအံ့ဆဲဆဲ လူမမာကို ဘုန်းကြီးက တရားဟောရာတွင် မိမိ၏ဘဝတွင် မိမိ၏ ပယောဂကြောင့် မည်သူ တစ်ဦးတစ်ယောက်ကိုမှ အနှောင့်အယှက် မဖြစ်ပါစေနှင့်ဟု ဟောပြောနေသည်။ ထိုဇာတ်ကွက်သည် ရှေ့ဇာတ်ကွက်နှင့် ချိတ်ဆက်နေသည်။ မယားငယ် မသီတာအပေါ်တွင် စိတ်ပျက်ပြီး မိမိဘဝကို ဆင်ခြင်မိလာဟန်ရှိသည့် အနေအထားတွင် ဘုန်းကြီး ဟောလိုက်သော တရားသည် နော်၏ အတွေးအသိကို အမှောင်မှ အလင်းသို့ ပို့ဆောင်ပေးလိုက်သည်။ ထိုသို့အားဖြင့် ဗိုလ်မှူးတွန်နှင့် လက်ထပ်ရန်၊ အိမ်တစ်ခန်းကို ပိုင်ဆိုင်ရန် စိတ်အားထက်သန်နေသော နော်၏ စိတ်သည် ဇာတ်ကွက်များနှင့် ထိုဇာတ်ကွက်ပါ ပြောစကားများကြောင့် အဖြေတစ်ခု ရရှိသွားသည်။ ညနေတွင် ဗိုလ်မှူးတွန်အား လက်ထပ်ရန် ငြင်းပယ်ခဲ့သည်။

စာရေးဆရာမ ခင်နှင်းယုသည် မိန်းမသားများအနေနှင့် မိမိတို့ဘဝ ရပ်တည်မှုအတွက် မိမိတို့၏ဘဝကို ပေးဆပ်နေကြသည့် အဖြစ်မျိုးကို တားဆီးပေးလိုသည်။ အတွေးမှန်သို့ ရောက်စေလိုသည်။ ထိုရည်ရွယ်ချက်သည် ဇာတ်လမ်းအဆုံးတွင် ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှု ဖြစ်သည်။ ထိုအကျိုးသက်ရောက်မှု ရရန်အတွက် နော်နှင့် ဗိုလ်မှူးတွန်တို့၏ ဇာတ်ကွက်များ၊ မသီတာ၏နောက်ကြောင်းပြန် ဘဝများဖြင့် အိမ်တစ်ခန်းအတွက် အိမ်ထောင်ရှိသော ယောကျာ်းတစ်ဦးအား လက်ထပ်ရန် စိတ်အားထက်သန်မှုများကို ပြေလျော့သွားအောင်နှင့် လမ်းမှန်သို့ ဆင်ခြင်လာနိုင်အောင် ဖန်တီးယူထားသည်။ စာရေးသူ

mgyoe.com

mgyoe.com SAMPLE BOOK

သည် အားပြိုင်မှု ဖြစ်ထွန်းစေမည့် ဖြစ်ရပ်များ၊ အားပြိုင်မှုကို လျော့ပါးစေမည့် ဖြစ်ရပ်များကို စနစ်တကျ အကျိုးသင့်၊ အကြောင်းသင့် ချိတ်ဆက်ကာ စီစဉ်မှုသည် ဖြစ်ရပ်များကို စနစ်တကျ ချိတ်ဆက်စီစဉ်မှု ဖြစ်သည်။ ဝတ္ထုတိုဖြစ်သည့်အလျောက် မလိုအပ်သော ဇာတ်ကွက်များ၊ ဇာတ်ဆောင်များ မပါဝင်ဘဲ ဇာတ်လမ်းပါ အဓိကဇာတ်ဆောင်၏ ဘဝနှင့် ခံစားမှု၊ အတွေးအမြင်ကို အပြောင်းအလဲ ဖြစ်စေရန်အတွက် ပါဝင်လှုပ်ရှားရသော ဦးသာဇီ၏ မယားငယ် မသီတာ၏ စိတ်အခြေအနေတို့သည် ဇာတ်ရှိန်ကျရန်အတွက် ဖန်တီးချက်များ ဖြစ်ပါသည်။ ဇာတ်ကွက်အနည်းငယ်မျှကို စနစ်တကျ အကျိုးသင့်၊ အကြောင်းသင့် ချိတ်ဆက်ယူခြင်းဖြင့် ရည်ရွယ်ချက်ကို ပေါ်လွင်အောင် ဖန်တီးထားပါသည်။

ဇာတ်လမ်းနှင့် ပတ်သက်၍ ဂျယ်ရမီဟော်သွန်က–

'ဇာတ်လမ်း ဆိုသည်မှာ ဖြစ်ရပ်နှင့် လှုပ်ရှားမှုများကို အစီစဉ်တကျ စီစဉ်ထားမှု ဖြစ်သည်။ ထိုကဲ့သို့ စည်းလုံးညီညွတ်စွာ စီစဉ်ထားသော ဇာတ်ဖြစ်စဉ်မျိုးကို ဒိဋ္ဌဓမ္မလောက ထဲမှာထက် ဝတ္ထုထဲ၌ ပို၍ တွေ့နိုင်သည်'၁

ဟု ဆိုပါသည်။

ထိုအဆိုအမိန့်သည်လည်း အထက်တွင် ဖော်ပြခဲ့သော အဆိုအမိန့်နှင့် သဘောချင်း တူညီပါသည်။ ဇာတ်လမ်းနှင့် ပတ်သက်သည့် အဆိုများကို ကြည့်လျှင် ဝတ္ထုနှင့်ဒိဋ္ဌဓမ္မလောက၏ ကွဲပြားမှုကို သိသာစေပါသည်။ ဒိဋ္ဌဓမ္မလောကတွင် လူတစ်ယောက်၏ ဖြစ်စဉ် ဇာတ်ကြောင်းသာ ရှိနိုင်ပါသည်။ ဝတ္ထုတွင်မူ လူတစ်ယောက်၏ ဘဝဇာတ်ကြောင်းတွင် ပါဝင်သည့် ဖြစ်ရပ်တိုင်းကို မထည့်ဘဲ လိုအပ်သည့် ဖြစ်ရပ်၊ စာဖတ်သူ၏ စိတ်ကို လှုပ်ရှားစေမည့်ဖြစ်ရပ်၊ ရည်ရွယ်ချက်ကို အထောက်အကူပြုမည့် ဖြစ်ရပ်များကိုသာ ရွေးချယ် စီစဉ်ချိတ်ဆက်သည့် ဇာတ်လမ်းသဘောကို သိလာရပါသည်။

ဂျယ်ရမီဟော်သွန်ကပင် ဇာတ်ကြောင်း နှင့် ဇာတ်လမ်းတို့၏ မတူညီပုံကို–

'ဇာတ်ကြောင်း ဆိုသည်မှာ ဖြစ်ရပ်များကို အချိန်ကာလစဉ်အတိုင်း စီစဉ်ထားသော ဖြစ်စဉ် ဖြစ်သည်။ ဇာတ်လမ်းတွင်မူ ဖြစ်ရပ်များသည် အကြောင်းအကျိုး ဆက်စပ်မှုကိုသာ အလေးထားသည်'၂

ဟု ဆိုထားပါသည်။

ဝတ္ထုဇာတ်လမ်း ဖန်တီးမှုတွင် ကြောင်းကျိုးဆက်စပ်မှု သဘောသည် အရေးပါသည်။ အိမ်တစ်ခန်းဝတ္ထုတွင် နော်၏ အတွေးသည် မြန်မာ့လူ့အဖွဲ့အစည်းနှင့် မအပ်စပ်ပေ။ မိန်းမသား တစ်ယောက်၏ ကိုယ်ကျင့်တရား အနေနှင့်လည်း မသင့်တော်ပေ။ သို့ရာတွင် စာရေးသူက နော့်အပေါ်တွင် အပြစ် မမြင်ပေ။ နှိမ့်ချ၍ မရေးပေ။ နော်သည် အိမ်တစ်ခန်းအတွက် သူတစ်ပါး လင်ယောက်ျားကို ပေါင်းသင်းရမည့် စိတ်အနေအထားသို့ ရောက်ရပုံတွင် ငယ်ဘဝမှစ၍ အကျိုးသင့်၊ အကြောင်းသင့် ပြောသည်။ နော်၏ ဘဝတွင် အိမ် ဟူ၍

၁။ Hawthorn, 1986 , 53.

၂။ Hawthorn, 1986 , 53.

mgyoe.com

mgyoe.com SAMPLE BOOK

မရှိခဲ့ပေ။ ထို့ကြောင့် နော်သည် ကိုယ်ပိုင်အိမ်တစ်ခန်း ရှိလိုသည်။ နော် ပိုင်ဆိုင်လိုသော အိမ်တစ်ခန်းမှာလည်း လောဘ မများလှပါ။ ဖျာချောလေး တစ်ချပ်ပေါ်တွင် အမေနှင့်အတူ လဲလျောင်းရင်း စကားပြောချင်ပုံ၊ အမေ ချက်ကျွေးသော ဟင်းကို အမေနှင့်အတူ စားလိုပုံ ဆိုသည့် အိမ်၏ အနှစ်သာရကလေးများကို ဖော်ပြပြီး နော်၏ မဆီလျော်သော ဆန္ဒနှင့် ဆုံးဖြတ်ချက်များ ဖြစ်ပေါ်လာခြင်း အကြောင်းရင်းကို အကျိုးသင့်၊ အကြောင်းသင့် တင်ပြထားသည်။ စာဖတ်သူတို့အနေနှင့် နော့်အပေါ်တွင် မုန်းတီးစိတ်ထက် စာနာစိတ်၊ ကရုဏာစိတ်များ မွေးလာနိုင်ကြမည် ဖြစ်သည်။ ထိုကဲ့သို့သော အကြောင်းအရာများကြောင့် ထိုကဲ့သို့သော အကျိုးတရား ဖြစ်လာကြောင်း လက်ခံလာအောင် ရေးရသည်။

နော်၏စိတ်ကို အပြောင်းအလဲပြုရာ၌လည်း စာရေးသူအနေနှင့် မိမိသဘောဖြင့် ပြောင်းလဲယူခွင့် မရှိပါ။ ဝတ္ထုတို၏ သဘောသဘာဝအရ ဇာတ်လမ်း ပြောင်းလဲသွားအောင် ဖန်တီးရာတွင်လည်း အကျိုးသင့်၊ အကြောင်းသင့် ဖြစ်ရပါမည်။ သူဋ္ဌေးဦးသာဇီ၏ မယားငယ် မသီတာ၏ ပြောစကားများ၊ ဘုန်းတော်ကြီး၏ တရားစကားများကို ထည့်သွင်းပေးခြင်းဖြင့် နော်၏ဆုံးဖြတ်ချက် ပြောင်းလဲသွားပုံသည် အကျိုးသင့်၊ အကြောင်းသင့် ဖြစ်သွားရပါသည်။ အကျိုးသင့်၊ အကြောင်းသင့် ဖြစ်သည့်အတွက် စာဖတ်သူတို့ကလည်း ခင်နှင်းယု၏ အိမ်တစ်ခန်းကို နှစ်သက်ကြရခြင်း ဖြစ်ပါသည်။ အိမ်တစ်ခန်း ဝတ္ထုသည် စေတနာ ရည်ရွယ်ချက် ကောင်းမွန်ရုံသာမက တင်ပြပုံ နည်းစနစ်ပိုင်းလည်း ကောင်းမွန်သည့် ဝတ္ထုတို တစ်ပုဒ်ဟု ဆိုရပါမည်။

ဇာတ်လမ်းတွင် ကြောင်းကျိုးဆက်စပ်မှု အရေးပါပုံကို ဂျိုးဇက်နိုဘာကိုဗစ်က–

'ဇာတ်လမ်းသည် အကြောင်းနှင့် အကျိုးကို တည်ဆောက်ပေးသည်။ ဇာတ်ပန္နက်ချထားသော ဝတ္ထုတွင် အကြောင်းနှင့် အကျိုး ဆက်သွယ်မှုကို အားပြုတည်ဆောက်ထားခြင်း ဖြစ်သည်(သို့) အနည်းဆုံး ဖြစ်ရပ်များအတွင်း အညမည ဆက်သွယ်နေပြီးလျှင် ဘဝ၊ အချစ် ကဲ့သို့သော တန်ဖိုးထားအပ်သော အရာများ၏ တန်ဖိုးပေါ်၌ အခြေခံ တည်ဆောက်လေ့ ရှိသည်'[၁]

ဟု ဆိုထားပါသည်။

အထက်ပါ အဆိုအမိန့်အရ ဇာတ်လမ်းတွင် ဘဝနှင့် အချစ်ကဲ့သို့ တန်ဖိုးထားအပ်သော အရာများပေါ်တွင် အခြေခံထား၍ တည်ဆောက်လေ့ ရှိသည်ဟု သိရပါသည်။ လူ့လောကတွင် လူတို့သည် ဘဝ ဟူ၍ ရှိသည်။ အချစ်နှင့်လည်း မကင်းနိုင်ပေ။ ထို့အတူပင် ဒိဋ္ဌမမှုလူ့လောကကို တုပထားသော ဝတ္ထုတွင် စာရေးသူတို့ ဇာတ်လမ်းဖန်တီး တည်ဆောက်ရာတွင် ဘဝနှင့် အချစ်တို့ကိုပင် အခြေခံထား၍ အများဆုံး တည်ဆောက်ယူလေ့ ရှိပါသည်။

ဇာတ်လမ်းသဘောနှင့် ပတ်သက်၍ အောင်သင်းက–

'ကျွန်တော်တို့ ယနေ့ ယေဘုယျ ပြောဆိုနေကြသည့် ဇာတ်လမ်း ဆိုသည်မှာ ဇာတ်ဆောင်တို့၏ ဘဝဇာတ်ကြောင်း၊ ဘဝအသိအမြင်ကို မမျှော်လင့်ဘဲ ပြောင်းလဲသွား

၁။ Novakovich, 1995, 7 .

mgyoe.com

mgyoe.com SAMPLE BOOK

စေသည့် အဖြစ်အပျက်ကို ကျိုးကြောင်းဆက်စပ် ဖော်ပြထားသော ဖြစ်စဉ်တစ်ခုဟု ဆိုချင်ပါသည်'၁

ဟု ဖော်ပြထားပါသည်။

ထိုအဆိုအရ ကြည့်လျှင် ဇာတ်လမ်းတွင် ဇာတ်ကောင်တို့၏ ဘဝဇာတ်ကြောင်း ပါဝင်သည်။ ထိုဘဝဇာတ်ကြောင်းသည် ဇာတ်ဆောင်တို့၏ ဘဝအသိအမြင်ကို ပြောင်းလဲသွားအောင် ဖန်တီးပေးနိုင်သည့် သဘော ပါဝင်သည်။ ဇာတ်ကြောင်း ပြောင်းလဲသွားသည်ဆိုရာ၌ ထိုဇာတ်ကြောင်းတွင် ပါဝင်သော ဇာတ်ကောင်တို့၏ စိတ်နေသဘောထား၊ ခံစားမှုအယူအဆများ ပြောင်းလဲသွားခြင်း ဖြစ်သည်။

မောင်ခင်မင်(ဓနုဖြူ)ကလည်း-

'ဇာတ်လမ်း ဟူသည် ဖြစ်ရပ်များကိုအကြောင်း၊ အကျိုး ဆက်စပ်ကာ ဝတ္ထု ဇာတ်လမ်းပုံစံဖြင့် ရေးဖွဲ့ထားသော အဖွဲ့မျိုးသည် ဇာတ်လမ်းအဖွဲ့ပုံစံ ဖြစ်သည်'၂

ဟု ဖော်ပြထားပါသည်။

မင်းယုဝေကမူ-

'ဇာတ်လမ်း ဟူသည် ဇာတ်ဆောင်အချင်းချင်း သော်လည်းကောင်း၊ ဇာတ်ဆောင်နှင့် အရေးကိစ္စတစ်ခုခု သော်လည်းကောင်း၊ ဇာတ်ဆောင်နှင့် သူ၏ အတွင်းစိတ် သန္တာန် သော်လည်းကောင်း ဆန့်ကျင်ဘက် အင်အားစု အားပြိုင်ရာမှ ပေါ်ထွန်းလာသော သဘောဖြစ်သည်။ ထို့ကြောင့် ဝတ္ထုဖြစ်လျှင် ဇာတ်လမ်းသဘောသည် အနည်းဆုံး အရိပ်အယောင်မျှ ပါတတ်သည်ချည်း ဖြစ်သည်'၃

ဟု တင်ပြခဲ့ပါသည်။

ဇာတ်လမ်း ဖန်တီးရာတွင် အားပြိုင်မှု၏ အခန်းကဏ္ဍသည် အရေးပါလာပါသည်။

---

၁။ အောင်သင်း၊ ၁၉၉၄၊ ၂၈ ။

၂။ ခင်မင်၊ မောင် (ဓနုဖြူ)၊ ၂၀၀၄၊ ၃၂၄ ။

၃။ မင်းယုဝေ၊ ၁၉၇၉၊ ၁၆၇ ။

mgyoe.com

mgyoe.com SAMPLE BOOK

## ၆၊ ၂။ ဇာတ်လမ်း၏ အင်္ဂါရပ်များ

ဇာတ်လမ်းနှင့် ပတ်သက်၍ ဝတ္ထုတိုဖန်တီးမှု အတတ်ပညာဆိုင်ရာ စာအုပ်များတွင် ဖွင့်ဆိုချက် အမျိုးမျိုးကို တွေ့ရပါသည်။ ဖွင့်ဆိုချက်များသည် ဝတ္ထု၏ အင်္ဂါအစိတ်အပိုင်းများ၊ ဝတ္ထုဇာတ်လမ်းတွင် ပါဝင်သော အပိုင်းအကန့်များနှင့် ပတ်သက်၍ အခေါ်အဝေါ် အသုံးများ ကွဲပြားခြားနားသော်လည်း ခြုံ၍ ကြည့်လျှင်မူ ဆိုလိုချက်မှာ အတူတူပင် ဖြစ်သည်ကို တွေ့ရပါသည်။ The complete idiot's guide to creative writing စာအုပ်ကို ရေးသားသူ လော်ရေး,အီး,ရိုဇကီးစ် က–

'ဇာတ်လမ်း ဆိုသည်မှာ ရသစာပေ လုပ်ငန်းတွင် ဖြစ်ရပ်များ၏ အစီအစဉ် ဖြစ်သည်'၁

ဟု ဖွင့်ဆိုထားပါသည်။

ဇာတ်လမ်းပုံစံအရ ဇာတ်ပျိုးပိုင်း၊ ဇာတ်တက်ပိုင်း၊ ဇာတ်ထွတ်ပိုင်း၊ ဇာတ်ဖြေပိုင်းများ ပါဝင်သည်ဟု ဆိုထားပါသည်။

ထိုစာရေးသူကပင်–

'ဝတ္ထုတွင် ဇာတ်လမ်းဖွဲ့စည်းပုံ ဆိုသည်မှာ ဇာတ်ကြောင်းကို တင်ပြပုံ ဇာတ်လမ်းပင် ဖြစ်သည်'၂

ဟု ဖော်ပြထားပါသည်။

သူ၏ အဆိုအရ ဇာတ်လမ်းတွင် အစ၊ အလယ်၊ အဆုံး ဟူ၍ သုံးပိုင်း ရှိသည်ဟု ဖော်ပြထားသည်။ ဇာတ်ပျိုးပိုင်းသည် ဇာတ်လမ်းနှင့် စတင် မိတ်ဆက်ပေးသော အခန်းဖြစ်သည်။ ထိုအခန်းတွင် စာရေးသူသည် ဇာတ်ဆောင်များ၏ နောက်ခံအကြောင်းအရာများ၊ ဝတ္ထု၏ နောက်ခံနှင့် ဇာတ်လမ်း၏ အခြေခံ အကြောင်းအရာများကို တင်ပြတတ်သည်။

---
၁။ Rozakis, 2004 , 90 .

၂။ Rozakis, 2004 , 90 .

mgyoe.com

mgyoe.com SAMPLE BOOK

ဇာတ်တက်ပိုင်းသည် ဝတ္ထု၏ အဓိက အစိတ်အပိုင်း ဖြစ်သည်။ ထိုအပိုင်း၌ အဓိက ဇာတ်ဆောင်သည် မိမိ၏ ရည်မှန်းချက်ပန်းတိုင်သို့ အောင်မြင်စွာ ရောက်ရှိရန် အတားအဆီးများကို ရန်းကန်ကျော်ဖြတ်ရသည်။ ဇာတ်ထွတ်ပိုင်း(climax) သည် ဝတ္ထုဇာတ်ကြောင်း၏ စိတ်ဝင်စားဖွယ် အကောင်းဆုံး (သို့) သည်းထိတ်ရင်ဖို အဖြစ်ဆုံး အပိုင်း ဖြစ်သည်။ ဇာတ်ဖြေပိုင်း(resolution)သည် ဇာတ်လမ်း၏ ဗဟိုအားပြိုင်မှု ပြီးဆုံးသော နေရာ ဖြစ်သည်။ ဝတ္ထုအများစုတွင် ဇာတ်ထွတ်နှင့် ဇာတ်ဖြေပိုင်းသည် အတူတူ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဇာတ်ထွတ်ပိုင်း၌ ဇာတ်လမ်းဖြစ်ရပ်များသည် ဖြေရှင်းပြီးသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ဝတ္ထုတို ပညာရှင်များက ဇာတ်ထွတ် (climax) ကို ဇာတ်ဖြေ (resolution) ဟုပင် ခေါ်ဝေါ်ခဲ့ကြပါသည်။

ရိုဇကီးစ်က 'ဝတ္ထုတိုတစ်ပုဒ်တွင် ဖြစ်ရပ်များ(သို့) စာရေးသူ၏ လူ့စိတ်၊ လူ့သဘောထားအတွင်းသို့ နက်နက်ရှိုင်းရှိုင်း ဝင်၍ ခံစားလေ့လာမှုအပြင် အခြား လိုအပ်ချက်တစ်ခု ရှိသေးသည်'ဟု ဆိုထားသည်။ ထိုလိုအပ်ချက်မှာ စာဖတ်သူတို့သည် ဝတ္ထုတိုကို ဆက်လက်ခံစားစေရန်အတွက် ဖမ်းစားထားသည့် ဇာတ်လမ်းဖွဲ့စည်းပုံ ဖြစ်သည်။ ဇာတ်လမ်းဖွဲ့စည်းမှုတွင် အားပြိုင်မှုနှင့် စွန့်စားမှုများ ပါဝင်သည်။ ဇာတ်လမ်းတွင် အစပိုင်း၊ အလယ်ပိုင်းနှင့် အဆုံးပိုင်းဟုလည်း ပိုင်းခြားနိုင်သည်။

အစဉ်အလာ ဝတ္ထုများတွင် ဇာတ်လမ်းအစပိုင်း၊ အလယ်ပိုင်း၊ အဆုံးပိုင်း ဟူ၍ ပိုင်းခြားထားသော်လည်း ယနေ့ ခေတ်ပြိုင်ဝတ္ထုများတွင်မူ ဇာတ်လမ်းဖန်တီးပုံသည် အမျိုးမျိုး ကွဲပြားစွာ ရှိနေကြသည်။ အစဉ်အလာ ဝတ္ထုတိုများတွင် ဇာတ်လမ်း၏ အစ၌ နောက်ခံ၊ ဇာတ်ဆောင်(သို့) အားပြိုင်မှုများနှင့် စတတ်သည်။ ယနေ့ ခေတ်ပြိုင်ဝတ္ထုတိုများတွင်မူ ဇာတ်လမ်း၏ အစကို ဇာတ်သိမ်းပိုင်းနှင့် စတတ်သည်။ ဇာတ်သိမ်းပိုင်းကို ဇာတ်ပျိုးပိုင်းနှင့် အဆုံးသတ်ထားသည်။ မည်သို့ပင် ဇာတ်လမ်းတင်ပြပုံအစီအစဉ် ကွဲပြားသော်လည်း ဝတ္ထုတိုမှန်လျှင် ဇာတ်လမ်းအစ၊ အလယ်၊ အဆုံး ဆိုသည့် အစီအစဉ်များ အားလုံးသည် ဖွဲ့စည်းမှုတစ်ရပ်အဖြစ် စုစည်းနေရမည် ဖြစ်သည်။

ရိုဇကီးစ်က–

'ဇာတ်လမ်းဖွဲ့စည်းမှု (Structure) နှင့် ပတ်သက်၍ ဇာတ်လမ်း ဖွဲ့စည်းပုံမှာ သင်၏ ဝတ္ထုတိုကို ထုတ်ဖော်ပြသသည့် နည်းလမ်းဖြစ်သော ဇာတ်လမ်းကို ဆိုလိုသည်ဟု အနက်ဖွင့်ထားပါသည်။ စာရေးသူက ဇာတ်လမ်း ဖွဲ့စည်းပုံသည် အကြောင်းအရာနှင့် ရည်ရွယ်ချက်တို့ကို တွန်းအားပေးရသည်။ အကျိုးဆက်အဖြစ်နှင့် သင်၏ ဇာတ်လမ်းဖွဲ့စည်းပုံသည် ပုံအမျိုးမျိုး ကွဲပြားသွားလိမ့်မည်။ လျှို့ဝှက်သည်းဖို ဝတ္ထုတစ်ပုဒ်တွင် ဇာတ်လမ်းအစမှစ၍ အဆုံးအထိ စာဖတ်သူ၏ အာရုံစူးစိုက်ရန်အတွက် စွန့်စားခန်းများကို ထည့်သွင်းရမည်။ ဇာတ်လမ်းတစ်ပုဒ်ချင်း၏ ဇာတ်လမ်းကို စီစဉ်ပြီးသောအခါ မည်သို့

mgyoe.com

mgyoe.com SAMPLE BOOK

သော အကောင်းဆုံးနည်းကို သုံး၍ ဇာတ်လမ်းကို တင်ပြမည်၊ ရှင်းလင်း၍ စွန့်စားခန်းများ ပါဝင်အောင် မည်ကဲ့သို့ တင်ပြမည်၊ စာဖတ်သူ၏ စိတ်လှုပ်ရှား တုံ့ပြန်မှုများရအောင် မည်ကဲ့သို့ ထိန်းချုပ်မည် ဟူသော အချက်ကို တွေးဆရပါသည်'[၁]

ဟု ဆိုထားပါသည်။

ဇာတ်လမ်း အဆုံးသတ်မှုနှင့် ပတ်သက်၍ ရိုဇကီးစ်က–

'သင်၏ ဇာတ်လမ်း၏ အဓိကပြဿနာအပေါ် ဖြေရှင်းပုံသည် အသင့်ယုတ္တိ မရှိလျှင် ပရိသတ်တို့ မနှစ်သက်ပေ။ အားပြိုင်မှုများကို ဖြေရှင်းရာ၌ တိုက်ဆိုင်မှုအပေါ် မှီခိုမပြုသင့်ပေ။ ပုံစံအားဖြင့် အလွန်အမင်းဆင်းရဲရာမှ ထီပေါက်ပြီး ထွက်ပေါက်ရသွားခြင်း၊ နှစ်ပေါင်းများစွာ ကွဲကွာနေသော ချမ်းသာသည့် ဆွေမျိုးနှင့် ပြန်လည်တွေ့ဆုံခြင်းတို့သည် ယုတ္တိ မရှိသည့်အတွက် စာဖတ်သူတို့ နှစ်သက်သည် မဟုတ်ပေ'[၂]

ဟု ဆိုခဲ့ပါသည်။

ဇာတ်လမ်း ဖန်တီးမှုတွင် ပါဝင်သော အင်္ဂါအစိတ်အပိုင်းများနှင့် ပတ်သက်၍ လည်း စာရေးသူက ရှင်းလင်း တင်ပြထားပါသည်။

'ဇာတ်ပျိုးပိုင်း (exposition) သည် နောက်ခံအကြောင်းအရာများ၊ ဇာတ်ဆောင်များ (သို့) ကာလ ဒေသနောက်ခံအဖွဲ့များနှင့် ဇာတ်လမ်း ဖြစ်ပေါ်စေသည့် အခြေခံအကြောင်းအရာ အချက်အလက်များနှင့် မိတ်ဆက်ပေးသည့် အခန်း ဖြစ်သည်။ ဇာတ်တက်ပိုင်း (Rising Action) သည် ဝတ္ထု၏ အဓိကကျသော အပိုင်း ဖြစ်သည်။ ထိုအခန်း၌ အဓိကဇာတ်ဆောင်သည် ပန်းတိုင်သို့ ရောက်အောင် အခက်အခဲများကို ရင်ဆိုင်ကျော်ဖြတ်ရသည့် ရုန်းကန်ရသည့် အကြောင်းများ ပါဝင်သည်။

ဇာတ်ထွတ် (climax) သည် စာဖတ်သူ၏ စိတ်ဝင်စားမှု အမြင့်ဆုံးနှင့် သည်းထိတ်ရင်ဖိုမှု အဖြစ်ရဆုံးအခန်း ဖြစ်သည်။

ဇာတ်ဖြေပိုင်းသည် ဝတ္ထုတို၏ ဗဟိုကျသော အားပြိုင်မှု ပြီးဆုံးသည့် အခန်း ဖြစ်သည်။ ဝတ္ထုတိုများစွာတွင် ဇာတ်ထွတ်ပိုင်းနှင့် ဇာတ်ဖြေပိုင်းတို့သည် အတူတူ ဖြစ်တတ်သည်။ အဘယ်ကြောင့် ဆိုသော် ဇာတ်ထွတ်ပိုင်းသည် ဇာတ်ကြောင်းဖြစ်ရပ် အားလုံးကို ဖြေရှင်းပေးသော အခန်း ဖြစ်သောကြောင့် ဖြစ်ပါသည်'[၃]

ဟု ဖော်ပြထားသည်။

ထိုစာအုပ်၌ပင် လော်ရေး ,အီး ,ရိုဇကီးစ်က စာရေးဆရာ ဖြစ်လိုသူများအား တိုက်တွန်းထားရာ၌–

'မင်း သိတဲ့အကြောင်းအရာများကို ရေးပါ' ဟု ဆိုထားပါသည်။

---

၁။ Rozakis ၊ ၂၀၀၄ ၊ ၉၀ ။

၂။ Rozakis ၊ ၂၀၀၄ ၊ ၉၂ ။

၃။ Rozakis ၊ ၂၀၀၄ ၊ ၉၂ ။

mgyoe.com

mgyoe.com SAMPLE BOOK

ဝတ္ထုရေးရန်အတွက် စိတ်ကူးအများဆုံး ရနိုင်သော အကြွယ်ဝဆုံး ရေးဟန်များမှာ မိမိ ကိုယ်ပိုင်ဘဝပင် ဖြစ်သည်။ ကံမကောင်းစွာနှင့်ပင် ယင်းဘဝသည်ပင် ခံစားမှုအများဆုံး ဖြစ်နေတတ်သည်'[၁]

ဟု ဆိုထားပါသည်။

ဆိုလိုသည်မှာ စာရေးလိုသူတို့ အနေနှင့် ဇာတ်လမ်းကို ခက်ခက်ခဲခဲ အဝေးသို့ လှမ်းရှာမနေဘဲ မိမိဘဝထဲတွင်ပင် ရှာဖွေကြရန် တိုက်တွန်းထားသည်။ လူသားသည် မိမိဘဝကို မိမိ အသိဆုံး၊ ဘဝနှင့် ပတ်သက်လာသမျှကို အခံစားတတ်ဆုံး ဖြစ်သည်။ ထိုသို့ ဖြစ်သည့် အတွက် စာရေးရန် သယံဇာတ အပေါဆုံးမှာ မိမိကိုယ်ပိုင် ဘဝပင် ဖြစ်သည်ဟု ဆိုထားခြင်း ဖြစ်ပါသည်။ သို့ရာတွင် စိတ်ဝင်စားစရာ မကောင်းဆုံး အကြောင်းအရာများ ကိုမူ ထည့်သွင်းရန် မသင့်ဟုလည်း အကြံပြုထားသည်။

စာရေးသူက–

'စာရေးလိုသူများအနေနှင့် သင်တို့၏ ကိုယ်ပိုင်ဘဝကို သင်တို့၏ ဝတ္ထု၌ ထည့်သွင်းပါ။ သို့ရာတွင် သင်တို့၏ ရည်ရွယ်ချက်ကိုလည်း မမေ့ပါနှင့်' ဟု ဆိုထားပါသည်။ စာရေးသူက 'စာရေးလိုသူတို့သည် မိမိ ပတ်ဝန်းကျင်ရှိ လူတိုင်း၏ ဖြစ်ရပ်များ၊ စကားသံများ ကိုလည်းအလေးထားသင့်သည်၊နားထောင်သင့်သည်။အကောင်းဆုံး ဇာတ်လမ်းများသည် နေ့စဉ်စကားများမှ ပေါက်ဖွားလာသည်'

ဟုလည်း အကြံပြုထားပါသည်။

ဇာတ်လမ်းနှင့် ပတ်သက်၍ မိမိ ဆင်ထားသော ဇာတ်လမ်းကို ပြန်လည် ဆန်းစစ်ရန် မေးခွန်းများ ပေးထားပါသည်။

'၁။ မည်သည့် ဇာတ်လမ်းကို ပြောမည်နည်း။ မည်သည့် ဇာတ်လမ်း ဖွဲ့စည်းပုံပုံစံကို သုံးလျှင် ကြည်လင်ပြတ်သား၍ စွန့်စားခန်းပါသော ဝတ္ထုကို ရေးနိုင်မည်နည်း။

၂။ ဇာတ်လမ်းဖြစ်စဉ်များကို အစီအစဉ်အတိုင်း တစ်ခုပြီး တစ်ခု ရေးမည်လော။

၃။ နောက်ကြောင်းပြန် ဇာတ်ကွက်ကို သုံး၍ ရှေ့တွင် ဖြစ်ခဲ့သော အခန်းကို ပြန်လည် တင်ပြမည်လော။ နောက်ကြောင်းပြန် ဇာတ်ကွက်များသည် ကျန်ရစ်ခဲ့သော သတင်းအချက်အလက်များကို ဖြည့်ဆည်းပေးနိုင်သည်။ ဇာတ်ဆောင်၏ ပြုမူလှုပ်ရှားမှုများကို တင်ပြနိုင်သည်။ ဇာတ်လမ်းကို ဦးဆောင်သွားနိုင်သည်။

၄။ နောက်ကြောင်းပြန် ဇာတ်ကွက်ကို သုံး၍ ယခင်က မပါခဲ့သေးသော ဖြစ်ရပ်ကို ထည့်သွင်းဖော်ပြမည်လော။

၅။ ဇာတ်လမ်း၏ အလယ်ပိုင်းမှ စတင်ပြီး ထိုနေရာသို့ မည်ကဲ့သို့ ရောက်ရှိလာသည်ကို ပြန်လည် ဖော်ပြမည်လော။ ထိုဖြစ်ရပ်များကို ပြင်ပလှုပ်ရှားမှု အမူအရာနှင့် ပြမည်လော(သို့) စာဖတ်သူ၏ အတွင်းစိတ်နှင့် တင်ပြမည်လော ဆိုသည့် မေးခွန်းများကို စိစစ်ကြည့်ရန်နှင့် စိစစ်ပြီးမှ ဇာတ်လမ်းဆင်ရန်'[၂] တင်ပြထားပါသည်။

၁။ Rozakis၊2004၊95 .

၂။ Rozakis, 2004 , 97 .

mgyoe.com

mgyoe.com SAMPLE BOOK

နောက်ကြောင်း ပြန်ဇာတ်ကွက်နှင့် ပတ်သက်၍ စာရေးသူက နောက်ကြောင်းပြန်ဇာတ်ကွက်သည် ရှေ့ပိုင်းတွင် ဖြစ်ပျက်ခဲ့သော ဇာတ်ကြောင်းများကို ဖော်ပြရန်အတွက် ဇာတ်လမ်းထဲသို့ ထိုးဖောက် ဝင်ရောက်လာသော ဇာတ်ကွက် ဖြစ်သည်။ ဇာတ်လမ်း၏ အလယ်ပိုင်းမှစပြီး အလယ်ပိုင်းတွင် ပါသော ဇာတ်ကြောင်းကို တင်ပြသော ဇာတ်ကွက် ဖြစ်သည်ဟု ဆိုထားပါသည်။

ဝတ္ထုရေးလိုသူများအနေနှင့် ဇာတ်ကွက်များကို စိတ်ကူးဖြင့် ကြိုတင် စီစဉ်ရန် အကြံပြုထားခြင်း ဖြစ်ပါသည်။ ဝတ္ထုတစ်ပုဒ်ကို ဝေဖန်သုံးသပ်သူများအနေနှင့်မူ ထိုအချက်များနှင့်အညီ ဇာတ်ကွက် စီစဉ်တင်ပြနိုင်မှု ရှိ၊ မရှိကို ဆန်းစစ်ရန် ဖြစ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

## ၆၊ ၃။ ဇာတ်လမ်းဖန်တီးမှု အတတ်ပညာ

ဝတ္ထုတိုကို ဖတ်ရှုသော ပရိသတ်အများစုသည် ဇာတ်လမ်းအပေါ်၌ ပို၍ အာရုံထားတတ်ကြသည်။ ဇာတ်ဆောင်သည် အရေးပါသကဲ့သို့ ဇာတ်လမ်းသည်လည်း အရေးပါသည်။ စာရေးသူသည် မိမိ၏ ခံစားမှုနှင့် လောကအမြင်ကို စာဖတ်သူထံသို့ ဝတ္ထုတိုအဖွဲ့ပုံစံဖြင့် တင်ပြရာတွင် ဇာတ်လမ်းကို ဇာတ်ရှိန် အနိမ့်၊ အမြင့်၊ အတက်၊ အကျများဖြင့် စာဖတ်သူ၏ စိတ်ကို စိတ်လှုပ်ရှားမှု အမျိုးမျိုးဖြစ်အောင် စည်းရုံးခေါ်ဆောင်ရသည်။

ဇာတ်လမ်းဖန်တီးမှု နည်းစနစ်နှင့် ပတ်သက်၍ ဆရာဇော်ဂျီက–

'(က) ဇာတ်လမ်းအစပျိုး ပါရသည်ဟု လည်းကောင်း၊

(ခ) ထို့နောက် အဖြစ်အပျက်များနှင့် ဇာတ်ဆောင်များ၏ အမူအရာများ၌ နှစ်ဖက်အုပ်စုတို့၏ အားပြိုင်မှုများ ပါကြရသည်ဟု လည်းကောင်း၊

(ဂ) ထို့နောက် နှစ်ဖက်အုပ်စုတို့၏ အနိုင်၊ အရှုံး အားပြိုင်မှု ပါရသည်ဟု လည်းကောင်း၊

(ဃ) ထို့နောက် အနိုင်၊ အရှုံး ပေါ်လာမှု ပါလာရသည်ဟု လည်းကောင်း၊

(င) ထို့နောက် ဇာတ်လမ်းအဆုံးသတ်မှု ရှိရသည်ဟု လည်းကောင်း၊ သဘောငါးခုကို ဆရာ့ဆရာများ ဆိုခဲ့ကြသည် မဟုတ်လော'[၁]

ဟု တင်ပြခဲ့ပါသည်။

ထိုတင်ပြချက်အရ ကြည့်လျှင် ဇာတ်လမ်းတွင် ဇာတ်ပျိုးပိုင်း၊ ဇာတ်တက်ပိုင်းတွင် အားပြိုင်မှုများ ပါဝင်သည့် အပိုင်း၊ ဇာတ်ထွတ်ပိုင်းသည် အရှုံး၊ အနိုင် ဖော်ထုတ်မှု အပိုင်း၊ ဇာတ်ဆင်းပိုင်းသည် ဇာတ်ရှိန်လျော့သွားသည့် အပိုင်း၊ ဇာတ်သိမ်းပိုင်း စသည့် အင်္ဂါရပ်ငါးခုကို တွေ့ရှိပါသည်။

ဆရာဇော်ဂျီက ဇာတ်တက်ပိုင်းကို မဖော်ပြတော့ဘဲ အားပြိုင်မှုများ ပါဝင်လာသည့် အပိုင်းဟု သတ်မှတ်ထားပါသည်။

---

၁။ ဇော်ဂျီ၊ ၂၀၀၉၊ ၁၉၇ ။

mgyoe.com

mgyoe.com
SAMPLE BOOK

'ဇာတ်တက်ပိုင်းသည် ဝတ္ထုရှည်တွင် ရှည်လျားသော်လည်း ဝတ္ထုတိုတွင်မူ တိုတောင်းသည်။ ဝတ္ထုရှည်ကဲ့သို့ ဇာတ်ရှိန်အတက်၊ အကျများ မပါဝင်ဘဲ ဇာတ်ရှိန်သည် တစ်သမတ်တည်း ဇာတ်ထွတ်ပိုင်းသို့ အရောက် တက်လှမ်းသွားရသည်။ ဇာတ်ထွတ်ပိုင်းတွင် အဖြေပေါ်လာသော အခါ စာဖတ်သူတို့ စိတ်တွင် ဘဝင်ကျသွားပြီးလျှင် နှစ်သက်ခြင်း ခံစားမှုကို ခံစားရပါသည်'[၁]

ဟု ဆိုမိန့်ခဲ့ပါသည်။

ဝတ္ထုတိုမှာ ဇာတ်လမ်း ဖန်တီးမှုနှင့် ပတ်သက်၍ မာဂရက်လခ်က ဇာတ်လမ်း ဖန်တီးရာ၌–

'၁။ ဇာတ်လမ်း ဖန်တီးရာ၌ ဇာတ်ဆောင်တို့ ပန်းတိုင်နှင့် အားပြိုင်မှု ပါဝင်ရသည်။

၂။ သတ်မှတ်ထားသည့် အချိန်အတွင်း၌ ဖြစ်ရပ်များသည် ရှေ့သို့ ရွေ့လျားမှု ရှိရသည်။

၃။ ဖြစ်ရပ်များကို အကျိုးသင့်၊ အကြောင်းသင့် ချိတ်ဆက်ပေးရသည်။

၄။ ဇာတ်ဖြေပိုင်းသို့ ရောက်အောင် ဦးတည်၍ သွားရသည်'[၂]

ဟု ဖော်ပြထားပါသည်။

အထက်ပါ ဇာတ်လမ်း ဖန်တီးမှု နည်းလမ်းများကို ကြည့်လျှင် စာရေးသူက ဇာတ်ကောင်များအတွက် ရည်မှန်းချက် ပန်းတိုင်တစ်ခု ဖန်တီးပေးရသည်။ ထိုပန်းတိုင်သို့ သွားရာတွင် အခက်အခဲ အတားအဆီးကို ဖန်တီးပေးရသည်။ ထိုအခက်အခဲကို အားပြိုင်မှု အဖြစ် ဖန်တီးပေးရာတွင် ဝတ္ထုတို ဖြစ်သည့်အတွက် အချိန်မဆွဲဘဲ ဇာတ်ထွတ်(သို့) ဇာတ်ဖြေပိုင်းသို့ ရောက်အောင် လျင်လျင်မြန်မြန် ချီတက်ရသည်။ ဇာတ်ဆောင်၏ ဖြစ်ရပ်များကို ဖန်တီးရာတွင် အကျိုးသင့်၊ အကြောင်းသင့် ဖြစ်ရမည်။ ဇာတ်ထွတ်ပိုင်းကို ဇာတ်ဖြေပိုင်း ဟုလည်း ခေါ်ပြီး ထိုအပိုင်းတွင် ဇာတ်ဆောင် ရင်ဆိုင်ခဲ့ရသော ပြဿနာ အားလုံးကို ဖြေရှင်းပေးနိုင်ရမည်။ အနိုင်၊ အရှုံးကို ဆုံးဖြတ်ပေးနိုင်ရမည်။ ဇာတ်တက်ပိုင်းတွင် မြှပ်ကွက်၊ လှည့်ကွက်များ ပါဝင်ခဲ့လျှင် ရှင်းလင်းဖော်ထုတ်ပေးရမည် ဖြစ်ပါသည်။

ဇာတ်လမ်း၏ အင်္ဂါရပ်များအနေနှင့် 'ဇာတ်ပျိုးပိုင်း၊ ဇာတ်တက်ပိုင်း၊ ဇာတ်ထွတ်ပိုင်း၊ ဇာတ်ဆင်းပိုင်း၊ ဇာတ်သိမ်းပိုင်း ဟူ၍ ခွဲခြားနိုင်ပါသည်။ ဇာတ်ပျိုးပိုင်းသည် ဇာတ်လမ်း အစပျိုးသည့် အပိုင်း ဖြစ်သည်။ ထိုအပိုင်းတွင် စာရေးသူအနေနှင့် အဓိက ဇာတ်ဆောင်နှင့် စတင်မိတ်ဆက်ပေးနိုင်သည်။ နောက်ခံအဖွဲ့ တစ်ခုခုနှင့်လည်း စတင်နိုင်သည်။ ဇာတ်လမ်း အတွင်း၌ အသက်ဝင်လှုပ်ရှားမှု' ရှိသော၊ အားပြိုင်မှုသဘော ပါသော ဇာတ်ကွက်နှင့်လည်း စနိုင်သည်။ ထို့ပြင် ဇာတ်လမ်း၏ အစကို အဆုံးမှလည်း စနိုင်သည်။ မည်သို့ပင်ဖြစ်စေ ဇာတ်ပျိုးပိုင်းသည် စာဖတ်သူ၏ စိတ်ကို စတင်စည်းရုံး ဆွဲဆောင်ရသည့်အပိုင်း ဖြစ်သည်။

---

၁။ ဇော်ဂျီ၊ ၂၀၀၉၊ ၁၉၇ ။

၂။ lucke , 1998 , 172.

mgyoe.com

mgyoe.com SAMPLE BOOK
အကြောင်းအရာ တင်ပြပုံ၊ စိတ်ကူးစိတ်သန်း အရေးအဖွဲ့တို့ တစ်နည်းနည်းဖြင့် ဆွဲဆောင်မှု ရှိရမည် ဖြစ်ပါသည်။

ဇာတ်ပျိုးပိုင်းနှင့် ပတ်သက်၍ အောင်သင်းက–

'ဝတ္ထုတို၏ အဖွင့်သည် စာဖတ်သူကို ချက်ချင်း နိုးကြားစေ၏။ ထိုအဖွင့်သည် ဝတ္ထုတိုအတွက် အရေးကြီးသော ဇာတ်ဝင်ခန်း ဟူသော တာဝန်ကို ထမ်းဆောင်နိုင်လျှင် အခွင့်ကောင်း ဖြစ်သည်'၁

ဟု ဆိုထားပါသည်။

ထိုသဘောကိုပင် ထင်လင်းကလည်း–

'ဝတ္ထုတိုသည် စထွက်ကတည်းက စာဖတ်သူ၏ စိတ်အာရုံကို ဖမ်းစားကာ တစ်ချက်ကလေးမျှ မလျော့စေဘဲ အထွတ်အထိပ်သို့ ရောက်သည့်တိုင် တဖြည်းဖြည်း ဆွဲငင် စုစည်း မြှင့်တင်၍ ယူသွားရမည်'၂

ဟု ဆိုထားပါသည်။

ဇာတ်ပျိုးပိုင်းကို တင်ပြရာတွင် စာရေးဆရာတို့သည် တစ်ဦးနှင့်တစ်ဦး မတူညီကြပေ။ ဝတ္ထုအမျိုးအစားကို လိုက်၍လည်း ကွဲပြားခြားနားနိုင်သည်။ ဆရာကြီးရွှေဥဒေါင်း၏ ဝတ္ထုတိုများထဲတွင် ဖော်ဟိတ် ပါဝင်သော ဝတ္ထုများတွင် ပင်တိုင်ဇာတ်ဆောင် ဖော်ဟိတ်၏ ဘဝများ၊ စွန့်စားခန်းများကို အားပြု၍ ဇာတ်လမ်းဆင်ထားလေ့ ရှိသည်။ ထိုသို့ ဇာတ်လမ်းဆင်လေ့ ရှိသည့်အတိုင်း ဆရာကြီးရွှေဥဒေါင်းက အရက်သမား ခင်မောင်ထွား ဝတ္ထု ဇာတ်ပျိုးပိုင်းတွင် ဇာတ်ဆောင်နှင့် စတင် မိတ်ဆက်ထားပုံကို–

'မိတ်ဆွေကြီး ကိုဖော်ဟိတ်မှာ စာဖတ်ပရိသတ် ရိပ်မိလောက်သည့် အတိုင်း သူရသတ္တိအရာ၌ ထူးထူးကဲကဲ ရဲရင့်သည် မှန်သော်လည်း ဘုရားဒကာ၊ ကျောင်းဒကာ တစ်ယောက် မဟုတ်သဖြင့် ထင်ရာလုပ်၊ ထင်ရာသွား၍ ခပ်ရမ်းရမ်း၊ ခပ်ကြမ်းကြမ်း ပြုမူတတ်သူ ဖြစ်သည်။ သူတစ်ပါးကို ကိုယ်တိုင် မတရား မလုပ်၊ သူတစ်ပါးကို မတရား လုပ်သည်ကို ကြည့်မနေတတ်သော လူတစ်ယောက် ဖြစ်သည်မှတစ်ပါး သောက်တတ် စားတတ်၊ ပျော်ပါးတတ်၍ ကစားဝိုင်းကောင်းကောင်း တွေ့ခဲ့လျှင် တစ်ထိုင်တည်း ငါးရာ၊ တစ်ထောင် အနိုင်၊ အရှုံးထွက်အောင် ကစားတတ်သော အကျင့်ဆိုးများ ရှိ၏'

ဟု တင်ပြထားပါသည်။

ထိုသို့အားဖြင့် ဆရာကြီးရွှေဥဒေါင်းသည် ဖော်ဟိတ်၏ စရိုက်ကို ဖန်တီးရာတွင် အကောင်း၊ အဆိုး စရိုက်နှစ်မျိုးကို ရေး၍ အသက်သွင်းထားသည့် အတွက် လူသားဆန်လာသည်။ တွေ့နေကျ ဇာတ်ဆောင်နှင့် မတူဘဲ တစ်မူထူးခြားသော ဇာတ်ဆောင်စရိုက်နှင့် အစပျိုးထားခြင်းဖြင့် ပရိသတ် သိလိုစိတ်ကို နှိုးဆွပေးနိုင်ခဲ့သည်။

ဦးဖိုးကျား၏ 'အခမဲ့ကုလီထမ်းခြင်း၏ အကျိုး' ဝတ္ထုအဖွင့်၌–

၁။ အောင်သင်း၊ ၁၉၇၉၊ ၃၆၂။

၂။ ထင်လင်း၊ ၁၉၇၉၊ ၂၇၁၊ ၂၇၂။

mgyoe.com

mgyoe.com SAMPLE BOOK

'လွန်ခဲ့သော ၆ နှစ်ခန့်က ကျွန်ုပ်သည် မြို့ငယ်တစ်ခုသို့ အမျိုးသားကျောင်း စစ်ရန် သွားရ၏။ ၎င်းမြို့သို့ မီးရထားဆိုက်လျှင် ကျွန်ုပ်၏ သူငယ်ချင်း သပိတ်မှောက် ကျောင်းသားဟောင်း ဆရာကြီးသည် လာ၍ ကြိုနေသည်ကို တွေ့ရ၏။ ဘူတာအနီးတွင် ကပ်၍ ကျွန်ုပ်၏ ရင်းနှီးသော မိတ်ဆွေတစ်ယောက် နေသည်ကို ခဏမျှ တွေ့လိုသည်နှင့် သူငယ်ချင်းဆရာကြီးအား ကျွန်ုပ်၏ပစ္စည်းများနှင့် သွားရန်ပြောဆို လွှတ်လိုက်၏။ အဆိုပါ ဘူတာအနီးရှိ မိတ်ဆွေနှင့် စကားစမြည်ပြော၍ အတန်ကြာပြီး နောက်ဆရာကြီး အိမ်သို့ သွားတော့မည်ဟု ဘူတာအနီးကပင် ဖြတ်၍လာခဲ့ရာ ဘူတာရုံ အတွင်း၌ သပ်ရပ်စွာ ဝတ်ဆင်၍ သနားကမားသူငယ် ကျောင်းသားအရွယ် တစ်ယောက်ကို တွေ့မြင်ရ၏။'

ဟု အစပျိုး တင်ပြထားပါသည်။

တစ်တောင်တစ်မိုက်ခန့် ရှိသော သားရေအိတ်ကို မသယ်လို၍ ကူလီငှားရန် ကြိုးစားနေသော ကောလိပ်ကျောင်းသား မောင်သောင်း ဆိုသည့် လူငယ်တစ်ယောက်နှင့် တွေ့ဆုံခန်းဖြင့် အစပျိုးထားသည်။

ထိုဝတ္ထုတွင် မောင်သောင်းက ဦးဖိုးကျားအား ကူလီ အမှတ်ဖြင့် သူ၏ သေတ္တာကို သယ်ခိုင်းခဲ့သည်။ အမျိုးသားပညာဝန်မှန်း သိသွားသော နေ့တွင်မူ အိမ်သို့ ဦးဖိုးကျား လာသည်ကို တွေ့သည်နှင့် ထွက်ပြေးသွားခဲ့သည်။ အခမဲ့ကူလီ ထမ်းခြင်း၏ အကျိုး၏ အစတွင် စာရေးသူက မိမိ၏ကိုယ်တွေ့ဖြစ်ရပ်ကို ပြန်ပြောသကဲ့သို့ ရေးသားထားသော ကြောင့် စာဖတ်သူတို့အနေနှင့် ဖြစ်ရပ်မှန်ဟုထင်ကာ စိတ်ဝင်စားမှု ပိုကဲလာစေသည်။ ကိုလိုနီခေတ်က ထိုဝတ္ထုသည် ဖြစ်ရပ်မှန်ဟု လက်ခံကြကာ မောင်သောင်း ဟူသော ကျောင်းသားသည် ယခုတိုင် အသက်ရှင်လျက် ရှိသေးသည်၊ ဟင်္သာတ၌ ရှေ့နေလုပ်နေ သည် စသည်ဖြင့် မိမိကို ပြောခဲ့ဖူးကြောင်း တိုက်စိုးက ဂန္ထဝင် စာဆို ပညာရှိလေးဦး စာအုပ် တွင် ဖော်ပြထားပါသည်။

တိုက်စိုးကပင် ရင်းနှီးသူတချို့က အခမဲ့ကူလီထမ်းခြင်း၏ အကျိုး ဝတ္ထုမှ အဖြစ်အပျက်သည် တကယ့်အဖြစ်အပျက် ဖြစ်ပါသည်။ မယ်ဇလီကုန်းသို့ ဦးဖိုးကျား ကျောင်းစစ်သွားရင်း ကြုံခဲ့သည်ဟုလည်း တင်ပြခဲ့ပါသည်။ ထိုကျောင်းသားကမူ မိမိ မဟုတ်ကြောင်း ငြင်းသည်ဟုလည်း ဖော်ပြထားပါသည်။

မည်သို့ပင်ဆိုစေ ဦးဖိုးကျား၏ ဝတ္ထုအဖွင့် စာသားသည် စာဖတ်သူတို့အား ဖြစ်ရပ်မှန်ဟု ယုံကြည်လာစေသည်။ ထိုဝတ္ထုတွင် ပါသော ဇာတ်ဆောင်သည် ဒိဋ္ဌလောက တွင် အမှန်ရှိသည်ဟု ထင်မြင်လာစေသည်အထိ အားကောင်းခဲ့ပေသည်။

ဦးဖိုးကျား၏ 'သွက်လက်ချက်ချာသော မယ်မျှင်' ဝတ္ထုတွင်မူ–

'ကျွန်ုပ်သည် နံနက် လမ်းလျှောက်လေ့ ရှိ၏။ တစ်နံနက်၌ ရန်ကုန်မြို့ ကျောက် မြောင်းဘက်သို့ လှည့်၍ လျှောက်ခဲ့၏။ လမ်းတွင် ရုတ်တရက် မိုးရွာသည်နှင့် အနီးရှိ အိမ်ဆိုင်ငယ်လေးတစ်ခုသို့ မိုးဝင်၍ ခိုမိ၏။ အိမ်ခန်းကျဉ်းကျဉ်း ဟောင်းနွမ်းသော ဆိုင်ခုံ ပေါ်တွင် ဆေးပြင်းလိပ်၊ ဆေးပေါ့လိပ်၊ မုန့်ပဲသရေစာ အနည်းငယ်မျှ တည်ခင်းထား၏။

mgyoe.com

mgyoe.com SAMPLE BOOK

ဆိုင်ရှင်မှာ ၁၅ နှစ်၊ ၁၆ နှစ်အရွယ် သူငယ်မ ဖြစ်သည်။ ပုံပန်း တော်သင့်ရုံရှိ၏။ အနေအထိုင် အဝတ်အစားတို့ကို မြင်ရသဖြင့် ဆင်းရဲနွမ်းပါးကြောင်းကို သိရ၏။ သို့ရာတွင် ဝတ်စားပုံ၊ ထားပုံ၊ သိပုံ၊ ဆိုင်ခင်းထားပုံတို့ကို မြင်ရသဖြင့် ထိုသူငယ်မသည် သေချာသပ်ရပ် ကျကျနန ရှိသည်ကို အထူးသတိပြုမိ၏'၁

ဟု အစပျိုး တင်ပြထားပါသည်။

ဇာတ်လမ်းအဖွင့်တွင် ကာလ၊ ဒေသနောက်ခံအဖွဲ့ကို တင်ပြထားသည်။ နောက်ခံအဖွဲ့နှင့် ဆက်စပ်၍ ဇာတ်ဆောင်နှင့် မိတ်ဆက်ပေးထားသည်။ နောက်ခံနှင့် ဇာတ်ဆောင်ကို ဆက်စပ်၍ ဇာတ်လမ်းဖွင့်ထားခြင်းဖြင့် ရှေ့ဆက်မည့် ဇာတ်လမ်းအတွက် ကြိုတင်ခင်းကျင်း ပြင်ဆင်ထားပြီး ဖြစ်စေသည်။ ရှေ့ဆက်မည့် ဇာတ်လမ်းတွင် ဦးဖိုးကျားနှင့် မယ်မျှင်တို့ အပြန်အလှန် ပြောစကားများအတွက် ကြိုတင် ခင်းကျင်း တင်ပြထားသည့် ဇာတ်ပျိုးပိုင်း ဖြစ်ပါသည်။

ဒေါင်းနေမင်း ရေးသားသည့် 'ယုန်ကောင်ငုံ၍ ယုန်ရုပ်ရေးပြသူများ' ဝတ္ထုတိုတွင် ဝတ္ထုတိုအဖွင့်၌ အဓိကဇာတ်ဆောင်သည် ရုတ်တရက် အိပ်ပျော်ရာမှ နိုးလာပုံနှင့် စထားသည်။ ဝတ္ထုအဖွင့်၌–

'သူ့စိတ်ထဲတွင် မေ့ခနဲ အိပ်ပျော်သွားသည်မှာ ဘာမှ မကြာသေးဟု ထင်နေမိစဉ် အနီးရှိလူမှ သူ၏ ပခုံးကို ခပ်ဆတ်ဆတ်လေး ပုတ်နှိုးစဉ် ဟေ့လူ၊ ဟေ့လူ ခင်ဗျား ပြောတဲ့ ဘူတာ ရောက်တော့မယ်။ အယ်လ်ကိုဟောနှင့် အိပ်စက်ခြင်းတို့ သဘောတူပူးပေါင်းချိန်တွင် အာရုံအသိနှင့် အာရုံသတိတို့ကို ပြန်လည် စုစည်း ပေါင်းစပ်ရသည်မှာ လွယ်ကူသော ကိစ္စတော့ မဟုတ်ပါ။ လေးလံစွာ စေ့ပိတ်ထားသော မျက်ခွံလွှာ နှစ်စုံကို ရှိသမျှ စိတ်ခွန်အားနှင့် ဖွင့်နေရသည်ကပင် အတော်ပင်ပန်းလှသည်။ ရထားဘီးက သံလမ်းကို ကြိတ်ခြေနင်းဖြတ်သံတွေ ဂျုန်းဂျုန်းဂျက်ဂျက် ဟေ့၊ ဟေ့ ထတော့ ထတော့၊ ဘူတာ လွန်သွားတော့မယ်'၂

ဟု ရေးသားထားသည်။

ဇာတ်လမ်းအဖွင့်တွင် 'သူ' ဆိုသော နာမ်စားကို သုံးထားသည်။ ဇာတ်ဆောင်၏ အမည်ကို ဖော်ပြခြင်း မရှိပေ။ ဇာတ်ဆောင်သည် မည်သူ မည်ဝါမှန်း မသိ။ ထိုကဲ့သို့ မသိအောင် ဇာတ်လမ်းအဖွင့်၌ပင် မြှုပ်ကွက်ကို သုံးထားသောကြောင့် စာဖတ်သူအနေနှင့် ဇာတ်လမ်းအပေါ် စိတ်ဝင်စားမှု ဖြစ်ပေါ်လာစေသည်။ ဇာတ်ဆောင်သည် မည်သူနည်း၊ မည်သို့သော လူတန်းစားနည်း၊ မည်သို့ အရက်မူးပြီးလျှင် အိပ်ပျော်နေရသနည်း စသည့် မေးခွန်းများ ဖြစ်ထွန်းလာစေသည်။ ထိုမေးခွန်းများအတွက် အဖြေကို ရှာရင်း ရှေ့ဆက်မည့် ဇာတ်လမ်းအပေါ် သိလိုစိတ် ထက်သန်လာစေသည်။

၁။ ဖိုးကျား၊ ဦး၊ ၂၀၁၄၊ ၁၁ ။
၂။ ဒေါင်းနေမင်း၊ ၂၀၀၉၊ ၁၄၈ ။

mgyoe.com

mgyoe.com
SAMPLE BOOK

မောင်ခိုင်အောင်(စစ်တွေ) ရေးသားသော 'ကျားသေတစ်ကောင်နှင့် မသုံးဦး' ဝတ္ထုတွင် ဇာတ်လမ်းအစ၌ နောက်ခံအဖွဲ့နှင့် စထားသည်။ ထိုနောက်ခံအဖွဲ့နှင့် ဆက်စပ်၍ ဇာတ်လမ်းတွင် ပါဝင်သည့် ဇာတ်ဆောင်များနှင့် မိတ်ဆက်ပေးထားသည်။ နောက်ခံဝန်းကျင်ကို 'တဲလိုလို၊ အိမ်လိုလို ငါးလုံးသည် ခပ်ကွာကွာ၊ ခပ်ပြိုင်ပြိုင် တည်ရှိနေသည်။ အိမ်များကြားတွင် ငှက်ပျောပင်များ၊ ရေငတ်၍ တွန့်ခြောက်နေသော ဘူးရွက်များနှင့် ဖြစ်ကတတ်ဆန်း ဘူးစင်များ၊ အိမ်များဘေး နောက်ကျကျတွင် အရိပ်ကောင်းကောင်း မန်ကျည်းပင်ကြီး တစ်ပင်၊ သစ်ပင်အောက်ရှိ ဖျာတစ်ချပ်သာသာ ကျယ်သော ကွပ်ပျစ်တစ်ခုပေါ်တွင် လူတချို့ ဝိုင်းထိုင်နေပြီး အချို့ မတ်တတ်ရပ်လျက် ကြည့်နေကြသည်။ အပေါ်ပိုင်း အဝတ်ဗလာနှင့် ကလေးများ ကွပ်ပျစ်ဘေး မြေကြီးပေါ်တွင် ကစားနေကြသည်'

ဟု ဖော်ပြထားသည်။

သင်္ချိုင်းတစ်ခုနှင့် ဆက်စပ်နေသော နောက်ခံဝန်းကျင်နှင့် ထိုနောက်ခံဝန်းကျင်နှင့် ဆက်စပ်နေသော လူမှုပတ်ဝန်းကျင်ကို အစပျိုးတင်ပြထားသည်။

ထိုသို့ အစပျိုး တင်ပြပြီးမှ–

'ရပ်နေသော မိန်းမ တစ်ဦးသည် ကျွန်တော်တို့ဆီ ဦးတည်လာနေသည်။ ထဘီရင်ရှား စည်းထားသည်။ အသားမည်းမည်း၊ ပိန်ညှောင်ညှောင် ဖြစ်သည်။ မျက်လုံးခပ်ပြူးပြူး၊ နှာတံမပေါ်တပေါ် ဖြစ်သည်။ ကြည့်ပျော်ရှုပျော် ဥပမိရုပ်ရည် မရှိပေ"

ဟု သရုပ်ဖော် ရေးဖွဲ့ထားသည်။

နောက်ခံနှင့် လိုက်ဖက်သော ဇာတ်ဆောင်အမျိုးသမီး သွင်ပြင်ပုံပန်း(သို့) အကျည်းတန်မှုကို တင်ပြထားသည်။ ထိုနောက်ခံဝန်းကျင်နှင့် ဇာတ်ဆောင်သည် အဆက်အစပ်မိပြီးလျှင် စာဖတ်သူ၏ အာရုံ၌ အထူးအဆန်း တစ်ခုအဖြစ် ခံစားလာရသည်။ ဇာတ်လမ်းအစကိုပင် စိတ်ဝင်စားပြီး ဇာတ်လမ်းနောက်သို့ တကောက်ကောက် လိုက်ပါလာရသည့် ဇာတ်လမ်းအဖွင့်ပုံစံ ဖြစ်ပါသည်။

စမ်းစမ်းနွဲ့(သာယာဝတီ)၏ 'သမီး၏သမိုင်း' ဝတ္ထုတိုတွင်–

'အစဉ်အလာဆိုတဲ့ ကိစ္စရပ်တွေဟာ တစ်ခါတစ်ရံမှာ လူတစ်ယောက်အတွက် စိတ်အနှောင့်အယှက် ဖြစ်စေပါသလား သမီး စဉ်းစားမိတယ်။ အထူးသဖြင့် ရှစ်တန်းဖြေတုန်းက အစဉ်အလာအတိုင်း သမီးက တအားပစ် ကြိုးပမ်းခဲ့တာကိုပေါ့။ တကယ်ပြောတာပါ။ စာကြိုးစားတယ်ဆိုတာ ကျောင်းစနေကတည်းက သမီးရဲ့အစဉ်အလာပဲ။ အတန်းစဉ် ပထမချည်း တက်လာခဲ့တော့ ရှစ်တန်းမှာလည်း ထူးထူးချွန်ချွန် အောင်လိုက်ချင်တယ်"

ဟု အစပျိုး တင်ပြထားသည်။

အဓိကဇာတ်ဆောင်နှင့် စတင် မိတ်ဆက်ပေးခြင်း ဖြစ်သော်လည်း ဇာတ်ဆောင်၏ အကြောင်းကို တိတိကျကျ တင်ပြခြင်းထက် ဇာတ်ဆောင်၏ အတွေးအမြင်နှင့် ခံယူချက်ကို အလေးပေး တင်ပြထားသည်ကို တွေ့ရသည်။ ဇာတ်ဆောင်၏ အတွေးကို ဖော်ပြခြင်းဖြင့်လည်း ဇာတ်ဆောင်အပေါ် အာရုံဝင်စားပြီးလျှင် ဝတ္ထုအပေါ်၌ ဖတ်လိုစိတ်၊ သိလိုစိတ် ထက်သန်လာစေပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဇာတ်ပျိုးပိုင်းတွင် ဇာတ်ဆောင်၏ အတွေးများ၊ ခံယူချက်များဖြင့် အစပျိုး တင်ပြထားသည်ကို တွေ့ရသည်။ ထိုအတွေးမှတစ်ဆင့် ဇာတ်ဆောင်အပေါ် စိတ်ဝင်စား လာရာမှ ဝတ္ထုတစ်ပုဒ်လုံးအပေါ်တွင် သိလိုစိတ်များ ရှင်သန်လာအောင် ဖန်တီးယူသည့် နည်းပရိယာယ်တစ်မျိုး ဖြစ်ပါသည်။

ဇာတ်လမ်းနှင့် ပတ်သက်လာ၍ မာဂရက်လခ်က–

'ဇာတ်လမ်း ဆိုသည်မှာ ဇာတ်ဆန်သော သတ်မှတ်ချိန်အတွင်း ရွေ့လျားနေသော ဖြစ်ရပ်အစဉ် ဖြစ်သည်'[၁]

ဟု ဆိုထားပါသည်။

ထိုအဆိုအမိန့်တွင် ဇာတ်ဆန်သော ဟူသော အသုံး(dramatic)ပါနေပါသည်။ ဝတ္ထုသည် ဒိဋ္ဌလောကကို အခြေခံသော်လည်း ဒိဋ္ဌလောကအစစ် မဟုတ်သည့် အတွက် ဝတ္ထုထဲ၌ ပါဝင်သော ဖြစ်ရပ်များ၊ ဇာတ်ဆောင်တို့၏ ခံစားမှုများသည် စိတ်ကူးသဘော ဖြင့် ဖြည့်စွက် ချဲ့ကား၍ ရေးဖွဲ့ထားသော သဘော ပါရသည်။ ဒိဋ္ဌဓမ္မလောကရှိဖြစ်ရပ်ထက် ပိုမို ဆန်းကြယ်သင့်သည်၊ နက်ရှိုင်းသင့်သည်၊ စာဖတ်သူတို့ စိတ်ဝင်စားဖွယ် ဖြစ်စေ သင့် သည်။ ခံစားမှုများလည်း ပါသင့်သည်။ ဒိဋ္ဌလောကရှိ လူတို့၏ အချစ်၊ အမုန်း ခံစားမှုများထက် ပိုမို၍လွန်ကဲသော၊ စူးရှသော၊ နက်ရှိုင်းသော၊ သိမ်မွေ့သော၊ ရှိရန်ဖြစ်ရန် ခက်ခဲသော ခံစားမှုမျိုး ဖြစ်သင့်ပါသည်။ ထိုကဲ့သို့ ဒိဋ္ဌလောကထက် ပိုကဲလာအောင် ဖန်တီးခြင်းကို စာရေးသူ၏ စိတ်ကူးအနုပညာဖြင့် ဖြည့်စွက်ယူရပါသည်။ ထိုသဘောကိုပင် ဇာတ်ဆန် သည်ဟု ဆိုလေ့ ရှိပါသည်။

ပုံစံအားဖြင့် ဆရာကြီးမင်းသုဝဏ်၏ 'ဘကြီးအောင် ညာတယ်' ဝတ္ထုမှ ယမင်း ရုပ်ကလေးအပေါ်တွင် မောင်ချစ်၏ စွဲလမ်းမှုသည် လူသားတိုင်းနှင့် မကင်းနိုင်သော စွဲလမ်း စိတ်ပင် ဖြစ်သည်။ အစွဲအလမ်းကြီးလွန်းသော စိတ်၏ ဆိုးကျိုးကို ထင်ရှားပြသလိုသော စေတနာ ရည်ရွယ်ချက် ပေါ်လွင်စေရန် စာရေးသူသည် မောင်ချစ်၏ ယမင်းရုပ်နှင့် ပတ်သက် သမျှအပေါ်တွင် အာရုံစူးစိုက်မှု ပြင်းထန်ပုံတို့ကို စိတ်ကူးဖြင့် ဖြည့်စွက်၍ လွမ်းစရာ ကောင်းအောင် ရေးဖွဲ့ပြထားသည်။ ပုံစံအားဖြင့်–

'မောင်ချစ်သည် ကောက်ညှင်းပေါင်းသည်၏ အော်သံကို ကြားသောအခါ သွားရည်ယိုမိလျက် ထိန်းချုပ်ထားပုံ၊ ဖန်ဂေါ်လီ ဝယ်ကစားလိုသော်လည်း မဝယ်ဘဲ သံပတ်ခွေတစ်ခုဖြင့် တစ်ဦးတည်း ကစားနေပုံ၊ အဆာပြေအဖြစ် ကျောင်းက ပေးသော ငှက်ပျောသီး တစ်လုံးကိုသာ စားသောက်ပုံ၊ ကျောင်းဆင်းသည်နှင့် အာမဘာဏ္ဍေကိုပင် အဆုံးသတ်မဆိုနိုင်ဘဲ ယမင်းရုပ်လေး ရှိရာသို့ ထွက်ပြေးလာသည့်အတွက် ထိပ်ခေါက် ခံရပုံ၊ ရသည့်မုန့်ဖိုး တစ်ပြားချင်းကို နေ့ရက်နှင့်တကွ စာရင်းပြုစုထားပုံ၊ စာရင်းပြုစုပုံဆိုရာ၌ စာရေးသူက ကလေးစရိုက်ပေါ်အောင် ပဲဟင်းချက်သည့်နေ့က တစ်ပြား၊ ဘကြီးထွန်း နွားပျောက်သည့် နေ့က တစ်ပြား" စသည်ဖြင့် ရေးဖွဲ့ထားပုံ ဆိုသည့် အချက်များ၊ ဇာတ်ကွက်

၁။ Lucke, 1998 , 70 .

mgyoe.com

mgyoe.com
SAMPLE BOOK

များသည် ဇာတ်ဆန်စေသော၊ တစ်နည်းအားဖြင့် ဇာတ်နာစေသော ဇာတ်ကွက်များ ဖြစ်ပါသည်။ ထိုဇာတ်ကွက်များကြောင့် မောင်ချစ်၏ စွဲလမ်းတပ်မက်စိတ်သည် ပို၍ ပေါ်လွင်လာရပါသည်။ ဇာတ်တက်ပိုင်းတွင် ဇာတ်ဆန်သော ဇာတ်ကွက်များ၊ အရေးအသားများကို ထည့်သွင်းထားခြင်းဖြင့် ဇာတ်သိမ်းပိုင်း၌ စွဲလမ်းစိတ်ဖြင့် မောင်ချစ် သေဆုံးသွားရသောအခါ ပို၍ ကရုဏာသက်ဖွယ် ဖြစ်လာစေပါသည်။

ခင်နှင်းယု၏ 'ရွှေတမာ'ဝတ္ထုတွင် ဦးထွန်းအေးနှင့် ဒေါ်ခင်သူတို့သည် တစ်ချိန်က ချစ်သူများ ဖြစ်ခဲ့ကြသည်။ ဦးထွန်းအေးက ဖောက်ပြန်ပြီး ဒေါ်နွဲ့နွဲ့ရီနှင့် လက်ထပ်ခဲ့သည်။ ဒေါ်ခင်သူသည် ဦးအောင်ကျော်နှင့် လက်ထပ်ခဲ့သည်။ ဦးအောင်ကျော်နှင့် ဒေါ်ခင်သူ၌ သား မောင်ကျော်သူ ရှိသည်။ ဦးထွန်းအေးနှင့် ဒေါ်နွဲ့နွဲ့ရီတွင် သမီး ခင်မာလာ ရှိသည်။ မောင်ကျော်သူနှင့် ခင်မာလာတို့သည် မိဘများ၏ အတိတ်ရာဇဝင်ကို မသိဘဲ ချစ်မိခဲ့ကြသည်။ ဦးထွန်းအေးသည် မိမိသမီးအလှည့်သို့ ရောက်သောအခါ ဒေါ်ခင်သူက လက်စားချေပြီး သူ၏သား မောင်ကျော်သူနှင့် သဘောမတူမည်ကို စိုးရိမ်ခဲ့သည်။ သို့ရာတွင် ဦးအောင်ကျော်ရော ဒေါ်ခင်သူပါ ကိုယ်ချင်းစာစိတ် ရှိကြပြီး ရင့်ကျက်မှု ရှိကြသည်။ ကလေးများ၏ အိမ်ထောင်ရေးကို ဝင်၍ မစွက်ဖက်ဘဲ စာနာစိတ်ဖြင့် ခွင့်ပြုပေးခဲ့သည်။ မင်္ဂလာလက်ထပ်ပွဲ ကျင်းပပေးခဲ့သည်။ မင်္ဂလာမဆောင်မီ စေ့စပ်ပွဲနေ့တွင် ဒေါ်ခင်သူက ဦးထွန်းအေးအား ယွန်းသေတ္တာငယ်တစ်ခုနှင့် စာတစ်အိတ်ပေးသည့် ဇာတ်ကွက်ကို ထည့်သွင်းထားသည်။ ဒေါ်ခင်သူသည် ဦးထွန်းအေး ပေးခဲ့သည့် ရည်းစားစာများကို ထိုယွန်းသေတ္တာထဲတွင် ထည့်သိမ်းထားခဲ့သည်။ ဒေါ်ခင်သူ၏ စာများကိုမူ ဦးထွန်းအေးသည် မီးရှို့ပစ်ခဲ့ပြီး ဖြစ်သည်။ စာအိတ်ကို ဖောက်၍ ဖွင့်လိုက်သောအခါ ဒေါ်ခင်သူ ရေးသားထားသည့်–

"မယ်ဇလီပင်ပျိုအောက်၊
ပေါက်လာတဲ့ရွှေတမာ
ခါးချက်ကနာ၊
ရေစီးရယ် တစ်ခါ၊
ရေသာရယ် တစ်လှည့်
သူများလို တို့မရိုင်းတယ်၊
တိုင်းသိပါရဲ့"[၁]

ဆိုသော ကဗျာလေးကို တွေ့ရသည်။

ထိုကဲ့သို့သော ဖြစ်ရပ်သည် ဒိဋ္ဌလောကတွင် ရှိနိုင်ရန် ခက်ခဲသည်။ ဦးထွန်းအေးနှင့် ဒေါ်ခင်သူတို့ ဖြစ်ရပ်သည် ရှိနိုင်မည် အမှန် ဖြစ်သော်လည်း ငယ်ရည်းစားက ပေးခဲ့သော စာများကို သားဖြစ်သူ၏ စေ့စပ်ပွဲတွင် ချစ်သူဟောင်းအား ပြန်ပေးသည့် သဘောသည် စိတ်ကူးယဉ်ဆန်သည်။ စာရေးသူ၏ စိတ်ကူးနှင့် ဖြည့်စွက်မှု ဖြစ်သည်။ စိတ်ကူးယဉ်ဆန်

၁။ ခင်နှင်းယု၊ စာ – ၂၇ ။

mgyoe.com

mgyoe.com SAMPLE BOOK

သော်လည်း ထိုဇာတ်ကွက်သည် ရွှေတမာ ဆိုသည့် ဝတ္ထုတိုလေးအတွက် အလှပဆုံးနှင့် ပရိသတ်စွဲငြိပြီး မှတ်မိကျန်ရစ်စေသော ဇာတ်ကွက် ဖြစ်ပါသည်။ ထိုကဲ့သို့ ဇာတ်ကွက်ကို လွမ်းမောဖွယ် ရသ ဖြစ်ပေါ်လာစေရန် ဖန်တီး ထည့်သွင်းထားခြင်းသည်လည်း ဇာတ်ဆန်သည့်သဘော၊ ဇာတ်နာစေသည့် သဘောဟု ဆိုနိုင်ပါသည်။

ထိုကဗျာ၏ အဆုံးတွင် ဦးထွန်းအေးက–

"ရေးတော့ မခင်သူ ရေးတော့၊ ရေးနိုင်ပါတယ်

မောင်က ခါးခဲ့မိပေတာကိုး"[၁]

ဟူသော ပြောစကားကို ထည့်သွင်းထားခြင်းဖြင့် ရသခံစားမှု ပိုမို ဖြစ်ပေါ်စေပါသည်။

ဇာတ်လမ်းသည် သတ်မှတ်ချိန်အတွင်း ရွေ့လျားနေသော ဖြစ်ရပ်အစဉ်ဟု ဖွင့်ဆိုထားပါသည်။ ပုံစံအားဖြင့် ဝတ္ထုတိုတစ်ပုဒ်တွင် အချိန်ကာလ သတ်မှတ်မှုတစ်ခု ရှိတတ်ပါသည်။ တစ်နေ့တာအတွင်း၊ တစ်နှစ်တာအတွင်း၊ ဆယ်နှစ်တာအတွင်း သတ်မှတ်ပြီး ထိုကာလနှင့်အညီ ဇာတ်ဆောင်များကို ခံစားမှု အတွေးအခေါ် ဘဝအပြောင်းအလဲပြုကာ ဇာတ်လမ်းဆင်ယူရခြင်း ဖြစ်ပါသည်။

ရွှေတမာ ဝတ္ထုတွင် မိဘနှစ်ပါး၏ ပျိုရွယ်စဉ်ဘဝ၊ ချစ်သူဘဝမှ စ၍ လမ်းခွဲခဲ့ကြပြီး သားသမီးများ အရွယ်ရောက်လာပြီး လက်ထပ်ရမည့် အချိန်ထိ သတ်မှတ်ထားပြီးလျှင် ထိုသတ်မှတ်ထားသည့် ကာလအတွင်း၌ အဖြစ်အပျက်များကို ဇာတ်လမ်းအဖြစ် ဖန်တီးယူထားသည်ကို တွေ့ရသည်။

ထို့အတူပင် ခင်နှင်းယု၏ 'ခန္ဓာနှင့် အာရုံ' ဝတ္ထုတွင်လည်း ဖြစ်ရပ်များသည် အိမ်ဖော်မလေး မရွှေစင် ပျိုရွယ်စဉ်ဘဝမှ စ၍ သားဖြစ်သူ အရွယ် ရောက်လာပြီး မရွှေစင် ဇရာထောင်းကာ အိုမင်းနေသော အချိန် ကာလအထိ သတ်မှတ်ထားပါသည်။ ထိုအချိန်ကာလ အတွင်း၌ စာရေးသူ တင်ပြသော ဖြစ်ရပ်များ၊ ဖန်တီးထားသော ဇာတ်လမ်း၊ ဇာတ်ကွက်များသည် အချိန်ကာလနှင့် ညီညွတ်မျှတရပါသည်။ သတ်မှတ်သည့် အချိန်ကာလအတွင်း၌ ဇာတ်ကွက်ပေါ်အောင် ဖန်တီးတင်ပြရာတွင် ဖြစ်စဉ်ကာလသည် ရှည်လျားသော်လည်း ဝတ္ထုတိုဖြစ်သည့်အလျောက် ဇာတ်လမ်းအတွက် အလိုအပ်ဆုံးဖြစ်ရပ်များ၊ စိတ်ဝင်စားဖွယ် အကောင်းဆုံး ဖြစ်ရပ်များကိုသာ ရွေးချယ်၍ ကျစ်ကျစ်လျစ်လျစ်နှင့် အကျိုးသင့်၊ အကြောင်းသင့် ချိတ်ဆက် တင်ပြရပါသည်။

'ရွေ့လျားနေသော ဖြစ်ရပ်အစဉ်' ဟု ဆိုထားသည့်အလျောက် ဇာတ်လမ်းတွင် ပါဝင်သော ဖြစ်ရပ်များသည် ရပ်တန့်နေ၍ မရပေ။ ဒိဋ္ဌလောကတွင် ဖြစ်ရပ်များသည် အပြောင်းအလဲ မရှိဘဲ အချိန်အတော်ကြာအထိ ရပ်တန့်နေတတ်သည်။ သို့ရာတွင် ဇာတ်လမ်း အတွင်း၌ ဖြစ်ရပ်များသည် အချိန်သတ်မှတ်ချက်အတွင်း၌ ရှေ့သို့ တိုး၍ ရွေ့လျား ပြောင်းလဲ ဖြစ်ပျက်ရမည် ဖြစ်ပါသည်။ ဘဝတွင် အပြောင်းအလဲ မရှိသော

---

၁။ ခင်နှင်းယု၊ စာ – ၂၈ ။

mgyoe.com

mgyoe.com SAMPLE BOOK

လူတစ်ဦး၏ အကြောင်းကို ဝတ္ထုရေးမည်ဆိုလျှင် စာရေးသူစိတ်ကူးနှင့် အပြောင်းအလဲဖြစ်ပေါ်စေမည့် အကြောင်းများကို ဖန်တီးကာ အပြောင်းအလဲ ပြုပေးရမည် ဖြစ်ပါသည်။

မာဂရက်လခ်က–

'ဇာတ်လမ်းတွင် ဇာတ်ဆောင်အနေနှင့် မိမိအား ဟန့်တားလာသော အနှောင့်အယှက်များကို မည်သို့ ရင်ဆိုင်မည်၊ သို့မဟုတ် ရင်ဆိုင်မှု မရှိ၊ သူ၏ ပန်းတိုင်သို့ မည်ကဲ့သို့ အောင်မြင်စွာ ရောက်ရှိသည်(ဝါ)ကျဆုံးသည်ကို ဖော်ပြထားပါသည်'[၁]

ဟု ဆိုထားပါသည်။

လူ့ဘဝသည် ပန်းခင်းသော လမ်း မဟုတ်ပေ။ ငယ်ရွယ်စဉ်မှစ၍ အိုမင်းသည်အထိ ဘဝကာလများကို ဖြတ်သန်းရာတွင် အတွေ့အကြုံ အခက်အခဲအမျိုးမျိုးကို ရင်ဆိုင်ကြရသည်။ အချို့က ရင်ဆိုင်ရန် ရှောင်လွှဲ၍ နေကြသည်။ လူတစ်ယောက်အနေနှင့် မိမိ၏ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်အောင် မည်သို့ ကြိုးစားခဲ့ရသည် ဆိုသော ဘဝသမိုင်းသည် ရှိမြဲ ဖြစ်သည်။ ကျဆုံးရသည့် ဘဝသမိုင်းလည်း ဖြစ်နိုင်သည်။ ထိုကဲ့သို့သော ဒိဋ္ဌလောက၏ ဘဝအခက်အခဲများနှင့် ထိုဘဝအခက်အခဲများကို ရင်ဆိုင်ပုံတို့ကို စာရေးသူက စိတ်ကူးနှင့် ဖြည့်စွက်ဖန်တီးကာ ဖြစ်ရပ်များကို ပို၍ ထင်သာမြင်သာရှိပြီး သက်ဝင်လှုပ်ရှားလာအောင် ခြယ်မှုန်း ရေးဖွဲ့ရပါသည်။ ထိုကဲ့သို့ ခြယ်မှုန်းရေးဖွဲ့သော ဇာတ်ကွက်များကို ချိတ်ဆက်ယူထားခြင်းသည် ဇာတ်လမ်း ဖြစ်ပါသည်။

ခင်နှင်းယု၏ 'ဘိန်းစားရေချမ်း' ဝတ္ထုတွင် ဘိန်းစားရေချမ်းသည် မူလက လူကောင်းတစ်ယောက် ဖြစ်သည်။ သူ့တွင် သီသီ ဆိုသည့် ချစ်သူ ရှိသည်။ လပြည့်နေ့ နံနက်များတွင် ပိန္နဲပင်မှောင်ရိပ်တွင် သီသီနှင့် ချိန်း၍ စကားပြောလေ့ရှိသည်။ ထိုအချိန်တွင် သီသီ၏ ဦးလေးကြီးသည် ဘုရားခန်းတွင် အရဏ်ဆွမ်းကပ်ချိန် ဖြစ်သည်။ ဘုရားရှိခိုးသံများသည် ချစ်သူနှစ်ဦး ချိန်းတွေ့ရာဆီ ပျံ့လွင့်လာသည်။ ထိုကဲ့သို့ ချစ်သူနှစ်ဦး၏ ဖြောင့်ဖြူး သာယာနေသော ခရီးလမ်းတွင် ပြဿနာတစ်ခု ဖြစ်ပေါ်လာသည်။ ဇာတ်လမ်းဖန်တီးမှုအရ ကြည့်လျှင် အရစ္စတိုတယ်၏အဆိုနှင့် ကိုက်ညီသည်။

အရစ္စတိုတယ်က–

'ဇာတ်လမ်းဖန်တီးမှုတွင် ဇာတ်ထွတ်ပိုင်း၌ ရည်ရွယ်ချက်ပြောင်းပြန် ဖြစ်ခြင်းနှင့် သိလာခြင်းတို့ ပါဝင်သည်ဟု လည်းကောင်း၊ ရည်ရွယ်ချက်သည် ဖြစ်ရပ်များကို အချိတ်အဆက်မိအောင် စွမ်းဆောင်ပေးသည်ဟု လည်းကောင်း ဆိုခဲ့ပါသည်။ ထိုအဆိုကို စီကာတာကိုးဝဲက A Student Guide To Literature စာအုပ်တွင် ဖော်ပြထားပါသည်"[၂]

ချစ်သူနှစ်ဦး၏ ဘဝတွင် ချစ်ခရီးလမ်းကို ပြောင်းပြန် ဖြစ်စေသော ပြဿနာ ဖန်တီးပေးရသည်။ ကိုရေချမ်းအား သီသီက အလျင်အမြန် လက်ထပ်ရန် ပြောသည်။ ကိုရေချမ်း၏ မိဘများ ပြောစကားအရ သီသီ၌ ကိုယ်ဝန်ရှိနေကြောင်း သိရသည်။ ကိုရေချမ်း

၁။ Lucke . 1998 . 72 .

၂။ Colwells, 1968 , 6 .

mgyoe.com

mgyoe.com SAMPLE BOOK

သည် သီသီထံသို့ မသွားတော့ပေ။ သီသီ မကျန်းမာကြောင်း ပြောသည့် အခါ၌လည်း မသွားခဲ့ပေ။ သီသီ သေဆုံးသွားသည်။ တစ်ရပ်လုံး၊ တစ်ရွာလုံးက သီသီ သေဆုံးသွားခြင်းနှင့် ပတ်သက်၍ ကိုရေချမ်းသည် စော်ကားပြီး ရှောင်ထွက်သွားသူအဖြစ် သတ်မှတ်လိုက်ကြသည်။ ကိုရေချမ်းက မည်သို့မျှ မဖြေရှင်းဘဲ မူးယစ်သောက်စားကာ ပျက်စီး လေလွင့်နေခဲ့သည်။ မိဘ ပေးစားသော မိန်းမကို ယူသော်လည်း စိတ်သက်သာရာ မရခဲ့ပေ။ ကိုရေချမ်းမှာ သီသီနှင့် တစ်စုံတစ်ရာ မှားယွင်းခြင်း မရှိဘဲ သီသီ၏ကိုယ်ဝန်မှာ ဘုရားခန်းတွင် ဘုရားစာများ အော်ဖတ်နေတတ်သော ဦးလေးကြီးနှင့် ရခြင်းဖြစ်ကြောင်း သီသီ မသေမီ ရေးပေးခဲ့သော စာအရ သိခဲ့ရသည်။

ထိုဇာတ်လမ်းတွင် ဇာတ်ဆောင်တို့သည် ချော်လင့်သလို မဖြစ်ဘဲ အခက်အခဲ ပြဿနာနှင့် ရင်ဆိုင်ခဲ့ရသည်။ သီသီသည် ဘဝကို အသေခံ အရှုံးပေးသွားသည်။ ကိုရေချမ်းသည်လည်း ဘဝကို လေလွင့်ပျက်စီးစေပြီး အရှုံးပေးခဲ့သည်။ ထိုအရှုံးတရားဖြင့် ဝတ္ထုကို အဆုံးသတ်ထားသည်။

ဝတ္ထုတစ်ပုဒ်တွင် ဇာတ်ဆောင်တို့အား ပေါင်းပေးခြင်း၊ ညားပေးခြင်းတို့ကို စာရေးသူ၏ စိတ်ကြိုက်ဆောင်ရွက်၍ မရ။ အကျိုးသင့်၊ အကြောင်းသင့် ရှိရသည်။ ထိုဝတ္ထုတွင် မိမိ အလွန် ချစ်ရသော သီသီကို အသက်သေသည်အထိ လျစ်လျူရှုထားခဲ့သော၊ သူ၏ဘဝကို ပျက်စီးစေခဲ့သော ကိုရေချမ်း၏ ခံယူချက်မှာ–

'မေတ္တာသုတ်ကို အော်ကြီးဟစ်ကျယ် ရွတ်နေတဲ့ ဦးလေးကြီးရဲ့ ကလေးပေါ့ အစ်မရယ်၊ သီသီ့ရဲ့ နောက်ဆုံးစာထဲမှာ အားလုံး ဖွင့်ရေးထားတယ်၊ သူ့စာလည်း ကျွန်တော် ခုထိ သိမ်းထားတယ်'

ဟု စာရေးသူအား ဘိန်းစားရေချမ်းက ပြောပြနေဟန် တင်ပြထားပါသည်။ ဘိန်းစားရေချမ်းကပင် မိမိ၏ ခံယူချက်ကို 'ဝတ္ထုထဲမှာဆိုရင် ချစ်သူ့ဂုဏ်ကို ဆယ်တင်တဲ့အနေနဲ့ ကျွန်တော် လက်ထပ်သင့်တာပေါ့၊ ဒါပေမဲ့ ရင်ထဲမှာ နာတယ်၊ တဆတ်ဆတ်တုန်တယ် အစ်မရဲ့၊ ကိုယ်တော့ မတို့ရက်၊ မထိရက်တဲ့ ချစ်သူကို ခုလို ဖြစ်ခံရတာ ရင်ကျိုးတာပေါ့၊ ပြီးတော့ ကျွန်တော်တို့ ယူတယ် ထားဦး၊ ဒီဦးလေးကြီးက ဘုရားခန်းထဲက ဘုရားနှုတ်ကပါဌ်တော်ကို ရွတ်ပြီး ကျွန်တော့်ကို ပြုံးဖြဲဖြဲနဲ့ ကြည့်နေမှာကို ကျွန်တော် မခံနိုင်ဘူး၊ ဒီလို ခွေးမသားကြီးတွေ ယုတ်မာမှု အတွက်ကိုတော့ လက်လျှို မခံနိုင်ဘူး၊ နွား မဖြစ်ချင်ဘူး၊ ဒီနေရာမှာ ကျွန်တော် မှားတယ် ဆိုရင်လည်း သီသီ့ကို တမလွန်လိုက်ပြီး တောင်းပန်ပါ့မယ်၊ သမ္မာဒေဝ နတ်ကောင်းတွေကတော့ ကျွန်တော့်ကို ခွင့်လွှတ်ကောင်းပါရဲ့' ဟု တင်ပြထားပါသည်။

ဘိန်းစားရေချမ်း ဝတ္ထုတွင် စာရေးသူက ဇာတ်လမ်းဖန်တီးရာ၌ ဇာတ်ဆောင်ကို အနှောင့်အယှက်များနှင့် ကြုံတွေ့စေသည်။ ဇာတ်ဆောင်သည် ပြင်းထန်ပြတ်သားသော ခံယူချက်ဖြင့် ဘဝနှင့် ချစ်သူကို အဆုံးရှုံးခံခဲ့ရသည်။ အဆုံးရှုံးခံရသည့် အကြောင်းရင်းကို ဖော်ပြရာတွင် စာဖတ်သူတို့သည် ဖြစ်နိုင်ဖွယ် ရှိသည်ကို ကောင်းစွာ လက်ခံရမည်သာ ဖြစ်ပါသည်။ ဝတ္ထုတိုတွင် ဇာတ်ဆောင်တို့၏ အနိုင်၊ အရှုံး၊ ဇာတ်ဆောင်အချင်းချင်း

mgyoe.com

mgyoe.com SAMPLE BOOK

ပေါင်းသင်းရခြင်း၊ ကွဲကွာရခြင်းတို့သည် ဇာတ်လမ်း၏ အသွားအလာအရ ဇာတ်ဆောင်၏ စိတ်နေသဘောထား ခံယူချက်အရသာ ဖြစ်သင့်သည်။ စာရေးသူ၏ စိတ်ကြိုက်အတိုင်း ပေါင်းပေးခြင်း၊ ကွဲပေးခြင်း မပြုသင့် ဟူသော သဘောကို နားလည်ရပါသည်။

## ဇာတ်တက်ပိုင်းဖန်တီးပုံ

ဇာတ်လမ်းဖန်တီးမှု အတတ်ပညာနှင့် ပတ်သက်၍ ဆရာဇော်ဂျီက-

'ဇာတ်လမ်း တည်ဆောက်မှု နည်းစနစ်သည် စည်းရုံးသော သဘော ရှိသည်။ ပထမဦးစွာ ဝတ္ထုရေးသူသည် ဇာတ်လမ်းကို အစပျိုးသည်။ ထိုအခါ စာဖတ်သူသည် ဝတ္ထု၏ ရှေ့အလားအလာကို မျှော်မှန်းလိုစိတ် ဖြစ်ပေါ်လာသည်။ ဝတ္ထုရေးသူသည် အားပြိုင်မှုများ ပါဝင်သော အဖြစ်အပျက်များနှင့် ဇာတ်ဆောင်တို့၏ အမူအရာများကို ဆက်လက် ဖန်တီးသည်။ စာဖတ်သူ၏ သိလိုစိတ်သည်လည်း တစ်ဆင့်မှ တစ်ဆင့် မြင့်တက်လာသည်။ ထို့နောက် ဝတ္ထုရေးသူသည် အားပြိုင်မှု၏ အနိုင်၊ အရှုံးကို ရေးဖွဲ့ပြသည်။ ဤတွင် စာဖတ်သူ သိလိုစိတ် လျော့လာသည်။ နောက်ဆုံးတွင် ဝတ္ထုရေးသူသည် ဇာတ်လမ်းကို အဆုံးသတ်လိုက်သည်။ စာဖတ်သူသည် သိလိုစိတ် ပြီးဆုံး၍ နှစ်သက်ခြင်းကို ဖြစ်စေသည်'[၁]

ဟုဖော်ပြထားပါသည်။

ဆရာကြီးရွှေဥဒေါင်း၏ 'မျိုးရိုးဗီဇ' ဝတ္ထုနှင့် အထက် ဖော်ပြပါ သဘောတရားများကို ရှင်းလင်း တင်ပြပါမည်။ ဝတ္ထု၏ ရည်ရွယ်ချက်မှာ မိဘများ၏ မျိုးရိုးဗီဇကို လိုက်၍ သားသမီးတို့၌လည်း ထိုစိတ်ဓာတ်၊ ထိုအရည်အသွေးမျိုး ရှိတတ်သည် ဆိုသော သဘောကို တင်ပြလိုခြင်း ဖြစ်ပါသည်။ ထို့ပြင် အလွန်လည်ပတ်သော သူများသည် အဆုံး၌ ကျဆုံးရတတ်သည် ဆိုသော အတွေး အသိကိုလည်း ပေးလိုခြင်း ဖြစ်သည်။

ဇာတ်လမ်းအစတွင် အဓိက ဇာတ်ဆောင်ဖြစ်သည့် ကိုမင်းမောင်နှင့် ကိုညွန့်တင် ဆိုသည့် ဇာတ်ဆောင်နှစ်ဦး၏ အကြောင်းကို ကောင်းစွာ သိထားသော ဝတ်လုံတော်ရ ဦးဘစီနှင့် စာရေးသူ ရွှေဥဒေါင်းတို့ အချင်းချင်း ပြောဆိုသော စကားများဖြင့် တင်ပြထားပါသည်။

မျိုးရိုးဗီဇ ဇာတ်လမ်းအဖွင့်၌-

'သဘာဝဓမ္မ ဆိုတာ ခက်ဘိခြင်းဗျ၊ မိဘလုပ်တဲ့သူက မွတ်လွန်းပြီ ဆိုမှဖြင့် သားသမီးကျရင် အူတူတူ အတတ ပေါက်ဖွားတတ်တယ်၊ အခါခပ်သိမ်းတော့လည်း မဟုတ်သေးဘူးပေါ့ဗျာ၊ အဖေကလည်း လူလည်၊ သားကလည်း လူလည်၊ ဒီလိုဟာမျိုးလည်း ရှိတာပေါ့၊ သို့သော် အများအားဖြင့် ကျုပ်တွေ့ဖူးတာကတော့ အဖေလုပ်တဲ့သူက မရမက ကတ်ကတ်သတ်သတ်ရှာပြီး ပစ္စည်းတွေ ချန်ထားခဲ့ပေမယ့် သားလက်ထက်မှာ ဘာမှ မကြာဘူး ခဏကလေးနဲ့ ပြောင်သွားတာတွေ တွေ့ရပေါင်း များလှပြီ'

၁။ ဇော်ဂျီ၊ ၁၉၉၄၊ ၂၁၆ ။

mgyoe.com

mgyoe.com SAMPLE BOOK

ဟု ဖော်ပြထားပါသည်။

ထိုဘဝဒဿနများနှင့် ဆက်စပ်၍ သာဓကအဖြစ် ပုဇွန်တောင်မှ ပွဲစားကြီး ဦးအောင်ကျော်၏သား မောင်မင်းမောင်နှင့် ပွဲစားကြီးဦးဖိုးသာ၏သား မောင်ညွှန့်တင် တို့အကြောင်းကို ဇာတ်တက်ပိုင်းအဖြစ် တင်ပြခဲ့သည်။ မောင်မင်းမောင်၏ ဖခင် ပွဲစားကြီး ဦးအောင်ကျော်မှာ ဆန်စပါးလောကတွင် ပြိုင်ဘက်ရှားသူ ဖြစ်သည်။ သားကလေး မောင်မင်းမောင် အရွယ်ရောက်ချိန်တွင် ပွဲစားလောက၌ ထိပ်ဆုံးစာရင်း ရောက်ခဲ့သည်။ ဦးအောင်ကျော် ရုတ်တရက် ကွယ်လွန်ချိန်တွင် မောင်မင်းမောင် အတွက် တိုက် ၃၊ ၄ လုံးနှင့် ဘဏ်တိုက်တွင် ငွေသိန်းပေါင်းများစွာ ထားခဲ့သည်။

ဦးအောင်ကျော်၏ သူငယ်ချင်း ဦးဖိုးသာမှာ ဦးအောင်ကျော်လောက် အခြေမလှ သော်လည်း တစ်ဦးတည်းသော သား မောင်ညွှန့်တင်အတွက် စပါးစက်တစ်လုံးနှင့် တိုက် တစ်လုံး ထားခဲ့သည်။ ဦးအောင်ကျော်သည် စပါးကုန်သည်လောက၌ အလွန်ပါးနပ်သူ ဖြစ်သော်လည်း မောင်မင်းမောင်သည် စက်နှစ်လုံးကို မအုပ်ချုပ်နိုင်ပေ။ မောင်ညွှန့်တင် လက်သို့ ရောင်းလိုက်ရသည်။ ပွဲခ ကို မောင်ညွှန့်တင်က မခံရဘဲ မောင်မင်းမောင်ကသာ ကျခံရသည်။ မောင်ညွှန့်တင်သည် မောင်မင်းမောင်ထံမှ စက်တစ်လုံးကို အလကားရ သကဲ့သို့ ရသွားသည်ဟု ပြောကြသည်။ မောင်မင်းမောင်သည် မောင်ညွှန့်တင် လှီးချင်တိုင်း လှီးခြင်း ခံနေရသော လူတစ်ယောက်အဖြစ် အသိအမှတ်ပြုခံရသည်။ ထိုနည်းဖြင့် ဇာတ်တက်ပိုင်းအစတွင် မောင်မင်းမောင်နှင့် မောင်ညွှန့်တင်တို့၏ ထူအခြင်းနှင့် ပါးနပ်ခြင်း ဆိုသည့် စရိုက်နှစ်မျိုးကို အားပြိုင်ဖော်ပြထားသည်။

အချစ်ရေး၌လည်း ရုံးအုပ်စာရေးကြီး ဦးကျင်ပေါ်၏သမီး ခင်လှကြည်ကို မောင်မင်းမောင်နှင့် မောင်ညွှန့်တင်တို့ နှစ်ဦး အပြိုင်ပိုးခဲ့ကြသည်။ ရုပ်ရည်အားဖြင့် မောင်ညွှန့်တင်က သာသည်။ မောင်ညွှန့်တင်သည် ခင်လှကြည်၏ဖခင် ဦးကျင်ပေါ် မြင်းလောင်း၍ ရှုံးနေလျှင် ငွေလှည့်ပေးတတ်သည်။ ထိုမှတစ်ဆင့် ဇာတ်တက်ပိုင်း၏ အရှိန်ကို မြင့်တင်သည့် အနေနှင့် ဇာတ်လမ်းကို အပြောင်းအလဲ ပြုလိုက်သည်။

ခင်လှကြည်သည် ရုပ်ချော၍ လည်ပတ်သော မောင်ညွှန့်တင်ကို မရွေးဘဲ ထူအသော မောင်မင်းမောင်ကို ရွေးချယ်ခဲ့သည်။ မောင်ညွှန့်တင်သည် အိမ်ထောင်ရှင် ခင်လှကြည်နှင့် တတွဲတွဲနေသည်။ ထိုအကြောင်းကို သိသူများက မောင်မင်းမောင်အား အသိပေးသော်လည်း မောင်မင်းမောင်က သံသယ မရှိသကဲ့သို့ နေထိုင်ခဲ့သည်။

မောင်ညွှန့်တင်သည် သီဟိုဠ်သို့ဘုရားဖူးသွားမည်ဆိုကာ သင်္ဘော၌ အခန်းတစ်ခန်း တွင် လူနှစ်ဦးစာ လက်မှတ် ဖြတ်ထားသည်။ မောင်မင်းမောင်အား အသိပေးသော်လည်း အလေးမထားခဲ့ပေ။ ဝတ္ထုတိုတွင် ဇာတ်တက်ပိုင်း၏ သဘောမှာ ဇာတ်ထွတ်ပိုင်းဆီသို့ ရောက်အောင် တစ်ရှိန်ထိုး အလျင်အမြန် ရွေ့လျားရသည်။ ထိုသဘောနှင့်အညီ ဇာတ်တက် ပိုင်းအရှိန်ကို ပိုမို မြင့်တင်သည့် အနေနှင့် မောင်မင်းမောင်၏အိမ်တွင် ဂါးဒင်းပါတီပွဲ ကျင်းပ မည်ဟု ဆိုသည်။ စာရေးသူ ရွှေဥဒေါင်းကိုလည်း ဖိတ်ကြားခဲ့သည်။ စာရေးသူက ထိုပွဲတွင် သူ၏ အမြင်အတိုင်း တင်ပြခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဂါးဒင်းပါတီပွဲ၌ သေနတ်ပစ်ပွဲ ပါသည်။ ထိုသေနတ်ပစ်ပွဲတွင် အမျိုးသမီးများ ပစ်ရန် မောင်မင်းမောင်၏ သေနတ်အငယ်စား ခြောက်လုံးပြူးကို ထားသည်။ ယောကျ်ားများ ပစ်ရန်အတွက် မေဂျာသွန်မဆင်၏ သေနတ်ကို ထားသည်။ မောင်ညွန့်တင် မဲကျသည့် နံပါတ်စဉ်မှာ ၆ ဖြစ်သည်။ မောင်မင်းမောင်၏ အလှည့်တွင် မောင်ညွန့်တင်၏ လက်ထဲမှ သေနတ်ကို ယူသည်။ ထိုသေနတ်သည် ခြောက်ချက် ပစ်ထားပြီး ဖြစ်သောကြောင့် မိတ်ဆွေများက ယမ်းတောင့်အသစ်ထိုးရန် သတိပေးခဲ့ကြသည်။ မောင်မင်းမောင်သည် ယမ်းတောင့်အသစ်ထိုးမည်ပြုရင်း မောင်ညွန့်တင်အား နောက်ပြောင်သည့် အမူအရာနှင့် ချိန်လိုက်စဉ် ဒိုင်းခနဲ မြည်၍ မောင်ညွန့်တင် သေဆုံးသွားသည်။ ထိုအပိုင်းသည် ဇာတ်ထွတ်ပိုင်း ဖြစ်သည်။ စာဖတ်သူအနေနှင့် မောင်မင်းမောင်နှင့် မောင်ညွန့်တင် အကြောင်းကို စာရေးသူနှင့် ဝတ်လုံဦးဘစီတို့ စတင် ပြောဆိုချိန်မှစ၍ မည်သို့ ဆက်၍ ဖြစ်မည်၊ မည်သူ အနိုင်ရမည်ကို သိလိုဇောထက်သန်နေကြသည်။ ဇာတ်လမ်းအလှည့်အပြောင်း ပြုလိုက်ခြင်းဖြင့် ဇာတ်ရှိန်ကို ပို၍ မြင့်မားစေမည်။ ထိုဖြစ်ရပ်ကို ထည့်သွင်းလိုက်ခြင်းဖြင့် စာဖတ်သူ သိလိုစိတ် အရှိန်သည် တဖြည်းဖြည်း ဇာတ်လမ်းအရှိန်နှင့်အတူ လိုက်ပါ မြင့်မားလာရသည်။

ဇာတ်ထွတ်ပိုင်းတွင် စာရေးသူက မမျှော်လင့်ဘဲ မောင်ညွန့်တင်အား သေစေလိုက်ခြင်းဖြင့် ဇာတ်လမ်းသည် အလှည့်အပြောင်း ဖြစ်သွားသည်။ ထိုအပိုင်း၌ ဖြစ်ပျက်ပုံကို ရှင်းလင်းတင်ပြရမည် ဖြစ်သည်။ ဇာတ်ထွတ်ပိုင်း သည် ဇာတ်တက်ပိုင်း တစ်လျှောက်လုံးတွင် ပါဝင်နေသော ဖြစ်ရပ်များထဲမှ မြုပ်ကွက်များကို ပြန်လည် ဖော်ထုတ်ရမည် ဖြစ်သည်။ လှည့်ကွက်ပြုလိုသော အကြောင်းကိုလည်း ဖော်ပြရမည် ဖြစ်သည်။

မေဂျာ သွန်မဆင်၏ သေနတ်မှာ ရိုးရိုးသေနတ် မဟုတ်၊ ယမ်းတောင့်ခုနစ်တောင့် ထိုးရသော ရှေးကျသော ခြောက်လုံးပြူးသေနတ်ဖြစ်သည်။ ထိုညက မေဂျာသွန်မဆင်သည် ခရီးထွက်စရာ ရှိ၍ သေနတ်အကြောင်းကို မောင်မင်းမောင်အား ပြောထားခဲ့သည်။

ထိုအဖြစ်အပျက်များ မတိုင်မီတွင် မောင်မင်းမောင်သည် မိမိဇနီးသည်၏ ဖောက်ပြန်မှုကို ကြားသိရာမှ စိတ်ကယောက်ကယက် ဖြစ်နေခဲ့သည်။ ဇာတ်တက်ပိုင်းတွင် ဖြစ်ပျက်ခဲ့သော မောင်မင်းမောင်၏ အမူအရာများကို စာရေးသူ၏ ရှုထောင့်မှ နေ၍ တင်ပြထားသည်။ ထိုအချိန်မှစ၍ မောင်မင်းမောင်၌ အမူအရာ ပြောင်းလဲလျက် ရှိခြင်းကို မိတ်ဆွေများ သတိပြုမိကြသည်။ တရားဝန်ကြီးများ၏ တင်းနစ်ရိုက်ပွဲတို့၌ အမြဲတမ်း ဗိုလ်စွဲလာခဲ့သော မောင်မင်းမောင်သည် ဘောလုံးကိုတောင်ရိုက် မြောက်ရိုက် ရိုက်နေသည်ဟု လည်းကောင်း၊ ပထမတန်း ကျားကစားတတ်သူ ဖြစ်လျက် ကျားကို တောင်ရွှေ့ မြောက်ရွှေ့ ရွှေ့နေသည်ဟု လည်းကောင်း၊ ဘိလိယက်ချန်ပီယံလုပွဲ၌ ရှေးဦးစွာ ပြုတ်ကျသွားသည် ဟူ၍ လည်းကောင်း လူတိုင်းက ပြော၍ လူတိုင်းက အံ့ဩလျက်ရှိရာ ဓာတ်သိလူများက ဦးခေါင်း ယမ်းကာ ဆိတ်ဆိတ်နေတတ်ကြသည်ဟု ဖော်ပြထားသည်။

မောင်မင်းမောင်၏ စိတ်အခြေအနေကို ကြိုတင် ဖော်ပြခြင်းဖြင့် သေနတ်ပစ်မှု ဖြစ်ပေါ်လာသောအခါ မောင်မင်းမောင်၏ စိတ်အခြေအနေ ကစဉ့်ကလျား ဖြစ်နေသည့်

mgyoe.com

mgyoe.com SAMPLE BOOK

သဘော၊ သတိလက်လွတ် ဖြစ်နေသည့် သဘောများကို မိတ်ဆွေအားလုံးက သက်သေခံရန် အသင့်ရှိနေကြသည်။ မိတ်ဆွေများ၏ သက်သေခံမှုကြောင့် မောင်မင်းမောင်ကို တရားသေလွှတ်လိုက်ရသည်။ ထိုနည်းဖြင့် ဇာတ်ထွတ်ပိုင်းတွင် ပရိသတ်တို့သည် မောင်ညွှန့်တင်နှင့် မောင်မင်းမောင်တို့၏ လူလည်နှင့်လူအတို့ အနိုင်၊ အရှုံးပြိုင်ပွဲ၌ လူအက အနိုင်ရသွားသည်ကို အံ့သြတကြီး သိလိုက်ရပြီးလျှင် နှစ်သက်ခြင်းကိုလည်း ခံစားကြရသည်။ နှစ်သက်ခြင်းမှတစ်ဆင့် ရိုးသားသူ အနိုင်ရသည့် အတွက် ရိုးသားခြင်း၏တန်ဖိုး၊ ယုတ်မာကောက်ကျစ်ခြင်း၏ ဆိုးကျိုးများကို ဘဝအသိအဖြစ် ရရှိလိုက်ကြသည်။

သို့ရာတွင် ဆရာကြီးရွှေဥဒေါင်းသည် ဝတ္ထုဇာတ်လမ်းများကို ဖန်တီးရာတွင်လည်းကောင်း၊ ဝတ္ထုမှ ပေးသော ဘဝအသိ ကို တင်ပြရာ၌ လည်းကောင်း အလွန် ကျွမ်းကျင်သူဖြစ်သည်။ ပရိသတ်တို့ ကျေနပ်ပြီး ဖြစ်သော်လည်း ဝတ္ထု၏ အဖွင့်တွင် မျိုးရိုးဗီဇနှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည့် အကြောင်း ကို ဇာတ်သိမ်း၌ ဆွေးနွေးသူ အချင်းချင်း ပြောဆိုကြရာတွင်–

"ဘယ့်နှယ်လဲဗျ ဦးဘစိ၊ အဖေပါးရင် သားထူတတ်တယ်လို့ ခင်ဗျား ပြောပြောနေတာ မောင်မင်းမောင်ကိစ္စမှာ ဘယ့်နှယ် နေသလဲဗျ"

"ဟုတ်ပ့ါဗျာ၊ တကယ်ပါးပြီဆိုမှဖြင့် ထူချင်ယောင်ဆောင်လို့လည်း ဖြစ်ပေတာ ပေါ့ဗျာ"

ဟု ပြောဆိုခဲ့ပါသည်။

ဇာတ်ဆင်းပိုင်းတွင် စာရေးသူက စာဖတ်သူတို့အား မျိုးရိုးဗီဇနှင့် ပတ်သက်သည့် အတွေးတစ်ခုကို ဖြည့်စွက်ပေးလိုက်ခြင်း ဖြစ်သည်။ ထိုဖြည့်စွက်ချက်အရ မောင်မင်းမောင်သည် ဖခင်ဦးအောင်ကျော်ကဲ့သို့ မျိုးရိုးဗီဇလိုက်ပြီး ပါးနပ်သူ ဖြစ်သည်။ ပါးနပ်လွန်းသည့် အတွက် သူ၏ ပါးနပ်ခြင်းကို မည်သူမျှ မရိပ်မိခြင်း ဖြစ်သည်ဟု တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

ဇာတ်ဆင်းပိုင်းတွင် စာဖတ်သူတို့သည် ဘဝအသိတစ်ခုကို ရလိုက်သည်နှင့်အမျှ တွေးစရာများကိုလည်း ရလိုက်သည်ဟု ထင်မြင်မိပါသည်။ ထိုဝတ္ထုကို ကြည့်လျှင် ဇာတ်ပျိုးပိုင်းမှစ၍ စာဖတ်သူ၏ စိတ်ကို စဉ်ဆက်မပြတ် သိလိုစိတ် ထက်သန်နေအောင် ဖန်တီးတင်ပြထားသည့် ဇာတ်လမ်းဆင်မှု အတတ်ပညာသဘောကို တွေ့ရပါသည်။

## ဇာတ်တက်ပိုင်းနှင့် အားပြိုင်မှု

ဇာတ်လမ်းဖန်တီးမှု သဘောကိုပင် ဆရာဇော်ဂျီက–

'ဆက်လက်၍ ဇာတ်လမ်းအရှိန်ကို မြင့်တက်စေရန်အတွက် ဝတ္ထုရေးသူသည် အတတ်ပညာဖြင့် ဖန်တီးလေ့ ရှိသည်။ ဇာတ်တက်ပိုင်းတွင် အဖြစ်အပျက်များကိုလည်းကောင်း၊ ဇာတ်ဆောင်များကို လည်းကောင်း၊ ဆန့်ကျင်ဘက် အင်အားစုနှစ်ခုအဖြစ်

mgyoe.com

mgyoe.com SAMPLE BOOK

ဖန်တီးလျက် အားပြိုင်မှုများကို ဖြစ်ပေါ်စေသည်။ အဖြစ်အပျက် အသစ်များဖြင့် ဇာတ်ဆောင်များ၏ အမူအရာအသစ်များ ဖြစ်ပေါ်လာပုံတို့ကို နိမိတ်ပြကွက်၊ မြှုပ်ကွက် စသည်တို့ဖြင့် ဖန်တီး ရေးဖွဲ့ထားသည်။ စာဖတ်သူ၏ သိလိုစိတ်များ ရှင်သန်လာစေရန်၊ ဇာတ်လမ်းကောင်းတစ်ပုဒ် ဖြစ်ရန်အတွက် စာရေးသူသည် ခံစားမှုကို အရင်းခံ၍ စေတနာ ရည်ရွယ်ချက်ကို မွေးဖွားလာစေသည်။ ထိုစေတနာ ရည်ရွယ်ချက်ကို အရင်းတည်၍ မိမိတင်ပြလိုသည့် အဖြစ်အပျက်များကို တစ်ကွက်ပြီး တစ်ကွက် တစ်ခုပြီး၊ တစ်ခု ကြောင်းကျိုးဆက်စပ်ကာ အချိတ်အဆက်မိမိ ရေးသားတင်ပြရခြင်းဖြစ်သည်"[၁] ဟု နားလည်ရပါသည်။

ဇာတ်လမ်းသည် စာဖတ်သူ၏ နှလုံးသားနှင့်သာမက ဆင်ခြင်ဉာဏ်နှင့်ပါ လက်ခံနိုင်ရန် လိုသည်။ အသင့်ယုတ္တိ မရှိသော ဇာတ်လမ်းကို စာဖတ်သူတို့က ယုံကြည် လက်ခံမည်မဟုတ်။ အနုပညာ၏ သဘောတွင် ပရိသတ်၏ တုံ့ပြန်လက်ခံမှု၊ အနုပညာမြောက်၊ မမြောက်ဆိုသည့် ပေတံကို တိုင်းတာရာ၌ အရေးပါသည်။ ဇာတ်လမ်းအပေါ်တွင် စိတ်ဝင်စားစေရန် ရေးနည်းသုံးမျိုးဖြင့် ရေးဖွဲ့လေ့ ရှိသည်ဟုလည်း ဆိုကြသည်။ အားပြိုင်မှု၊ အကြောင်းဆက်၊ အသေးစိတ် ခြယ်မှုန်းနည်းတို့ ဖြစ်ပါသည်။

၁။ အားပြိုင်မှုနည်းတွင် ဇာတ်ဆောင်အချင်းချင်း အားပြိုင်မှု၊ ဇာတ်ဆောင်နှင့် ဆန့်ကျင်ဇာတ်ဆောင် အားပြိုင်မှု၊ ဇာတ်ဆောင်နှင့်ပတ်ဝန်းကျင် လူ့အဖွဲ့အစည်း အားပြိုင်မှု၊ ဇာတ်ကောင်နှင့် အတွင်းစိတ်ချင်း အားပြိုင်မှု၊ ဇာတ်ကောင်နှင့် သဘာဝ အားပြိုင်မှု၊ ဇာတ်ကောင်နှင့် ကံကြမ္မာ အားပြိုင်မှုတို့ ဖြစ်ပါသည်။

၂။ အကြောင်းဆက်နည်းသည် ဝတ္ထုတို၌ ဇာတ်လမ်း ပါရှိရမည်။ ထိုဇာတ်လမ်းမှ အဖြစ်အပျက်များကို အကြောင်း၊ အကျိုး သဘာဝကျကာ အကြောင်း၊ အကျိုးသင့်အောင် ဆက်စပ်ရေးသား တင်ပြခြင်း ဖြစ်သည်။ အကြောင်းဆက်နည်းတွင် နိမိတ်ပြကွက်သုံးခြင်း၊ သင်္ကေတမြှုပ်ကွက် ဖန်တီးနည်းဟု နှစ်မျိုး ထပ်ခွဲနိုင်သည်။

၃။ အသေးစိတ် ခြယ်မှုန်းနည်းသည် ဝတ္ထုတို၌ ဇာတ်လမ်း၊ ဇာတ်ကွက်၊ ဖြစ်ရပ်ဖြစ်စဉ် အခြေအနေတို့ကို သရုပ်ပေါ်အောင်၊ ယုတ္တိတန်အောင် အကြောင်းအရာ အချက်အလက်တို့ကို အသေးစိတ် ရေးဖွဲ့ခြင်း ဖြစ်သည်။ အနုစိတ် ခြယ်မှုန်းရေးဖွဲ့ခြင်းဟုလည်း ဆိုသည်။ ဝတ္ထုတို ဖန်တီးရာတွင် ဇာတ်လမ်း အစ၊ အလယ်၊ အဆုံး ညီညွတ်ရမည်။ အားပြိုင်မှုများ၊ မြှုပ်ကွက်များ၊ လှည့်ကွက်များ၊ နိမိတ်ပြကွက်များကို အသုံးချကာ ဇာတ်လမ်း၏ သွင်ပြင်လက္ခဏာများကို ဖန်တီးခြင်းဖြင့် စာဖတ်သူ၏စိတ်ကို ဆွဲဆောင် နိုင်သော ဖန်တီးမှုများ ဖြစ်လာနိုင်ပါသည်။

ဇာတ်လမ်း ဖန်တီးမှုနှင့် ပတ်သက်၍ ရပ်စ်ဟေး(Rust Hills)က 'ဝတ္ထုတို ရေးသားခြင်း' စာအုပ်တွင်–

'ဇာတ်လမ်းအလယ် (သို့) ရှုပ်ထွေးမှုအပိုင်း၌ ဇာတ်လမ်းပါ ဒုက္ခအားလုံးကို တင်ပြသည်။ ဇာတ်လမ်းဖြစ်ရပ်များကို ဒုက္ခအဖြစ် အနုစိတ် ချဲ့ကား တင်ပြရမည်။ သီအိုရီ

---

၁။ ဇော်ဂျီ၊ ၁၉၉၄၊ ၁၉၄ ။

mgyoe.com

mgyoe.com SAMPLE BOOK

အရဆိုလျှင် ဇာတ်ကွက်ဆန်ဆန် သိပ်သည်းကျစ်လျစ်စွာဖြင့် အကျပ်အတည်းများကို တွေ့ကြုံစေပြီး ဇာတ်ထွတ်သို့ ရောက်သည့်တိုင် ဇာတ်ရှိန်ကို မြှင့်ယူသည်။ ဇာတ်ထွတ်ပိုင်းကို အမျိုးမျိုး ခွဲခြား ခေါ်ဝေါ်သည်။ ဇာတ်လမ်း အလှည့်အပြောင်း (သို့) ယင်းနေရာသည် ဇာတ်လမ်းအလယ်၏ အဆုံး၊ ဇာတ်သိမ်း၏ အစသာ ဖြစ်သည်'[၁]

ဟု တင်ပြထားပါသည်။

ဇာတ်လမ်း အလယ် (သို့) ရှုပ်ထွေးမှုအပိုင်း ဆိုသည်မှာ ဇာတ်တက်ပိုင်းကို ဆိုလိုခြင်း ဖြစ်သည်။ ဇာတ်ပျိုးပိုင်း ပြီးလျှင် ဇာတ်တက်ပိုင်းဖြင့် စိတ်အာရုံကို ကြာရှည် ဖမ်းစားနိုင်ရန်အတွက် ဖြစ်ရပ်များသည် ရှုပ်ထွေးလာရမည်။ ဖြစ်ရပ်များထဲတွင် ဇာတ်ဆောင်သည် အခက်အခဲနှင့် ရင်ဆိုင်ရမည်။ ထိုအခက်အခဲများကို အနုစိတ် ချဲ့ကား တင်ပြရမည်။ ထိုနည်းစနစ်သည် ဇာတ်တက်ပိုင်းတွင် သုံးရသော နည်းစနစ်များ ဖြစ်သည်။

အထက် ဖော်ပြပါ အဆိုအမိန့်ကို မာန်(တောင်လုံးပြန်)၏ 'ဟန်ကြီးသူ' ဝတ္ထုဖြင့် ရှင်းလင်း တင်ပြပါမည်။ ဟန်ကြီးသူ ဝတ္ထု၏ ရည်ရွယ်ချက်မှာ အချို့သော သူများသည် ဆင်းရဲသော လူတန်းစားဘဝမှ လာသော်လည်း အသင့်အတင့် အခြေတကျ ဖြစ်လာသော အခါတွင် မူလဘဝထက် အလွန် ကြီးကျယ်ခမ်းနားသော ဘဝကို ပိုင်ဆိုင်လာသည်ဟု ထင်မြင်လာကြသည်။ ပတ်ဝန်းကျင်၏ အမြင်တွင် အထက်တန်းလွှာလူတန်းစားဟု အထင် အမြင်ခံရအောင် ဟန်ရေးတပြပြ လုပ်ကြသည်။ ထိုသဘောကို တင်ပြရာ၌ စာရေးသူက အဓိက ဇာတ်ဆောင်အဖြစ် ကျေးလက်တောရွာလေး တစ်ရွာတွင် အလွန် ဆင်းရဲသော ဘဝမှ ကျောင်းဆရာ ကတော်လေးတစ်ဦး ဖြစ်လာသော မိခိုင်(သို့)ဆရာကတော် ဆိုသည့် ဇာတ်ဆောင် ဖြင့် တင်ပြထားပါသည်။ ထိုဇာတ်လမ်းကို မိခိုင်နှင့်အတူ ဆင်းရဲသော ဘဝမှ ဆရာ၏တပည့်အဖြစ် ရပ်တည်နေသော မောင်ဇော် ဆိုသည့် အရံဇာတ်ဆောင်မှတစ်ဆင့် ဇာတ်ကြောင်း ပြောထားသည်ကို တွေ့ရသည်။ ကျေးရွာတစ်ခုသို့ အလှူသွားရာမှ အပြန်တွင် ကားထဲ၌ ဟန်ရေးပြနေသော မိခိုင် ခေါ် ဆရာကတော်၏ လှုပ်ရှားမှု အမူအရာအမျိုးမျိုးကို ဇာတ်တက်ပိုင်းတွင် တင်ပြထားသည်။ ဇာတ်လမ်းအလယ်(သို့) ဇာတ်တက်ပိုင်းသည် ရှုပ်ထွေးလှသည့် အပိုင်းဖြစ်၍ ဟန်ကြီးသူ ဝတ္ထုတွင်မူ မိခိုင်၏ ပတ်ဝန်းကျင်က အထင်ကြီးခံရအောင် ကားပေါ်၌ ဟန်ရေးပြနေပုံဖြစ်ရပ်များကို ဆက်တိုက်ဖော်ပြပြီး ဇာတ်လမ်းကိုရှုပ်ထွေးစေသည်။ ဇာတ်ဆောင် အသားပေးဝတ္ထုဖြစ်၍ ဇာတ်လမ်းဖြစ်ရပ် ရှုပ်ထွေးမှုထက် ဇာတ်ဆောင်၏ ဟန်ရေးပြ စရိုက်ပြကွက်များကို ဦးစားပေး တင်ပြသည်။ ထိုမိခိုင်၏ ဟန်ရေးပြနေသော အကြွားအဝါ အမူအရာများသည်သာ ဇာတ်လမ်းဖြစ်နေသည့်အတွက် မိခိုင်၏ လှုပ်ရှားမှုကို ဖော်ပြသည့် ဇာတ်ကွက်များကို စာရေးသူက အနုစိတ် ခြယ်မှုန်းပြထားသည်။ ပုံကြီး ချဲ့၍ တင်ပြထားသည်။

ဇာတ်လမ်းအဖွင့်တွင် ဇာတ်ကြောင်းပြောသူ မောင်ဇော်က–

"ပြောရရင် ကျွန်တော့်ဆရာကတော်က အတော်ကို ဟန်ကြီးတဲ့ မိန်းမပဲဗျ၊ ဘယ်လောက်တောင် ဟန်ကြီးသလဲ ဆိုရင် မိကျောင်းကို သရဖူဆောင်းပေးထားသလိုပဲ၊

၁။ Hills, 1977 , 96 .

mgyoe.com

mgyoe.com SAMPLE BOOK

ဒါပေမဲ့ ဆရာကတော် ဖြစ်နေတော့ ကျွန်တော်လည်း ဆရာ့နည်းတူ သည်းခံရတာပဲ၊ သူ ဟန်ကြီးပုံကြီးနည်းတွေက သူများကတော်တွေထက် အကဲပိုလွန်းတာကို တွေ့တော့ ကျွန်တော် ခံပြင်းမိတယ်"၁

ဟု ဖော်ပြထားပါသည်။

အခြား ဇာတ်ဆောင်၏ အမြင်မှတစ်ဆင့် အဓိကဇာတ်ဆောင်ကို တင်ပြပြီး စာဖတ်သူတို့နှင့် မိတ်ဆက်ပေးခြင်း ဖြစ်သည်။ ဆရာ၊ ဆရာကတော်နှင့် မောင်ဇော်။ ခွေးတစ်ကောင်နှင့်အတူ ခရမ်းအလှူသို့လာခဲ့ခြင်း ဖြစ်သည်။ ဆရာကတော်၏ ဆန္ဒအရ မနက် လေးနာရီခွဲတွင် ခရမ်းမှ ရန်ကုန်သို့ ပြန်ရန် ကားပေါ်သို့ ရောက်ရှိနေသည်။ ဆရာကတော်သည် မိမိကိုယ်ကို အထက်တန်းလွှာဟု ထင်စေရန်အတွက် သွားလေရာတွင် ခွေးတစ်ကောင်ကို ပါစေပြီး ခမ်းကြီးနားကြီး သွားလာလေ့ ရှိသည်။ ဇာတ်တက်ပိုင်း ဖြစ်သည့် အလျောက် ဆရာကတော်၏ ဟန်ကြီးသည့် အမူအရာများကို ပုံကြီးချဲ့သည်။

"တောက်၊ အဲဒီနေ့ကျမှ ရွာလိုက်တဲ့မိုးဟာ သမုဒ္ဒရာကြီး ခေါင်းပေါ်ရောက်နေသလား မှတ်ရတယ်၊ လူနှစ်ယောက် အထုပ်အပိုးက သုံးထုပ်၊ ခွေးခြင်းက တစ်ခြင်း၊ ခွေးစားခွက်သောက်ခွက်၊ ကိရိယာတန်ဆာပလာက တစ်သွယ်။ အဲဒါတွေနဲ့ မိုးထဲလေထဲမှာ ကျွန်တော် ဖြစ်နေပုံများ မြင်ကြည့်ပါဦး၊ မယ်မင်းကြီးမကတော့ မရမက ရှာငှားလိုက်တဲ့ ဆိုက်ကားပေါ်မှာ အကြော့သား"၂

ဟု ရေးဖွဲ့ထားသည်။

မှန်လုံကားပေါ်သို့ ရောက်သောအခါ မောင်ဇော်သည် ပစ္စည်းထုပ်များကို နေရာချရသည်။ ခွေးကို ရေသုတ်ပေးရသည်။ ဆရာကတော့် ရင်ခွင်ထဲသို့ ခွေးကို အပ်ရသည်။ ဆရာကတော်သည် အနီရောင်ပါးပါးအင်္ကျီကို ဝတ်၍ ကားပေါ်၌ ရှိုးပြချင်သည်။ ထို့အတွက် လှုပ်ရှားဟန်ကို မောင်ဇော်၏ အပြောဖြင့်–

"သူဝတ်လာတဲ့ မိုးကာအင်္ကျီလေးကိုချွတ်၊ အထဲက အနီရောင်ပါးပါးအင်္ကျီလေးနဲ့ ဆရာ့ကိုမှီပြီး ခေါင်းမူးလို့ ရှူဆေးရှူနေတယ်၊ ကျွန်တော် သိလိုက်ပြီ၊ လက်စသတ်တော့ ဒီအင်္ကျီနီနီလေးကို ဝတ်ချင်လို့ အပိုင်တော်ကြံတာကိုး၊ ကျွန်တော် တက်လာတာ မြင်တော့ မျက်လုံးလေး ထောင့်ကပ်ပြီး အင်္ကျီကော်လာကို ကိုင်ပြီး အိုက်စပ်စပ်နဲ့နေ့ော်လို့ ညည်းရှာတယ်၊ ဒီအင်္ကျီပါးပါးလေးကို သူဝတ်ချင်နေတာ ကြာပြီ၊ မြို့မှာကျတော့ ဆရာ့ရဲ့အရှိန်အဝါ ဂုဏ်သိက္ခာအရ ဝတ်ဖို့ မသင့်လျော်ဘူး၊ ဆရာက အသက် ကိုးနှစ်ကြီးတာက တစ်ကြောင်း၊ ရုံးပြင်ကနား သွားတဲ့အခါ လည်ကတုံးနဲ့ တိုက်ပုံနဲ့ သွားနေလာနေရတာက တစ်ကြောင်း၊ သာရေးနာရေး၊ လူမှုရေးကိစ္စတွေမှာ လူကြီးခန်းက ဆင်နွှဲနေရတာက တစ်ကြောင်း ဆိုတော့ အင်္ကျီနီနီလေးဟာ လက်ဆောင်ပေးသူရဲ့ စေတနာကို မသုံးဆောင်နိုင်ဘဲ ဖြစ်နေတာကိုး"၃

---

၁။ မာန်၊ (တောင်လုံးပြန်)၊ ၂၀၁၀၊ ၄၈ ။

၂။ မာန်၊ (တောင်လုံးပြန်)၊ ၂၀၁၀၊ ၄၈ ။

၃။ မာန်၊ (တောင်လုံးပြန်)၊ ၂၀၁၀၊ ၄၈ ။

mgyoe.com